www.burmeseclassic.com

# မင်းပြတ်သူရ

ဂမ္ဘီရမျက်လုံးပိုင်ရှင်




www.burmeseclassic.com

www.burmeseclassic.com

# မင်းမြတ်သူရ

## ဂမ္ဘီရမျက်လုံးပိုင်ရှင်

စာမူခွင့်ပြုချက်အမှတ်
၅၀၀၀၆၅၀၁၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၄၀၄၀၄၁၀

၂၀၁၀ ခုနှစ်၊ ဇူလိုင်လ
ပထမအကြိမ်

တန်ဖိုး
၁၀၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင်(၀၃၈၈၇)စေတနာစာပေ
အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃)စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

၈၉၅.၈၃

မင်းမြတ်သူရ
ဂမ္ဘီရမျက်လုံးပိုင်ရှင်/မင်းမြတ်သူရ၊-ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၀။
၂၇၂- စာ၊ ၁၂×၁၈ စင်တီ။
(၁) ဂမ္ဘီရမျက်လုံးပိုင်ရှင်

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး

**လူမှုရေးဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသား ရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

မောင်ကျော်လှိုင်
စေတနာစာပေမှ
စီစဉ်ထုတ်ဝေသည်။

# မင်းမြတ်သူရ

## ဂမ္ဘီရမျှော်လုံးပိုင်ရှင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

တောင်ပြုန်းပွဲတော်ကြီး၏ ပူပြင်းသောနေရောင်အောက်၌ လုလင်ယိတစ်ဦးသည် လေးလံလှသော တောင်ကြီးတစ်လုံးကိုထမ်း၍ သွားလာနေလေ၏။

လုလင်ယိသည် များပြားလှသော လူအုပ်ကြီးအတွင်း တောင်းကြီးကို ပင်ပန်းကြီးစွာထမ်း၍ သွားလာနေရာမှ အရှေ့မှ လမ်းဝိတ်၍ လျှောက်နေသော မိန်းမလျာတစ်ဦးကို ရှောင်တိမ်းပြီး

"မိန်းမလျာတွေကြောင့်တော့ ခက်ပါပြီ၊ ဒါပေမဲ့ တောင်ပြုန်းပွဲကို မိန်းမလျာတွေရဲ့ ပွဲလို့ ဆိုရလောက်အောင်ဖြစ်နေပြီ၊ ဟိုတုန်းက ဆိုရင် မိန်းမလျာတွေ ဒီလောက်မများသေးပါဘူး၊ အခုတော့ ကြည့်လေရာ မြင်လေရာ မိန်းမလျာတွေချည်းပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရေရွတ်နေမိလေ၏။

လူငယ်၏တောင်းကြီးအတွင်း ကန်တော့ပွဲအတွက် လိုအပ်သော အုန်းသီး၊ ငှက်ပျောသီးနှင့် အမွေးတိုင် စသော ပစ္စည်းများ ပါဝင်၏။

လူငယ်သည် တောင်းကြီးကိုထမ်း၍ တရွေ့ရွေ့ သွားလာနေလေ၏။

တောင်ပြုန်းပွဲတော်က ကာလသားများသည် အစဉ်အလာအတိုင်း မိန်းမများကို ကြီးကြီးငယ်ငယ် အရွယ်မရွေးဘဲ နောက်ပြောင်ကျီစယ်နေကြ၏။

ထိုသို့နောက်ပြောင်သော်လည်း မိန်းမများသည် ဒေါသထွက်ဟန်မရှိဘဲ အလိုက်သင့် ပြန်လည်နောက်ပြောင်နေကြ၏။

ပွဲတော်၌ လူပျိုကာလသားများသာမက သက်ကြားအို အရွယ်လူကြီးတစ်ဦးက သမီးအရွယ် မိန်းမပျိုလေးကို စပ်ဖြီးဖြီး ကြည့်၍

"နမလေးရေ… ဒီနေ့သ အိမ်ပြန်မအိပ်ဘူးနော်"

ဟု နောက်ပြောင်လေ၏။ မျက်နှာပြောင်ဟန်ရှိသော မိန်းမပျိုက





နှုတ်ခမ်းကိုမဲ့၍

"ရှင်ကြီးအိပ်လည်း အိမ်မှာအိပ်မဲ့လူမပြတ်ဘူး အဘိုးရေ"

ဟု ပြန်လည်နောက်ပြောင်လေရာ လူစုလူဝေးကြီးသည် သဘောကျဟန်ဖြင့် တဝါးဝါး ရယ်မောကြလေ၏။

တစ်နေရာ၌ အခြားသော ကာလသားလူငယ်တစ်ဦးက အရက်ပုလင်းကိုမော့၍ အမေအရွယ် မိန်းမကြီးအား

"ယောက္ခမကြီး… ခင်ဗျားသမီး ဘယ်မှာထားခဲ့လဲ"

ဟု နောက်ပြောင်လေရာ မိန်းမကြီးက ရယ်မော၍

"ဟဲ့ကောင်လေး… ငါက အပျိုကြီးဟဲ့၊ သမီးမရှိဘူး၊ လိုချင်ရင် ငါ့ကိုလာယူလှည့်၊ တင်တောင်းစရာမလိုဘူး"

ဟု ပြောလေရာ လူအုပ်ကြီးသည် သဘောကျဟန်ဖြင့် ရယ်မော ကြပြန်၏။

လူငယ်သည် အပျော်လွန်နေသော လူအုပ်ကြီးကို အတင်းတိုးဝှေ့၍ ထွက်ခဲ့လေ၏။

အတန်ကြာအောင် လျှောက်လှမ်းပြီးသောအခါ ပွဲဈေးတန်း



www.burmeseclassic.com

www.burmeseclassic.com



ထို့ ဆွမ်းကြော်ပြီး ကျောင်းပြန်ရွာအတွင်းသို့ ရောက်သွားလေ၏။

ရွာအတွင်းရှိ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးရှိရာ မြဲဝင်းထဲသို့ ရောက်သည်နှင့် မိန်းမလျာတစ်စုသည် လူငယ်ကို မြင်တွေ့သွားပြီး လှုပ်လှုပ်ရွရွဖြစ်ကာ

" ဘိုးစံ ပြန်လာပြီ၊ ငါတို့အတွက် ဘာတွေပါသလဲ၊ ဝိုင်းလုကြရအောင်ဟေ့ "

ဟု ဆိုကာ ဘိုးစံဆိုသော လူငယ်ထံသို့ မိန်းမလျာများ ပြေးလွှားသွားလေ၏။

လူငယ်သည် မိမိထံသို့ ဝိုင်းဝန်းလုယက်ရန် ရောက်ရှိလာသော မိန်းမလျာများကိုကြည့်၍ မျက်လုံးပြူးသွားပြီး

" ဟေ့လူတွေ… မလုပ်နဲ့နော်၊ တောင်းထဲက ပစ္စည်းတွေ ကျကွဲလို့ ကျုပ်ကို ညမွေးပန်းကြီး ဆုခံရမယ် "

ဟု တားဆီးလေ၏။

သို့သော် မိန်းမအစစ်များထက်ပင် ဗိုက်ကဲသော မိန်းမလျာတစ်စုသည် ဘိုးစံ၏တောင်းကို မြေပေါ်သို့ရှာဘူကာချ၍ ဘိုးစံကို ပွေ့ဖက်





သူက ပွေ့ဖက်ဖြင့် ပြုလုပ်ကြလေ၏။

မိန်းမလျာများအနက် အသဲဆုံး၊ အကဲဆုံး လှလှမိုးဆိုသူက ဘိုးစံ၏ပါးကို ရှုတ်ခနဲမြည်အောင်ပင် နမ်းရှုံ့လိုက်သေး၏။

ထိုအခါ ကျန်သောမိန်းမလျာများက သဘောကျစွာဖြင့် ဝိုင်းဝန်းသြဘာပေးကြလေ၏။

ဘိုးစံသည် မိန်းမလျာလှလှမိုး၏ အပြုအမူကြောင့် ခေါ သုပ်မှုန်ထသွားပြီး

" မိန်းမလျာစုတ်ကြီး၊ ခင်ဗျားကြီး လွန်ပြီ "

ဟု အော်ဟစ်ကာ မိန်းမလျာ၏ရင်ဘတ်အား ဆောင့်တွန်းလိုက်ရာ မိန်းမလျာသည်

" အမလေး… သေပါပြီတော် "

ဟု အော်ဟစ်ပြီး မြေပေါ်သို့ ဖင်ထိုင်လျက် လဲကျသွားလေ၏။

ထိုအခိုက်မှာပင် ပျဉ်ထောင်အိမ်ကြီး၏ အပေါ်ထပ်မှ

" ဘိုးစံ တော်စမ်း၊ မမိုက်ရိုင်းနဲ့ "

ဟူသော အသံကိုကြားရ၍ မော့ကြည့်လိုက်ရာ နံထပ်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီး၏ ဝရန်တာ၌ ကြိမ်ကုလားထိုင်ကြီးချ၍ ခန့်ခန့်ကြီးထိုင်နေသော အသက်ငါးဆယ်ဝန်းကျင် မိန်းမလျာကြီးတစ်ဦးကို မြင်ရလေ၏။

ထိုမိန်းမလျာကြီးသည် တောင်ပြုန်းရွာစာတို ညမွှေးပန်းဆိုသော မိန်းမလျာကြီးပင်ဖြစ်၏။

ညမွှေးပန်းသည် ကြိမ်ကုလားထိုင်ပေါ်မှ ဝုန်းခနဲထရပ်၍ ဘိုးစံကို မကျေမချမ်းကြည့်ကာ

" မိန်းမလျာတွေကို စော်ကားတဲ့စကားမပြောနဲ့၊ သူတို့ဟာ နင့်ကျေးဇူးရှင်တွေပဲ၊ နင်ဟာ မိန်းမလျာတွေကျွေးတဲ့ ထမင်းကိုစားပြီး မိန်းမလျာတွေကို စော်ကားရသလား၊ ကျေးဇူးမသိတတ်တဲ့ ကောင်"

ဟု ကြိမ်းမောင်းလေရာ ဘိုးစံသည် ညမွှေးပန်းကို စကားမတုံ့ပြန်တော့ဘဲ မြေပေါ်သို့ကျနေသော တောင်းကြီးကိုထမ်း၍ ပျဉ်ထောင်အိမ်ကြီးအနောက်သို့ လျှော ခဲ့၏။

မီးဖိုဆောင်၌ ခါးကုန်းကြီးတစ်ယောက်သည် ထမင်းအိုးတစ်လုံးကို ယောက်မဖြင့်မွှေ၍ ချက်ပြုတ်နေလေ၏။





ဘိုးစံသည် မီးဖိုဆောင်သို့ရောက်လျှင် ပိုက်ထဲရှိတောင်းကြီးကို ဆောင့်ချလိုက်၏။

ဘိုးစံ၏ အမူအရာကြောင့် မီးဖိုချောင်ထဲရှိ ထမင်းအိုးမွှေနေသော ခါးကုန်းကြီးတစ်ယောက်က ထိတ်လန့်ဟန်ဖြင့်

" လန့်လိုက်တာကွာ၊ အေးအေးဆေးဆေး လုပ်စမ်းပါ၊ မင်းကြောင့် သောက်ထားတာလေးတွေ ပျောက်ကုန်ပြီ "

ဟု ပြောလေ၏။

ခါးကုန်းကြီးသည် ညမွှေးပန်း၏ ထမင်းချက်ကြီး ဖြစ်၏။ ခါးကုန်းကြီးက ခေါင်းခါယမ်း၍

" မိန်းမလျာတွေနဲ့ဖက်ပြီး မဖြစ်စမ်းပါနဲ့ကွာ၊ ယောက်ျား သိက္ခာကျပါတယ် "

ဟု ပြောလေရာ ဘိုးစံက မျက်နှာရှုံ့မဲ့၍

" ဘာ… ယောက်ျားသိက္ခာကျတယ် ဟုတ်လား၊ မိန်းမလျာတွေက ကျုပ်ကိုဝိုင်းပြီး နောက်ပြောင်တာကို ကျုပ်က လက်ပိုက်ကြည့်နေရမလား၊ အရှက်မရှိတဲ့ လူလုမိုးဆိုတဲ့ မိန်းမလျာက ကျုပ်ပါး



www.burmeseclassic.com

www.burmeseclassic.com

ကိုတောင် နမ်းသွားသေးတယ် ''

ဟု ပြောလေရာ ခါးကုန်းကြီးက တဟားဟားရယ်၍

'' မိန်းမလျာက မင်းပါးကို ဖက်နမ်းသွားလို့ မင်း ဒေါသ ဖြစ်နေတယ်ပေါ့၊ မိန်းမလျာမဟုတ်တဲ့ ချောချောလှလှ ကွမ်းတောင်ကိုင် မိန်းကလေးဆို မင်း ဘယ်လိုနေမလဲ၊ ဒီလိုပဲ ဒေါသဖြစ်မှာလား၊ ဟီ ဟီ… ဒါတော့ မြင်ချင်သေးတယ်ကွာ''

ဟု ပြောလေ၏။

ခါးကုန်းကြီး၏ နောက်ပြောင်မှုကြောင့် ဘိုးစံသည် ပိုမို၍ ဒေါသဖြစ်သွားပြီး

'' ဟောလူကြီး… ကျုပ်ပါးကို ဘယ်သူနမ်းနမ်း ဒေါသဖြစ် မှာပဲ ''

ခါးကုန်းကြီးက ရယ်မော၍

'' မိန်းမလျာတွေကို မေ့ထားလိုက်စမ်းပါကွာ၊ ဟောဒီမှာ ငါ အရက်နဲ့မြည်းဖို့ ကြက်ပေါင်နှစ်ချောင်း ဖယ်ထားတယ်၊ မင်း အတွက် တစ်ချောင်းရမယ်၊ မိန်းမလျာတွေမမြင်အောင် စားဦး''





ဟု ပြောလေရာ ဘိုးစံသည် ခါးကုန်းကြီးပေးသော ကြက် ပေါင်ကို ယူ၍ ကိုက်ဝါးလိုက်ကာ

'' ကြက်ပေါင်လေးကိုက်လိုက်ရမှ မောပန်းတာလေး ပြေ သွားတယ်၊ နေ့မှုကြီးထဲမှာ ညမွေးပန်းကြီးအတွက် နတ်ပစ္စည်းတွေ သွားယူရတာ ပင်ပန်းလိုက်တာဗျာ ''

ဟု ညည်းညူလေ၏။

ခါးကုန်းကြီးက မိန်းမလျာများမမြင်အောင် ကွယ်ဝှက်ထား သော ဝီစကီပုလင်းကိုဖွင့်၍ တကြုတ်သောက်လိုက်ပြီး

'' ဟဲ ဟဲ… ညမွေးပန်းဆီမှာ ထမင်းချက်လုပ်တာ ဒါလေး တွေ ငါ့အတွက် အမြဲတမ်းရနေလို့ကွ၊ ကဲ… စားပြီးရင် အိမ်နောက် တအိမ်ကို သွားပြီးရှင်းလိုက်ဦး၊ မနက်ဖြန် ချိုးရေတော် သုံးမဲ့နေ့မှာ တောင်ပြုန်းကို ညမွေးပန်းရဲ့တူတော်မောင် ရောက်လာလိမ့်မယ်၊ ဒီကောင်လာရင် ငါတို့ ခေါင်းနောက်ဦးမယ် ''

ဟု ပြောလေ၏။ ဘိုးစံက မျက်နှာကိုမဲ့၍

'' ကျုပ်တော့ စိတ်ကုန်တယ်ဗျာ၊ မိန်းမလျာတွေရဲ့အပုပ်



www.burmeseclassic.com

www.burmeseclassic.com



တွေကို ပင်ပန်းရေ့အဆဲ ညမွှေးပန်း တူတော်မောင်ကလာပြီး ညှဉ်းဆဲဦးမယ်၊ ဒီကောင်တော့ မိန်းမလျှာ မဟုတ်ပါဘူးနော် ''

ဟု မေးမြန်းလေရာ ခါးကုန်းကြီးက ရယ်မော၍

'' မဟုတ်ပါဘူးကွာ၊ လူတိုင်းကို မိန်းမလျှာ ထင်နေပြန်ပြီ၊ ညမွှေးပန်းဆီမှာ ငါတို့နှစ်ယောက် အေးအေးချမ်းချမ်း စားသောက်နေရလို့ အမိကပါပါပဲကွာ၊ ငါကတော့ နတ်ကတော်တွေကိုလည်း မယုံဘူး၊ ညမွှေးပန်းကိုတောင် မယုံဘူးကွာ၊ သူတို့အားလုံး အရူးလူလိမ်တွေပဲ ထင်တယ်၊ ဘာပဲဖြစ်ဖြစ် ငါ့အတွက်တော့ သောက်ရဖို့ပဲ အရေးကြီးကွာ၊ ဟောဒီလို အကောင်းစားဝီစကီပုလင်းနဲ့ ကြက်ပေါင်ကို ကိုက်နေရရင် ဘယ်စည်းစိမ်နဲ့မှ မလဲနိုင်ပါဘူးကွာ၊ မင်းလည်း ငါ့လို သောက်တတ်အောင် လုပ်ပါလားကွာ၊ မင်း သောက်တတ်ရင် ငါ့အတွက် အဖော်ရတာပေါ့ ''

ဟု ပြောလေ၏။ ဘိုးစံသည် ခါးကုန်းကြီး၏ ဝီစကီပုလင်းကိုကြည့်၍

'' ကျုပ် သောက်ကြည့်ပြီးပြီ၊ အရက်ကို မကြိုက်ဘူးဗျ သွားတော့မယ်ဗျာ၊ မြေအောက်ကအိမ်ကို သွားရှင်းဦးမယ် ''

ဟု ပြောကာ ခါးကုန်းကြီးအနီးမှ ထွက်ခွာသွားလေ၏။

ခါးကုန်းကြီးက ဝီစကီကို တကြိုက်မော့သောက်၍

'' ဝီစကီကို မကြိုက်ဘူးတဲ့၊ လူမိုက်ပဲ ''

ဟု ရေရွတ်ပြီး ကျန်ရစ်ခဲ့လေတော့၏။

ဘိုးစံသည် မြေအောက်ရှိ အိမ်လေးသို့ ရောက်ခဲ့လေ၏။ ထိုအိမ်လေးကို ညမွှေးပန်းကိုယ်တိုင် စိတ်တိုင်းကျ တည်ဆောက်ထား၏။

ညမွှေးပန်းသည် အားလပ်သည့်အချိန် အနားယူ၏။ ထိုသို့ အနားယူတိုင်း ညမွှေးပန်းကို ပြုစုရန် လူငယ်တစ်ယောက် အဖော်ခေါ်သွား၏။

ဘိုးစံသည် အိမ်ကလေးကို အမှိုက်များလှဲပြီး ရေဖတ်တိုက်တာ အိမ်ကလေး၌ပင် ခြေပစ်လက်ပစ် လှဲချလိုက်၏။

ထိုသို့လှဲချရင်း အတိတ်ဘဝကို ပြန်လည်မြင်ယောင်၏။ ထယ်စဉ်ကပင် မိခင်ဆုံးပါးပြီး ဖခင် အရက်သမားကြီး၏ ကျွေးမွေး မြူမှုအောက်၌ နေထိုင်ရ၏။







www.burmeseclassic.com

www.burmeseclassic.com



ဖခင်သည် ရွာစဉ်လှည့်၍ အပ်ချုပ်စက်တစ်လုံးထမ်းကာ စက်ချုပ်သည်အဖြစ် အသက်မွေး၏။

တစ်နေ့ ဖခင်ရောက်ရှိနေသောရွာသို့ မိန်းမလျာညမွေးပန်း ရောက်လာ၏။ ဖခင်သည် ညမွေးပန်းအတွက် အဝတ်အထည်များ ချုပ်လုပ်ပေးရင်း ညမွေးပန်း၏ လိုအပ်ချက်ကို နားလည်သွား၏။

ထို့ကြောင့် ဘိုးစံကို လက်ဆွဲကာ ညမွေးပန်းထံသို့ လာရောက်ပြသပြီး…

" ကျုပ်သား ဘိုးစံကို ညမွေးပန်းဆီမှာ အပ်ထားချင်တယ်၊ နိုင်းချင်ရာ နိုင်းပါ "

ဟု ပြောလေရာ ဘိုးစံသည် ဖခင်၏အပြောအဆိုကြောင့် အလွန် အံ့သြသွားလေ၏။

ညမွေးပန်းသည် ဘိုးစံ၏ ဥပမိရုပ်ကိုကြည့်ပြီး သဘောကျကာ ဖခင်၏လက်သို့ ငွေစက္ကူတစ်ထပ်ထည့်၍

" ကျွန်မဆီမှာ ရှင့်သားကို တစ်သက်လုံးခေါ်ထားမယ်၊ ကျွေးမွေးမယ်၊ လှမြင်ကောင်းအောင် ဆင်ပေးမယ်၊ ဒီနေ့ကစပြီး ရှင့်သားကို ကျွန်မ ပိုင်ပြီ "

ဟု ပြောလေ၏။

ဖခင်သည် မိမိ၏လက်ထဲသို့ မမျှော်လင့်ဘဲ ရောက်ရှိလာသည့် ငွေစက္ကူထုပ်ကို ပါးစပ်အဟောင်းသားကြည့်ကာ ဝမ်းသာလွန်းသဖြင့်

" ဒီနေ့ကစပြီး ကျုပ်သားကို ခင်ဗျားပိုင်ပြီ၊ နိုင်းချင်ရာ နိုင်းတော့ "

ဟု ဆိုကာ ကျောနိုင်းထွက်ခွာသွားလေ၏။

ဘိုးစံသည် ဖခင်၏အပြောအဆိုကို ဝမ်းနည်းလွန်းသဖြင့်

" အဖေ…, မလုပ်ပါနဲ့ အဖေရယ်၊ ကျုပ် အဖေနဲ့ပဲ နေပါရစေ၊ အဖေ မသွားပါနဲ့၊ ကျုပ်ကို မထားခဲ့ပါနဲ့ "

ဟု တောင်းပန်လေ၏။ ထိုအခါ ဖခင်ဖြစ်သူက ဘိုးစံကို ထက်ကာပြု၍

" လူလေး ဘိုးစံ၊ နတ်ကတော်ကြီးဆီမှာ အေးအေးဆေးဆေး နေပါကွာ၊ မင်းအမေမရှိတဲ့နောက်ပိုင်း အဖေ့ဘဝကြီးဟာ







www.burmeseclassic.com

www.burmeseclassic.com



သိပ်ခြောက်သွေ့တာပဲ၊ ဒါကြောင့် အဖေ အိမ်ထောင်ပြုမလို့၊ မင်းအဖေနဲ့ ...ဘူနေလို့မဖြစ်တော့ဘူး ”

ဟု ပြောကာ ကျောခိုင်းထွက်ခွာသွားလေ၏။

ဘိုးစံသည် ဖခင်၏ တစ်ကိုယ်ကောင်းဆန်သော အပြုအမူကြောင့် ရင်ထဲတွင် နာကျင်သွားလေ၏။

...သည် မိမိကိုစွန့်ပစ်ပြီး နောက်မိန်းမယူရန် ကြံစည်လေပြီ။ ဘိုးစံသည် ထိုအချိန်မှစ၍ နတ်ကတော်ကြီး ညမွှေးပန်း၏ အစေအပါးဘဝသို့ ရောက်ရှိသွားလေ၏။

ဘိုးစံသည် နတ်ကတော်ကြီး၏ ထမီ၊ အင်္ကျီ စသည်တို့ကို ...င်ဆင်ပေးရ၏။

ထို့ပြင် ညမွှေးပန်း၏ ဆံထုံး၊ ပန်း၊ လက်ဝတ်လက်စားတို့ကို ပြင်ဆင်ပေးရ၏။ ဘိုးစံသည် ညမွှေးပန်းနှင့် နေထိုင်ရခြင်း ...ိ ပျော်ရွှင်ခြင်း မရှိချေ။

အဘယ်ကြောင့်ဆိုသော် ညမွှေးပန်း၏ တပည့်တပန်းများသည် မိန်းမလျာများ ဖြစ်၍နေလေ၏။





ဘိုးစံသည် မိန်းမလျာများ၏ အနေအထိုင် အပြောအဆိုကို ကြည့်၍ လွန်စွာမုန်းတီးရွံရှာနေမိ၏။

ယောက်ျားကြီးတန်မဲ့ မိန်းမများကဲ့သို့ ကနွဲ့ကလျ ပြောဆိုကာ တစ်ဦး၏အတင်းအဖျင်းကို တစ်ဦးက အားမနာတမ်း ပြောဆိုတတ်၏။

ထို့ပြင် ညမွှေးပန်း၏တပည့် မိန်းမလျာများသည် တစ်ယောက်ကိုတစ်ယောက် မနာလို ဝန်တိုကြ၏။

ဘိုးစံသည် နတ်ကတော်များ၏ ထိကပါး ရိကပါး ပြောဆိုခြင်းကို အလွန်မုန်းတီး၏။

သို့သော် ညမွှေးပန်းကိုယ်တိုင် နတ်ကတော်ဖြစ်ပြီး မိန်းမလျာများကို ပစားပေးထားသဖြင့် ဘိုးစံသည် ညမွှေးပန်းနှင့် တပည့်များ၏ နတ်နှင့်ပတ်သက်သော အကြောင်းအရာများကို ကိုယ်တိုင်သိမြင်၏။

ထိုသို့သိမြင်သောကြောင့် ၎င်းတို့လူစုကို ယုံကြည်ခြင်းမရှိချေ။ ညမွှေးပန်း၏အိမ်၌ ခိုကပ်နေထိုင်သော ခါးကုန်းကြီးလည်း ဘိုးစံကဲ့သို့ ယုံကြည်ခြင်း မရှိချေ။

သို့သော် ခါးကုန်းကြီးသည် အရက်သမားကြီးဖြစ်ပြီး ညမွှေးပန်



www.burmeseclassic.com

www.burmeseclassic.com



ရှန့်ကြဲထားသော အရက်များကို ရရှိနေသဖြင့် ၄င်းတို့ အကြိုက် ပြောဆိုပြီး နေထိုင်လေ၏။

ဘိုးစံသည် အိမ်ကလေးကို ရှင်းလင်းပြီးသောအခါ နောက် တစ်နေ့ ညမွေးပန်း၏တက်ပွဲအတွက် ကြိုတင်ပြင်ဆင်ရလေ၏။

တောင်ပြန်နတ်ပွဲ၌ နန်းကြီး၌ပွဲတက်ရသော နတ်ကတော် သည် အလွန်ဂုဏ်ရှိ၏။ နတ်ကတော်များသည် တစ်နှစ်တစ်ကြိမ် တက်ပွဲတက်ရန် အလွန်အလေးအနက်ထား၏။

ထို့ကြောင့်ပင် နတ်ကတော်များအားလုံး တက်ပွဲပြုလုပ်နိုင် ရန် အသည်းအသန် ကြိုးစားကြ၏။

တစ်နှစ်တစ်ကြိမ် နတ်ပွဲတက်ရခြင်းသည် နတ်ကတော်များ အတွက် မဟာအခွင့်အရေးပင်ဖြစ်၏။

နတ်ကတော်တို့၏ထိပ်ခေါင် ညမွေးပန်းအတွက်မူ တက်ပွဲ ဆိုသည်မှာ သူ့အတွက် အသေးအမွှားပင် ဖြစ်၏။

ညမွေးပန်းကို တက်ပွဲပြုလုပ်ပေးမည့် ဒကာများ ပေါ်များလေ၏။ ညမွေးပန်းသည် တောင်ပြန်နတ်ပွဲ၌ တက်ပွဲကို အခမ်းနားဆုံး





အလှပဆုံးဖြစ်အောင် ပြင်ဆင်၏။

ညမွေးပန်း၏ နောက်ပိုင်း မိန်းမလျာများလည်း ညမွေးပန်း နည်းတူ ထည်ဝါခမ်းနားကြ၏။

ဘိုးစံသည် ညမွေးပန်း၏ တက်ပွဲအတွက် အစစ အရာရာ ကြိုတင်ပြင်ဆင်ပေးရလေ၏။

● ● ●



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့သို့ရောက်သောအခါ ညမွှေးပန်းသည် နန်းကြီးသို့ တက်ပွဲတက်ရန် ဖင်တကြွကြွ ဖြစ်နေ၏။ တောင်ပြုန်းနတ်ပွဲ၌ တက်ပွဲကို ညနေပိုင်း၌ စတင်လေ၏။

အနယ်နယ်အရပ်ရပ်ရှိ တက်ပွဲတက်မည့် နတ်ကတော်များ များပြားလှသဖြင့် နောက်ဆုံးတက်ပွဲတက်မည့် နတ်ကတော်သည် ညဥ့်နက်သန်းခေါင်အထိ အချိန်ကြာ၏။





ညမွှေးပန်းသည် နန်းကြီးသို့ထွက်ခါနီး၌ ဘိုးစံကို သူ့အနီးသို့ လက်ယပ်ခေါ်၍

" ဘိုးစံ… မြို့ကလာမဲ့ ငါ့ရဲ့တူတော်မောင်ကို ကောင်းကောင်း စောင့်စမ်း၊ သူ့ဆီက စောင့်ဝတ်မကျေဘူးဆိုတဲ့အသံကို ကြားရရင် နင် မလွယ်ဘူး "

ဟု မှာကြားလေ၏။

ဘိုးစံက ခေါင်းညိတ်၍

" စိတ်ချပါဗျာ၊ ခင်ဗျားဘာသာ နန်းကြီးပေါ်မှာ အိုက်တင်များလွန်းလို့ ဝမ်းလျားမှောက်မလဲအောင် ကြိုးစား "

ဟု ပြောလေရာ ညမွှေးပန်းက ဆဲဆိုလိုက်၏။

မကြာမီ နတ်ကတော်ကြီး ညမွှေးပန်းတို့အဖွဲ့ အိမ်မှစီတန်းပြီး ထွက်ခွာသွားလေ၏။

ခါးကုန်းကြီးက နတ်ကတော်များ ထွက်ခွာသွားသောအခါ မြင်ကွင်းကိုကြည့်၍ ဝမ်းသာအားရဖြင့်

" မိန်းမလျာတွေ သွားပြီဟေ့၊ ငါတော့ ဒီနေ့ အရက်သောက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



သောက်ရတော့မယ် ''

ဟု ကြုံးဝါးလေ၏။

ဘိုးစံသည် ခါးကုန်းကြီးကဲ့သို့ အရက်သောက်တတ်သူ မဟုတ်သဖြင့်

'' သောက်ဗျာ သောက်၊ ခင်ဗျားကြီး ဆော်အောင်သောက်၊ အရက်နဲ့မြည်းဖို့ ကြက်ပေါင်တွေကို ကျုပ်စားမယ် ''

ဟု ဆိုကာ ခြံထဲရှိ အရိပ်ကောင်းသော သစ်ပင်အောက်၌ ဖျာတစ်ချပ်ကို ခင်းလေ၏။

ထို့နောက် ခါးကုန်းကြီးက ပုလင်းထောင်၍ ဘိုးစံက အမြည်းစားပြီး လောကစည်းစိမ်ကို ခံစားရလေ၏။

ဘိုးစံသည် ကြက်ပေါင်ကို တစ်ကိုက်ကိုက်၍

'' နတ်ကတော်တွေမရှိတဲ့ အိမ်ကြီးထဲမှာ အကြီးဆုံး စည်းစိမ်က နားစည်းစိမ်ပဲဗျ၊ မိန်းမလျှာတွေဟာ မိန်းမအစစ်တွေထက် စကားများတယ်ဗျ ''

ဟု ပြောလေ၏။ ထိုအခါ ခါးကုန်းကြီးက





'' သိပ်ဟုတ်တာပေါ့ကွာ၊ နောက်ပြီးတော့ မိန်းမလျှာတွေဟာ မိန်းမအစစ်တွေထက် ပိုပြီးသံသယများတယ်ကွ၊ ငါ့ကို ဘယ်အချိန် မဟုတ်တာလုပ်မလဲလို့ အမြဲစောင့်ကြည့်နေတယ် ''

ဟု ပြောလေ၏။

ဘိုးစံနှင့် ခါးကုန်းကြီးသည် အရက်သောက် အမြည်းစားရင်း အချိန်ကုန်နေလေ၏။

အတန်ကြာလျှင် ခြံပေါက်ဝမှ လူရိပ်ကိုမြင်ရပြီး ထိုသူက လှမ်း၍

'' ကျုပ် ညမွှေးပန်းရဲ့ တူတော်မောင်ပါ ''

ဟူသောအသံကို ကြားရသဖြင့် ဘိုးစံသည် ကြက်ပေါင်ကိုချ၍

'' အမလေး… စည်းစိမ်တော့ ပျက်ပါပြီဗျာ ''

ဟု ညည်းညူလိုက်လေ၏။

ညမွှေးပန်း၏တူသည် သင်္ဘောလတ်ဘောင်းဘီ၊ ဖလော တုတ်အင်္ကျီနှင့် ဦးထုပ်ခေါင်းထားသော အသက်သုံးဆယ်ဝန်းကျင် လူတစ်ဦးဖြစ်၏။

ထိုသူသည် လွယ်အိတ်တစ်လုံးကို စလွယ်သိုင်းလွယ်ထားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးစံသည် ညမွှေးပန်း၏ မှာကြားချက်ကြောင့် ခြံပေါက်ဝသို့ ကမန်းကတန်း ပြေးသွားပြီး

" ကြွပါခင်ဗျာ၊ ညမွှေးပန်းကြီး နန်းကြီးမှာ တက်ပွဲနေ့နဲ့ တိုက်ဆိုင်နေလို့ မိတ်ဆွေကို မကြိုနိုင်တာပါ၊ ကျွန်တော်တို့ကို အိမ်မှာစောင့်ပြီး မိတ်ဆွေကို ဧည့်ခံခိုင်းပါတယ်၊ ဧည့်ဝတ်ကျေဖို့ သေသေချာချာ မှာထားခဲ့ပါတယ် "

ဟု ပြောလိုက်လေရာ ညမွှေးပန်း၏ တူတော်မောင်က ကျယ်ဝန်းသောခြံနှင့် အိမ်ကို မျက်လုံးဝေ့ကြည့်၍

" ညမွှေးပန်းကြီး တော်တော်စီးပွားဖြစ်နေတာပဲ၊ ကျုပ် နေရမဲ့နေရာကို ပြပါဦး "

ဟု ပြောလေ၏။

ဘိုးစံသည် ညမွှေးပန်း၏တူတော်မောင်ကို ခြံနောက်ရှိ အိမ်ကလေးသို့ ဦးဆောင်ခေါ်သွားလေ၏။

ဘိုးစံသည် ဧည့်သည်အား မကြာမီ ရေချိုးနိုင်ရန် ရေတွင်းနှ ပြင်ဆင်ထားမည်ဟု ပြောဆိုလေ၏။





တူတော်မောင်သည် ခြံကြီးကိုသာ အရဲစော်ကြည့်ပြီး လိုက်ပါလာ၏။ ထိုသူ၏အမူအရာသည် မိမိထင်သကဲ့သို့ ခုက္ခပေး သည့်သူ မဟုတ်ဟု ထင်မြင်မိ၏။

ညနေတက်ပွဲပြီးသောအခါ ညမွှေးပန်း ဦးဆောင်သော မိန်းမလျာများက အိမ်သို့ပြန်လည်ရောက်ရှိလာ၏။

ညမွှေးပန်းကြီးသည် ဧည့်သည်ရောက်နေကြောင်း သိရသော အခါ သူ၏တူတော်မောင်ရှိရာ အိမ်ကလေးသို့ အပြေးသွားလေ၏။

ထိုအချိန်မှစ၍ ဘိုးစံသည် ဧည့်သည့်အတွက် နံနက် ညစာခင်းကို အိမ်ကလေးသို့ ပို့ဆောင်ပေးရ၏။ ညမွှေးပန်း၏ တူတော်မောင်သည် ပွဲတော်ရက်များအတွင်း တစ်နေကုန် သွားလာ လည်ပတ်နေလေ၏။

ထိုသူ၏ ထူးဆန်းသောစရိုက်မှာ အလွန်စကားပြောနည်းပြီး ညမွှေးပန်း၏ အိမ်ရှိ မိန်းမလျာများနှင့် ရောရောနှောနှောနေထိုင်ခြင်း မရှိချေ။ ညမွှေးပန်းကြီးနှင့်ပင် မေးတစ်ခွန်း ခေါ်တစ်ခွန်းသာ ဆက်ဆံ၏။

ဘိုးစံသည် ထိုသူအား ရင်းနှီးလို၍ စကားစပြောကြည့်သော



www.burmeseclassic.com

www.burmeseclassic.com



အခါ ညွှံ့သည်က

"မင်း တော်တော်စကားများတဲ့ကောင်ပဲ၊ ငါ အေးအေး ဆေးဆေး နေချင်တယ်၊ အပိုစကားတွေမပြောနဲ့ကွာ"

ဟု တားဆီးလေ၏။

ဘိုးစံသည် ညွှံ့သည်၏ သူစိမ်းဆန်သောအမူအရာကြော မရောနေခဲ့တော့ချေ။ ထိုသူ့အတွက် အစားအသောက်ကိုသာ နေ့စဉ် ပုံမှန်ပို့ဆောင်ပေးရ၏။

ညမွှေးပန်း၏ တူသည် အသောက်အစားမက်သူတစ်ဦး ဖြစ်၏ သူ့အတွက် အရက်တစ်လုံး နေ့စဉ် မှန်မှန်ပို့ပေးရ၏။ ဝါခေါင် လဆန်း ပွဲတော်ပြီးသောအခါ ညမွှေးပန်းကြီး၏တူတော်မောင် ဖြ ရန် ပြင်ဆင်နေတော့၏။

● ● ●





ညွှံ့သည် ပြန်မည့်နေ့သို့ရောက်သောအခါ ညမွှေးပန်းကြီး ကိုယ်တိုင် အိမ်လေးသို့ လာရောက်တွေ့ဆုံ၏။

ညမွှေးပန်းကြီးသည် ညွှံ့သည်ကို စိတ်ဝင်စားနေသော မိန်းမလျာတစ်ဇုကိုမခေါ်ဘဲ တစ်ကိုယ်တည်း ရောက်ရှိလာ၏။

ထိုအခါ ဘိုးစံသည် ညမွှေးပန်းကြီးနှင့် ညွှံ့သည်၏ ထူးဆန်း သော ဆက်ဆံရေးကို မမျှော်လင့်ဘဲ သိလိုက်ရ၏။

ဘိုးစံသည် အိမ်ကလေး၏အနောက်မှ တိတ်တဆိတ် ချောင်း ချောင်းကြည့်နေခဲ့၏။ ညွှံ့သည်က အရက်ပုလင်းကိုမော့



www.burmeseclassic.com

www.burmeseclassic.com



" ကျွဳပ် ပြန်တော့မယ်၊ ခင်ဗျားဆီမှာ နေခွင့်ပေးတဲ့အတွက် ကျေးဇူးကမ္ဘာပဲ "

ဟု ပြောလိုက်ရာ ညမွှေးပန်းက တင်းမာသော လေသံဖြင့်

" မင်းဟာ ငါ့ကို တော်တော်ဒုက္ခပေးတဲ့ကောင်ပဲ၊ ဒါကြောင့် မင်းပြန်ပါစေလို့ ငါ အမြဲဆုတောင်းခဲ့တယ်၊ အခုတော့ ငါ ဆုတောင်း ပြည့်ပြီပေါ့ "

ဟု ပြောလေ၏။ ညှို့သည်က ညမွှေးပန်း၏စကားကြောင့် သဘောကျဟန်ဖြင့် ရယ်မော၍

" ဟား ဟား ဟား… လောဘအိုးကြီး၊ ခင်ဗျားကြီး ဆုတောင်းအမြဲပြည့်ပါစေဗျာ "

ဟု ပြောရင်း သူ၏ကျောပိုးအိတ်ကိုလွယ်ကာ အိမ်ငယ်လေး ပေါ်မှ ဆင်းသွားလေ၏။ ညမွှေးပန်းကြီးသည် ထိုသူ၏ နောက်ကျော ကို မကျေမချမ်းကြည့်၍ ဆဲဆိုလိုက်လေ၏။

ထိုသူ ခြံကြီး၏ထိပ်သို့ရောက်သောအခါ ညမွှေးပန်း၏ တပည့် မိန်းမလျှာတစ်ယောက်သည် ပြုံးရွှင်သောအမူအရာဖြင့် အနီးသို့





ရောက်လာပြီး

" ပြန်တော့မလို့လား၊ နောက်လည်းလာဦးနော် "

ဟု နှုတ်ဆက်လေရာ ထိုသူက မိန်းမလျှာများကို ရွံရှာဟန် ဖြင့်ကြည့်၍

" ယောကျ်ားဖြစ်ပြီး ယောကျ်ားလိုမနေတဲ့ ဟိုမရောက် ဒီမရောက် ကောင်တွေ၊ ငါ့နားက ထွက်သွားစမ်း "

ဟု အော်ဟစ်မောင်းထုတ်လိုက်ရာ မိန်းမလျှာများသည် ရှက်ကိုးရှက်ကန်း ဖြစ်သွားလေ၏။ ထိုသို့ ခြံထဲမှထွက်သွားသော အခါ ဘိုးစံက မိန်းမလျှာများကို သဘောကျစွာဖြင့် လှောင်ပြောင် ရယ်မောနေလေ၏။

မိန်းမလျှာများသည် ဘိုးစံဘက်သို့လှည့်၍ လှလှမိုးဆိုသော မိန်းမလျှာက မကျေမချမ်းဖြင့်

" ယောကျ်ားရင့်မကြီးဖြစ်နေပြီး မိန်းမသားတွေကို မစာနာ ဘူး၊ နင်တို့ဟာ ဘုရားဆုပန် မင်းယောကျ်ားမဖြစ်သင့်ဘူး "

ဟု ပြောလေရာ ဘိုးစံက ရယ်မော၍



www.burmeseclassic.com

www.burmeseclassic.com



" ကျုပ်တို့ယောကျ်ားစစ်စစ်တွေက မိန်းမလျာတွေကို မကြွင်နာဘူး၊ မိန်းမစစ်စစ်တွေဆိုရင်တော့ ဘယ်လိုကြင်နာရမလဲ ဆိုတာ ကောင်းကောင်းသိပြီးသား "

ဟု ပြောလေ၏။ ထိုအခါ မိန်းမလျာတစ်ဦးက မကျေမနပ်ဖြင့်

" ဟဲ့… ငါတို့က မိန်းမစစ်တွေထက် အစစအရာရာ သာတာဟဲ့၊ ချက်တဲ့ပြုတ်တဲ့နေရာမှာ ဖြိုင်မလား၊ လင်ကိုပြုစုတဲ့နေရာမှာ ဖြိုင်မလား၊ ဖြိုင်တဲ့ဘက်က စမ်းလိုက် "

ဟု ပြောလေ၏။ မိန်းမလျာ၏စကားကြောင့် အနီးသို့ ရောက်လာသော ခါးကုန်းကြီးက

" ဟား ဟား ဟား… နင်တို့မိန်းမလျာတွေ မဖြိုင်နိုင်တဲ့နေရာ တစ်ခုတော့ရှိပါတယ် "

ဟု ပြောဆိုလေရာ မိန်းမလျာများက သံပြိုင်

" ဘယ်နေရာလဲ "

ဟု မေးမြန်းလေ၏။ ခါးကုန်းကြီးက ရယ်မော၍

" ဟား ဟား ဟား… လည်စိရှိတဲ့နေရာမှာလေ၊ နင်တို့





ညင်းဝင်းမှာ လည်စိကြီးတွေနဲ့ "

ဟု ပြောလေရာ မိန်းမလျာများသည် ခါးကုန်းကြီးအား

" လူယုတ်မာကြီး၊ ဒီဘဝမှာ ခါးကုန်းနေတာတောင် ယုတ်မာနေသေးတယ် "

ဟု ပြောဆိုလေတော့၏။

တောင်ပြုံးပွဲတော်ကြီး ပြီးဆုံးပြီး ရက်အနည်းငယ်ကြာသော အခါ အနီးအနားရွာသို့ မင်းသား စိန်ကတုံး ဇာတ်အဖွဲ့ လာရောက်ကြလေ၏။

ညမွှေးပန်းနှင့် မိန်းမလျာများအားလုံး မင်းသားစိန်ကတုံး ဇာတ်အဖွဲ့ကို ကြည့်ချင်သောကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ဆင်ကြလေ၏။

ညမွှေးပန်းသည် ဘိုးစံကိုခေါ်၍

" ဟဲ့ကောင် ဘိုးစံ၊ ငါတို့အားလုံး စိန်ကတုံးသွားကြည့်ကြမယ် ဒီနေ့ည ငါ့ခြံလုံခြုံရေးကို နင်နဲ့ ခါးကုန်းကြီး တာဝန်ယူ၊ ငါ့ခြံထဲက ဒီချုပ်တစ်ရုပ်ပျောက်ရင် နင်တို့နှစ်ယောက်စလုံး အသေပဲ "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ဘိုးစံက ညမွေးပန်းကို မျက်မှောင်ကြုတ်၍ ကြည့်ပြီး “ ဒီမှာ ကျူပ်လည်း မင်းသားစိန်ကတုံးကိုကြည့်ဖို့ အားမထားတာဗျ။ ကျူပ်လည်း လိုက်ပါရစေ ”

ဟု တောင်းဆိုလေ၏။ ညမွေးပန်းက လက်ကာပြ၍

“ တော်စမ်း ဘိုးစံ၊ ငါတို့မိန်းမသားတွေသွားတဲ့လမ်းမှာ နင်က ယောက်ျားရင့်မကြီးဖြစ်ပြီး ဘာဖြစ်လို့ တကောက်ကောက် ပိုက်နေမှာလဲ၊ နောက်ပြီးတော့ စိန်ကတုံးက ယောက်ျားပဲ၊ ယောက်ျား အချင်းချင်း ဘာလို့ကြည့်မှာတုန်း ”

ဟု ပြောလေ၏။ ဘိုးစံသည် မိန်းမလျာကြီး ညမွေးပန်းကို ခြေဆုံးခေါင်းဆုံးကြည့်၍

“ ယောက်ျားအချင်းချင်း ဘာလို့ကြည့်မှာလဲ ဟုတ်လား ...င်ဖျားတို့ကတော့ စိန်ကတုံးကို ကြည့်မှာပေါ့၊ လောကကြီးဟာ ...တော်ရယ်စရာကောင်းပါလား ”

ဟု လှောင်ပြောင်ဟန်ဖြင့် ပြောဆိုလေရာ ညမွေးပန်းက ...ိုးစံ၏ခေါင်းကို ခေါင်ခနဲမြည်အောင် ခေါက်၍





“ နင်က ငါတို့ကို မိန်းမလျာဆိုပြီး လှောင်ချင်တာလား၊ မိန်းမလျာတွေရဲ့ ထမိနားခိုစားတဲ့ကောင်ကများ၊ လူပါးဝလို့၊ နင့်ကို စကားရှည်ရှည်ဝေးဝေး မပြောတော့ဘူး၊ ဟောဒီမှာ ပိုက်ဆံတစ်မတ် ကိုယူပြီး ဒီနေ့ည အေးအေးဆေးဆေး ငါ့ခြံကို စောင့်ပါ ”

ဟု ပြောကာ ဘိုးစံ၏အနီးမှ ထွက်ခွာသွားလေ၏။

ဘိုးစံသည် ညမွေးပန်းကို မခံချင်အောင်ပြောဆိုပြီး ငွေ တစ်မတ်ရရှိသဖြင့် လွန်စွာကျေနပ်သွားလေ၏။

သူသည် ညမွေးပန်းထံမှရရှိသော မတ်စေ့လေးကို စဘူး ထဲသို့ ထည့်ရန်ပြင်ပြီးမှ

“ ဟိုဘက်ရွာမှာ အံစာဝိုင်းကောင်းကောင်းရှိတယ် ဆိုပဲ၊ ငါ့ရဲ့ကံကို သွားစမ်းရမယ် ”

ဟု ကြုံးဝါးကာ ငွေတစ်ဖက်ကိုကိုင်၍ အံစာဝိုင်းသို့ ထွက် ခဲ့လေ၏။

တစ်ဖက်ရွာရေပ်၌ အံစာဝိုင်းကောင်းနေပြီး လူများ ဝိုင်းအုံ နေလေ၏။ ဘိုးစံသည် လူအများပြားသို့တိုးဝင်၍ ကြက်...သား၌



www.burmeseclassic.com

www.burmeseclassic.com



ငွေတစ်မတ်ထို့ ဟင်ထိုက်၏။

ထိုနေ့က သူ၏ကံတရားကား ကောင်းမွန်နေသဖြင့် ငွေတော်တော်များများ အနိုင်ရလိုက်၏။

ဘိုးစံသည် အန်စာပိုင်းသိမ်းသောအခါမှပင် ဝမ်းသာအားရ ပြန်လာခဲ့၏။ ဘိုးစံသည် ခါးကုန်းကြီးအားကိုးဖြင့် ညမွှေးပန်း၏ ခြံကြီးအား စောင့်ကြပ်ခြင်းမရှိဘဲ ထွက်ခဲ့၏။

ညမွှေးပန်း၏ အိမ်သို့ပြန်ရောက်သောအခါ တစ်ခြံလုံး တိတ်ဆိတ်နေ၏။ ဘိုးစံသည် မီးရောင်ကိုကိုင်၍ တစ်ခြံလုံးကို လှည့်ပတ်ကြည့်လိုက်၏။

ထိုအခိုက်မှာပင် ညမွှေးပန်း၏ခြံအနောက်ရှိ နတ်ရုပ်များထားရှိသောနေရာ၌ အော်သံဟစ်သံများကို ကြားရလေ၏။

ဘိုးစံသည် နတ်ရုပ်များကြားရှိ ကွက်လပ်သို့ရောက်သောအခါ မိမိမျက်လုံးများကိုပင် မယုံနိုင်အောင် ဖြစ်သွားလေ၏။

အဘယ်ကြောင့်ဆိုသော် နတ်ရုပ်များကြား၌ လူနှစ်ဦး အသက်လု၍ တိုက်ခိုက်နေလေ၏။



ထိုသူနှစ်ဦးမှာ ညမွှေးပန်း၏တူတော်မောင်နှင့် ခါးကုန်းကြီး ဖြစ်နေလေ၏။

ညမွှေးပန်း၏လူသည် လွန်ခဲ့သောရက်ကပင် ဤအရပ်မှ ထွက်သွားပြီးဖြစ်၏။ ယခုအဘယ်ကြောင့် ပြန်ရောက်လာပြီး ခါးကုန်းကြီးနှင့် အသက်လု တိုက်ခိုက်နေသနည်း။

ဘိုးစံသည် ဓားရှည်ကိုယ်စီဖြင့် တိုက်ခိုက်နေသော လူနှစ်ဦးအားကြည့်၍

" ရပ်ကြပါ၊ ခင်ဗျားတို့နှစ်ယောက် ဘယ်လိုရန်ဖြစ်ကြတာလဲ "

ဟု အော်ဟစ်မေးမြန်းလေ၏။

သို့သော် ညမွှေးပန်း၏တူနှင့် ခါးကုန်းကြီးသည် ဘိုးစံကို ဂရုမစိုက်ဘဲ တိုက်ခိုက်နေဆဲဖြစ်၏။ ၎င်းတို့၏တိုက်ပွဲသည် အလွန်ပြင်းထန်နေပြီး အသက်အန္တရာယ်ကျလုနီးပါး ဖြစ်နေလေ၏။

ဘိုးစံသည် လူနှစ်ဦး၏တိုက်ပွဲကိုကြည့်ပြီး အလွန်စိုးရိမ်လေ၏။ ထိုအခိုက်မှာပင် ညမွှေးပန်း၏တူသည် ခါးကုန်းကြီး၏ဓားရှည်

www.burmeseclassic.com

www.burmeseclassic.com



မိပြီး ကိုယ်ခန္ဓာယိမ်းယိုင်သွားလေ၏။

ခါးကုန်းကြီး အခွင့်အရေးကို လက်လွှတ်မခံဘဲ အနီးကပ်ပူးကပ်ပြီး ဓားရှည်ဖြင့် ထိုးစိုက်လိုက်၏။

သို့သော် ညမွှေးပန်း၏တူကလည်း လက်ထဲရှိဓားဖြင့် ခါးကုန်းကြီးကလည်း ပြန်လည်ထိုးစိုက်လိုက်လေ၏။

ခါးကုန်းကြီး၏ ရင်ဝသို့ ဓားစိုက်ပြီး မြေပေါ်သို့ လဲကျသွားလေ၏။ ဘိုးစံသည် မီးတုတ်ကိုပစ်ချ၍

" ခါးကုန်းကြီး "

ဟု အော်ဟစ်ကာ အနီးသို့ ပြေးပွေ့လိုက်၏။

ခါးကုန်းကြီးသည် နာကျင်စွာဖြင့် ညည်းညူလိုက်ပြီး

" ငါ မနေရတော့ဘူး ဘိုးစံ၊ လောဘရဲ့အကျိုးဆက်ပေါ့ကွာ၊ ဟိုကောင်လည်း သွားပြီထင်တယ် "

ဟု ပြောလေ၏။

ဘိုးစံသည် ခါးကုန်းကြီးကို မချိတင်ကဲကြည့်၍

" ဘယ်လိုဖြစ်တာလဲဗျာ၊ ကျုပ်တော့ ဘယ်လိုမှနားမလည်





နိုင်တော့ဘူး "

ဟု ပြောလေရာ ခါးကုန်းကြီးက သွေးများအန်ချလိုက်ပြီး

" ညမွှေးပန်းရဲ့တူဆိုတဲ့ကောင်က ညမွှေးပန်းဆီက အလွန်ထူးဆန်းတဲ့ စာအုပ်တစ်အုပ်ကို ခိုးချင်လို့ လျှို့ဝှက်ပြီးလာယူတာကွ၊ ရှေ့နှစ်ခဲ့တဲ့အကြိမ်တုန်းက ညမွှေးပန်းဆီက စာအုပ်ကို ခိုးခွင့်မရလို့ ဒီတစ်ကြိမ် ထပ်ခိုးတာပဲ "

ဟု ပြောလေရာ ဘိုးစံက ခါးကုန်းကြီး၏ ဒဏ်ရာကိုကြည့်၍ ခေါင်းခါယမ်းပြီး

" စာအုပ်တစ်အုပ် ဘယ်လောက်အဖိုးတန်မှာလဲဗျာ၊ စာအုပ်တစ်အုပ်အတွက် အသက်အန္တရာယ်ဖြစ်ရတယ်လို့ "

ဟု ပြောလေရာ ခါးကုန်းကြီးက မောပန်းနွမ်းနယ်နေရာမှ

" ဒီစာအုပ်ကို လိုချင်လွန်းလို့ ငါကိုယ်တိုင် ညမွှေးပန်းဆီမှာ နှစ်ပေါင်းများစွာ ဒုက္ခခံနေတာကွ၊ တကယ်တော့ ဒီစာအုပ်ဟာ ညမွှေးပန်းနဲ့ဘာမှမဆိုင်ဘူး"

" သူ့ဆီကိုမျှော်လင့်ဘဲ ရောက်နေတာကွ ညမွှေးပန်းဟာ



www.burmeseclassic.com

www.burmeseclassic.com



အရင်တုန်းက မန္တလေးမြို့ပေါ်မှာ အိမ်ဖော်အလုပ်ကိုလုပ်ဖူးတယ်၊ သူဟာ အိမ်ဖော်ဘဝနဲ့ အဲဒီစာအုပ်ကိုခိုးယူခဲ့တာပဲ ”

ဟု ပြောလေ၏။ ဘိုးစံသည် ခါးကုန်းကြီး၏ ထူးဆန်းသော စကားကြောင့်

“ ညမွှေးပန်းကြီးက အရင်တုန်းက အိမ်ဖော်လုပ်ဖူးတယ် ဟုတ်လား၊ အိမ်ဖော်လုပ်ပြီး သူက ဘာဖြစ်လို့ သူတစ်ပါးပစ္စည်းကို ခိုးရတာလဲ ”

ဟု ရေရွတ်လေရာ ခါးကုန်းကြီးက မောပန်းသောဟန်ပန်ဖြင့်

“ စာအုပ်က အဖိုးတန်လို့ပေါ့ကွာ၊ ဒါတွေမေးမနေပါနဲ့တော့၊ ငါ့အတွက်အချိန်မရှိတော့ဘူး၊ မင်းလုပ်ရမှာက နံကရိုင်းမယ်တော်ရုပ်ထဲက စာအုပ်ကိုယူပြီး ဒီနေရာကပြေးပေတော့၊ ဒီစာအုပ်ထဲက အကြောင်းအရာတွေကိုဖတ်ပြီး မင်းဘဝတိုးတက်အောင် ကြိုးစားပေတော့၊ ငါမနေရတော့ဘူး၊ ပောလိုက်တာကွာ ”

ဟု ပြောရင်း မောပန်းစွာဖြင့် အသက်ကိုပြင်းပြင်းရှူနေလေ၏၊ ဘိုးစံသည် ခါးကုန်းကြီးကို ကြည့်ရှုနေစဉ်မှာပင် ၄င်းအသက်





ထွက်သွားလေ၏၊

ဘိုးစံသည် ခါးကုန်းကြီးပြောသော နံကရိုင်းမယ်တော်ရုပ်ကို ရှာဖွေလေရာ မြေပေါ်၌ တွေ့ရလေ၏။

ဘိုးစံသည် တုန်ယင်သောလက်များဖြင့် နံကရိုင်းမယ်တော်ရုပ်ကို ကောက်ယူလိုက်လေ၏။

ညမွှေးပန်း၏တူလည်း သေဆုံးနေလေပြီ။

ဘိုးစံသည် မိမိ၏အရှေ့တွင် မမျှော်လင့်ဘဲ လူနှစ်ဦး သေဆုံးသွားသဖြင့် ထိတ်လန့်တုန်လှုပ်နေမိ၏။

● ● ●



www.burmeseclassic.com

www.burmeseclassic.com



ဘိုးစံသည် နံကရိုင်းမယ်တော်ရုပ်ကို သေချာစွာကြည့်လိုက်သောအခါ အရုပ်၏နောက်ကျော၌ အံဝှက်တစ်ခုရှိပြီး အံဝှက်ကို ဖွင့်လိုက်သောအခါ အတွင်းထဲမှ သားရေဖုံးစာအုပ်တစ်အုပ် ထွက်လာလေ၏။

ထိုစာအုပ်ကလေးသည် အလွန်အဖိုးတန်သည်ဟု ဆို၏။

ထိုစာအုပ်ကလေးအတွက် လူနှစ်ဦး၏အသက် ဆုံးရှုံးလိုက်ရ၏။

လူနှစ်ယောက်၏အသက်ကိုရင်းရလောက်အောင် ဤစာအုပ်ကလေးသည် မည်မျှအဖိုးတန်နေသနည်း။





ဘိုးစံသည် စာအုပ်ကို ကြောင်ငေးငေးကြည့်နေစဉ် အနောက်မှ အသံကိုကြားရ၍ လှည့်ကြည့်လိုက်သောအခါ ညမွှေးပန်းကြီး၏ အိမ်အတွင်းမှ မီးတောက်ကြီးကို မြင်လိုက်ရ၏။

ညမွှေးပန်း၏အိမ်ကြီး မီးလောင်နေချေပြီ။ ထိုအိမ်ထဲတွင် ညမွှေးပန်း၏ များပြားလှသောနတ်ရုပ်များရှိ၏။

ထိုနတ်ရုပ်များ မီးလောင်လျှင် ညမွှေးပန်းကြီး ရူးမတတ်ဖြစ်ပြီး မိမိအသက်ကိုပင် ရန်ရှာလိမ့်မည်။

ဤအရပ်မှ အမြန်ဆုံးခွာမှ တော်ကာကြတော့မည်။

ဤသို့ဖြင့်ဘိုးစံသည် မိမိ၏ခါးဝတ်ခါးစားဖြင့် တောင်ပြန်းရွာကလေး မှ ပြေးခဲ့၏။

သူသည် ရေလမ်းအတိုင်း ငှက်စီး၍ပြေးရန် ကြံစည်၏။

ဘိုးစံသည် လှေဆိပ်သို့ရောက်သောအခါ ဆိုက်ကပ်ထားသော သမ္ဗာန်တစ်စီးကို တွေ့ရ၏။

ထိုသမ္ဗာန်ရှိလူများ ရွာထဲသို့ရောက်နေလိမ့်မည်။ ဘိုးစံသည် စဉ်းစားမနေတော့ဘဲ သမ္ဗာန်ကိုလှော်ခတ်ကာ ထိုအရပ်မှ ပြေးခဲ့လေ



www.burmeseclassic.com

တော့သည်။

ဘိုးစံသည် သမွာန်ကို တစ်ညလုံး လှော်ခတ်သွားလေ၏။

ကံကောင်းထောက်မစွာဖြင့် သမွာန်ပေါ်၌ ထမင်းထုပ်မျ

ပါရှိ၏။

ဘိုးစံသည် ဆာဆာဖြင့် ထမင်းထုပ်ကိုဖွင့်၍ ကြက်သားဟင်

စပ်စပ်ကို မြိန်ရှည်ယှက်ရှည် စားလေ၏။

ဘိုးစံသည် မောပန်းသောအခါ ကမ်းကိုကပ်၍ ခေတ္

နားလေ၏။

နံနက်အရုဏ်တက်အချိန်သို့ ရောက်ရှိနေလေပြီ။ ဘိုးစံသည်

ကမ်းကပ်၍ တစ်မှေးမျှမှေးစက်ရှိကြ၏။

မှေးစက်ပြီးသောအခါ လွယ်အိတ်ထဲရှိ သားရေဖုံးစာအုပ်

ကလေးကို ယူလေ၏။

သူသည် ထိုစာအုပ်ကလေးကို အေးအေးဆေးဆေး အချိ

ပေး၍ဖတ်ရှုချင်၏။ ခါးကုန်းကြီးက သားရေဖုံးစာအုပ်ထဲမှ အကြောင်

အရာများကိုဖတ်ရှု၍ မိမိဘဝတိုးတက်အောင် ကြိုးစားရမည် ဆို၏





ထိုစာအုပ်ကလေးအတွက် လူနှစ်ဦး အသက်ပေးသွားရ၏။

ထိုစာအုပ်သည် မည်မျှ အဖိုးတန်သနည်း။ ထိုစာအုပ်ထဲ၌

ာနာသိုက်မြေပုံများ ရေးဆွဲထားလေသလော။

ဘိုးစံသည် သူ၏လွယ်အိတ်ထဲသို့ စာအုပ်ကလေးကို ပြန်

ည့်၍ မိမိနှင့် တစ်ကိုယ်တည်းပါလာသော ငွေစက္ကူများကို

ည့်ရှုလေရာ လွန်ခဲ့သောညက အန်စာဝိုင်း၌ ငွေများစွာ အနိုင်ရ

ကြောင်း အမှတ်ရသွား၏။

မိမိ၌ ငွေရှိလျှင် လောလောဆယ် စားဝတ်နေရေးအတွက်

င်စရာမလိုတော့ချေ။

ဘိုးစံသည် ရင်ထဲတွင် အနည်းငယ်အေးမြသွားသဖြင့် လှေ

လေးကို ဆက်၍လှော်ခတ်ခဲ့လေ၏။

ဘိုးစံသည် အတန်ကြာအောင် လှော်ခတ်ပြီးနောက် ဖျင်းရိ

သဖြင့် လှေကိုဆက်၍မလှော်တော့ဘဲ ကမ်းသို့ကပ်လိုက်၏။

နောက် မြစ်ကမ်းအတိုင်း လျှောက်လှမ်းလာ၏။

အနီးအနား၌ ရွာများရှိပုံမရ။ အတန်ကြာအောင်လျှောက်ပြီး

www.burmeseclassic.com



မှ ဘုန်းကြီးကျောင်းတစ်ကျောင်းကို တွေ့ရ၏။

ဘုန်းကြီးကျောင်းအနောက်၌ ဖိုရုံကလေးတစ်ရုံကို တွေ့ရ၏။ ဖိုရုံကလေး၌ ကပ္ပိယကြီးတစ်ဦး ဖိုထိုးရင်း သီချင်းဆိုနေ၏။ ဘိုးစံက ကပ္ပိယကြီးထံတွင် အိပ်စက်ခွင့်တောင်းလေရာ ကပ္ပိယကြီးက လက်ဝါးဖြန့်၍

" အိပ်ခွင့်ရဖို့ ဆရာတော်ကြီးကို လျှောက်ထားပေးမယ်။ ဒီအတွက် မင်းက ငါ့ဖိုထိုးဖို့ ငွေစကြေးစနည်းနည်းတော့ လှူဒါန်းရမယ် "

ဟု အကြပ်ကိုင်လေရာ ဘိုးစံသည် ကပ္ပိယကြီးကို မကျေမချမ်းဖြင့် ငွေတစ်မတ် ထုတ်ပေးလိုက်လေ၏။

ကပ္ပိယကြီးက ငွေတစ်မတ်ရသောအခါမှပင် လက်ခမောင်းခတ်၍

" ဒီလိုမှပေါ့ ကိုယ့်လူရယ်၊ ကျောင်းမှာ တစ်ညမဟုတ်ဘူး၊ နေချင်သလောက် နေနိုင်တယ် "

ဟု ပြောလေ၏။ ဘိုးစံက ကပ္ပိယကြီး၏စကားကြောင့် မျက်မှောင်ကြုတ်၍





" နေချင်သလောက်နေနိုင်တယ် ဟုတ်လား၊ ဆရာတော်ကြီးက ခွင့်ပြုပါ့မလား "

ဟု မေးမြန်းလေ၏။ ထိုအခါ ကပ္ပိယကြီးက ရယ်မော၍

" ဒီကျောင်းက ဆရာတော်ကြီး ပျံလွန်တော်မူတာ ကြာပြီကွ၊ လောလောဆယ် ကျောင်းမှာ ကျောင်းထိုင်မရှိသေးဘူး၊ ကျောင်းကိုစောင့်နေရတဲ့ ငါတစ်ယောက်တည်းရှိတယ် "

ဟု ပြောလေရာ ဘိုးစံက ခေါင်းတဆတ်ဆတ်ညိတ်၍

" ဒါကြောင့် ကျုပ်ကိုပျော်သလောက် နေနိုင်တယ်လို့ ပြောတာကိုး၊ ရက်ရောပါ့ဗျာ "

ဟု ပြောလေ၏။ ကပ္ပိယကြီးက ရယ်မော၍

" မင်းက ငွေတစ်မတ်စွန့်ကြဲလိုက်ရလို့ မကျေမချမ်းဖြစ်နေ မင်းကို ကျောင်းမှာနေချင်သလောက်နေဖို့ ငွေတစ်မတ်နဲ့ ခွင့်ပြုလိုက်တာ တန်ပါတယ်ကွာ၊ ဒီမှာ ကိုယ့်လူ၊ မင်းအဆင်မပြေဘူးဆိုရင် မင်းကို ငါ့ဓာပဲ ကျွေးမွေးထားရဦးမယ် "

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ဘိုးစံသည် ကပ္ပိယကြီးစကားကြောင့် ခေါင်းညိတ်၍

" ကျုပ် ဗိုက်ဆာနေပြီ၊ ဘာကျွေးမှာလဲ "

ဟု မေးမြန်းလေ၏။ ကပ္ပိယကြီးက အနီးရှိ မီးဖိုကို လက်ဖြင့်ယမ်းပြ၍

" ဆန်ပြုတ်အိုးတည်ထားတယ်ကွ၊ သက်သတ်လွတ် ဆန်ပြုတ်ပေါ့ကွာ၊ အားရပါးရ သောက်ပေတော့."

ဟု ပြောလေ၏။ ဘိုးစံသည် သက်သတ်လွတ်ဆန်ပြုတ် ဆိုသဖြင့် မျက်နှာရှုံ့မဲ့သွားလေ၏။ ထို့ကြောင့် ခေါင်းခါယမ်း၍

" ကျုပ်က အသားမပါရင် ထမင်းစားမဝင်ဘူးဗျ "

ဟု ပြောလေ၏။ ကပ္ပိယကြီးက သက်ပြင်းချ၍

" အစားအသောက်ကျော့ အတော်ကြီးတဲ့ကောင်ပဲ၊ လူဟာ အသားစားသတ္တဝါမဟုတ်ဘူး၊ သက်သတ်လွတ်စားသတ္တဝါကွ၊ အသားစားသတ္တဝါရဲ့ အူသိမ်အူမတွေဟာ တိုတယ်၊ သက်သတ်လွတ်စား သတ္တဝါရဲ့ အူသိမ်အူမကတော့ ရှည်လျားတယ်၊ လူရဲ့ အူသိမ် အမှုတွေဟာ ရှည်လျားတယ်၊ ဒါကြောင့် လူဟာ သက်သတ်လွတ် စားသင့်တယ်၊ မင်း ငါနဲ့အတူနေရင်တော့ သက်သတ်လွတ်တွေပဲ စားရမယ်၊ မစားချင်ရင် ဒီကျောင်းက သွားပေတော့ "





ဟု မောင်းနှင်ထုတ်လေ၏။ ဘိုးစံက အထိတ်တလန့်ဖြင့်

" ဒီကျောင်းကတော့ မသွားပါရစေနဲ့၊ သက်သတ်လွတ် ဆိုလည်း စားပါ့မယ် "

ဟု ပြောကာ ဆန်ပြုတ်များကို ပန်းကန်သို့ထည့်၍ သောက် လေ၏။ ကပ္ပိယကြီး၏ ဆန်ပြုတ်သည် အရသာရှိလှ၏။

ဘိုးစံသည် ထိုညက ကပ္ပိယကြီး၏ ဖိုရုံကလေးနံဘေးရှိ ခွပ်ပျစ်လေး၌ အိပ်စက်လေ၏။

● ● ●



www.burmeseclassic.com

www.burmeseclassic.com



တောင်ပြုန်းရွာ၌ ကျန်ရစ်ခဲ့သော ညမွှေးပန်း၏အိမ်ကြီးလည်း မီးလောင်ခဲ့ချေပြီ။ ညမွှေးပန်း၏ခြံကြီး၌ မီးလောင်နေသော နတ်ရုပ် များနှင့် လူသေအလောင်းနှစ်လောင်း ကျန်ရစ်ခဲ့၏။

ခါးကုန်းကြီးထံမှရရှိခဲ့သော သားရေဖုံးစာအုပ်ကလေးကို ယခုထိ ဖွင့်မကြည့်ရသေး။

ထိုစာအုပ်ကလေးသည် လူ့အသက်နှစ်ချောင်းပေးခဲ့ရ ထိုစာအုပ်ကလေးသည် မည်မျှ အဖိုးတန်သနည်း။

ခါးကုန်းကြီးသည် ထိုစာအုပ်လေးကို လိုချင်လွန်း၍ ညမွှေးပန်း





ထဲ၌ ကျန်ခဲ့သည်ဆို၏။

ထိုစာအုပ်ထဲ၌ ရတနာသိုက်မြေပုံပင် ပါရှိလေသလော။ ချမ်းသာကြွယ်ဝစေသော ဂါထာမန္တရားများပင် ရေးမှတ်ထားလေသလော။

ဘိုးစံသည် တွေးရင်း စာအုပ်ကလေးကို စိတ်ဝင်စားလာ သဖြင့် လွယ်အိတ်ထဲမှ ထုတ်ကြည့်လိုက်၏။ ထိုအခိုက်မှာပင် အနီးသို့ ကပွဲယကြီး ရောက်ရှိလာပြီး

" မင်း တစ်ညလုံး စာဖတ်ရင် ရေနံဆီဖိုး ထပ်ပေးရမယ် "

ဟု ပြောလေရာ ဘိုးစံက ကပွဲယကြီးကို မျက်နှာရှုံ့မဲ့၍ ကြည့်လိုက်ပြီး

" ခင်ဗျားကြီးက အတော်စီးပွားရေးဆန်တာပဲ၊ ကပွဲယ မလုပ်ဘဲ ပွဲစားကြီး လုပ်ဖို့ကောင်းတယ် "

ဟု ဆိုကာ လွယ်အိတ်ထဲသို့ စာအုပ်ကိုပြန်ထည့်ကာ အိပ် ရာဝင်လေတော့၏။

● ● ●



www.burmeseclassic.com

www.burmeseclassic.com



ဘိုးစံသည် နောက်တစ်နေ့သို့ရောက်သောအခါ လွန်ခဲ့သောညက မဖတ်လိုက်ရသော သားရေဖုံးစာအုပ်ကို ဖတ်ရှုရန် ကြံစည်လေ၏။

သို့သော် လျှို့ဝှက်အပ်သောစာအုပ်ကို ကပ္ပိယကြီး၏ရှေ့၌ ဖတ်ရှုရန် ဆန္ဒမရှိသဖြင့် ကပ္ပိယကြီးတိုက်ကျွေးသော သက်သတ်လွတ် ဆန်ပြုတ်ကိုသောက်၍

" ကျုပ် အေးအေးဆေးဆေး အနားယူချင်တယ်၊ အနားယူရမဲ့နေရာကို လမ်းညွှန်ပြပါဦး "

ဟု မေးမြန်းလေရာ ကပ္ပိယကြီးက သဘောကျဟန်ဖြင့် ရယ်မော၍





" နံနက်စာ ဆန်ပြုတ်သောက်ပြီးတာနဲ့ မြန်မြန်အိပ်တော့မလို့လား၊ အတော်ဝီရိယကောင်းတဲ့ ပုဂ္ဂိုလ်ပဲကိုး၊ ကဲ… အေးအေးဆေးဆေး အိပ်ချင်ရင်တော့ ဟိုကမ်းပါးထိပ်က ညောင်ပင်ကြီးအောက် နတ်ကွန်းမှာ သွားပြီးအိပ်ပေတော့ "

ဟု လမ်းညွှန်လိုက်လေတော့သည်။

ဘိုးစံသည် ကပ္ပိယကြီး၏စကားကို နားထောင်ပြီး မြစ်ကမ်းအတိုင်း လျှောက်လှမ်းခဲ့လေ၏။

အရိပ်ကောင်းစွာရရှိသော ညောင်ပင်ကြီးအောက်၌ ရွာတော်ရှင် နတ်ကွန်းရှိ၏။

ဘိုးစံသည် နတ်ကွန်းအနောက်ရှိ အုတ်ခုံအောက်၌ ဝင်၍ ထိုင်လိုက်ရ၏။ ထို့နောက် လွယ်အိတ်ထဲရှိ သားရေဖုံးစာအုပ်လေးကို ထုတ်၍ စတင်ဖတ်ရှုလေ၏။

သားရေဖုံးစာအုပ် ထိပ်ဆုံး၌

*နယ်ပိုင်ဝန်ထောက် ဦးဇေယျ၏ မှတ်တမ်း*

ဟူသော စာတမ်းကို ဦးစွာတွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးစံသည် စာအုပ်ထဲတွင်ပါရှိသော အကြောင်းအရာများကို သိချင်စောဖြင့် စတင်ဖတ်ရှုလေ၏။

တစ်ချိန်က ကျွန်ုပ်သည် နယ်ပိုင်ဝန်ထောက်ရာထူးဖြင့် ရှိုင်မြို့ကြီးတစ်မြို့၌ တာဝန်ထမ်းဆောင်ခဲ့ဖူး၏။

ကျွန်ုပ်သည် လူပျိုလူလွတ်တစ်ဦးဖြစ်သဖြင့် အိမ်ထောင်တာဝန်များကို ထမ်းဆောင်ခြင်းမရှိဘဲ ရုံးပိတ်ရက်များ၌ အရာရှိကြီးများ စုဝေးလေ့ရှိသော ကလပ်၌သာ အချိန်ဖြုန်းလေ့ရှိ၏။

တစ်နေ့သ၌ ကျွန်ုပ်သည် မိတ်ဆွေတစ်ဦးဖြစ်သော ယစ်မျိုးအင်စပက်တော် ဦးဘလှနှင့်အတူ ကလပ်၌ ဘိလိယက် ကစားနေလေ၏။

ကျွန်ုပ်တို့သည် အတန်ကြာအောင် ဘိလိယက်ကစားပြီးနောက် ညှိခန်းထဲသို့သွားကာ သောက်ဆိပ်ဘီယာနှင့် ဒိန်ခဲကိုမြည်းရင်း ကိုလိုနီအရာရှိကြီးများ ခံစားလေ့ရှိသော စည်းစိမ်ကို ခံစားခဲ့ကြလေ၏။

ထိုအခိုက်မှာပင် ညှိခန်းထဲသို့ အပြူရောင်ဝတ်စုံဝတ်ဆင်





ထားသော အိန္ဒိယလူမျိုးတစ်ဦး ဝင်ရောက်လာကာ ကျွန်ုပ်တို့နှစ်ယောက်အား ရိုကျိုးဟန်ဖြင့် ဦးညွှတ်လိုက်ပြီး

" ကျေးဇူးပြုပြီး ကျွန်တော့်ကို ဝင်ခွင့်ပြုပါ၊ ကျွန်တော်ဟာ အရာရှိမင်းများရဲ့ အကူအညီကို ရယူချင်လို့ပါ "

ဟု တောင်းဆိုလေ၏။

အိန္ဒိယလူမျိုး၏ အင်္ဂလိပ်စကားပြောအဆင့်အတန်း မနိမ့်ကျလှကြောင်း ကျွန်ုပ်တို့နှစ်ဦးစလုံး ရိပ်စားမိလေ၏။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့အရာရှိကြီးနှစ်ဦးသည် ကလပ်ညှိခန်းထဲသို့ပင်ဝင်၍ အကူအညီတောင်းခံသော အိန္ဒိယလူမျိုးအား အလိုမကျသလို ဖြစ်သွားပြီး ကျွန်ုပ်က

" ဟောလီးဒေးမှာ အေးအေးဆေးဆေး အနားယူနေတာကျွ မင်းကို ကျုပ်တို့က ဘယ်လိုအကူအညီပေးရမှာလဲ "

ဟု လေသံပြတ်ပြတ်ဖြင့် မေးမြန်းလိုက်လေ၏။

ထိုအခါ အိန္ဒိယလူမျိုးက လွန်စွာရိုကျိုးသော အမူအရာဖြင့်

" အရာရှိမင်းများရဲ့ နားနေချိန်မှာ ကျွန်တော် အနှောင့်အယှက်ပေးမိလို



www.burmeseclassic.com

www.burmeseclassic.com



အနှောင့်အယှက်ပေးမိတာ အလွန်ပဲ ဝမ်းနည်းပါတယ်၊ ဒါပေမဲ့ ကျွန်တော့်မှာ ထူးခြားတဲ့စွမ်းရည်သတ္တိတစ်ခုရှိပါတယ်၊ ဒီစွမ်းရည်သတ္တိကို အရာရှိမင်းတို့သိအောင် ပြချင်လို့ပါ ;"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်တို့ အရာရှိနှစ်ဦးသည် အိန္ဒိယလူမျိုးအား မျက်လှည့်ဆရာတစ်ဦးဟု အထင်ရောက်သွားပြီး ပိုမိုအထင်အမြင်သေးကာ ကျွန်ုပ်က

" ဟေ့လူ… ခင်ဗျား ကျုပ်တို့ကို မျက်လှည့်ပြမလို့ မဟုတ်လား၊ အလိမ်အညာတွေကို ကျုပ်တို့ စိတ်မဝင်စားဘူး၊ မျက်လှည့်ပြပြီး ပိုက်ဆံတောင်းမယ့်လူဟာ အရာရှိကလပ်ကိုတောင် ဝင်ရဲတာကိုး၊ မင်း တော်တော်ရဲတင်းတာပဲ၊ ကျုပ်တို့ရှေ့ အခုချက်ချင်း ထွက်သွားစမ်း "

ဟု မောင်းနှင်ထုတ်လိုက်လေ၏။

ထိုအခါ အိန္ဒိယလူမျိုးက ကမန်းကတန်း လက်ကာပြ၍

" ကျွန်တော်ဟာ လူကြီးမင်းတို့ကို မျက်လှည့်ပြပြီး ပိုက်ဆံတောင်းမဲ့လူ မဟုတ်ပါဘူး၊ ကျွန်တော့်မှာရှိတဲ့ အလွန်ထူးဆန်းတဲ့





အစွမ်းတစ်ခုကို ပြချင်လို့ပါ "

ဟု ပြောလေရာ ကျွန်ုပ်၏မိတ်ဆွေ ယင်္ကမျိုးအင်ဂလိပ်တော် ဦးဘလှက အိန္ဒိယလူမျိုးကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး

" နေပါဦး၊ ခင်းမှာရှိတဲ့အစွမ်းဆိုတာ ဘာလဲ၊ မြေလျှိုးနိုးပျံနိုင်တဲ့အစွမ်းလား၊ ကိုယ်ပျောက်နိုင်တဲ့အစွမ်းလား "

ဟု မေးမြန်းလေ၏။

ထိုအခါ အိန္ဒိယလူမျိုးက ကျွန်ုပ်တို့နှစ်ဦးကို တည်ကြည်သော အမူအရာဖြင့်ကြည့်၍

" ကျွန်ုပ်ပေါ်မှာရှိတဲ့အစွမ်းက ကမ္ဘာလောကကြီးကို ကြည့်မြင်ရာမှာ မျက်စိနှစ်လုံးကို အသုံးမပြုဘဲ ကြည့်မြင်နိုင်သူပါ "

ဟု ပြောလေ၏။ အိန္ဒိယလူမျိုး၏ ထူးခြားသောစကားကြောင့် ကျွန်ုပ်က ခေါင်းခါယမ်းလိုက်ပြီး

" မင်းက ကမ္ဘာလောကကြီးကို မျက်လုံးနဲ့မကြည့်ဘဲ မြင်နိုင်တယ်ဆိုတော့ အကြားအမြင်ပေါက်နေတဲ့သဘောပေါ့၊ ဟုတ်ပြီ၊ ကျုပ် နားလည်ပြီ၊ မင်းဟာ ဗေဒင်ဆရာယောင်ယောင်၊ အကြား



www.burmeseclassic.com

www.burmeseclassic.com



အမြင်ဆရာယောင်ယောင် တစ်ယောက်ပေါ့၊ ကျုပ်တို့ ဗေဒင်ဝါသနာ မပါဘူး၊ သွားပေတော့ ”

ဟု မောင်းနှင်ထုတ်ပြန်၏။ ထိုအခါ အိန္ဒိယလူမျိုးက သက်ပြင်းချ၍

“ ကျွန်တော် ဗေဒင်ဆရာလည်း မဟုတ်ဘူး၊ ကျေးဇူးပြု ပြီး ကျွန်တော့်ကို ထိုင်ခွင့်ပြုပါ၊ လူကြီးမင်းတို့နားလည်အောင် အေးအေးဆေးဆေး ရှင်းပြချင်လို့ပါ ”

ဟု ပြောလေရာ ကျွန်ုပ်က ကလပ်စည်ခုံနား၌ထိုင်ရန် လက်ဖြင့် ပြလိုက်၏။

အိန္ဒိယလူမျိုးသည် ကျွန်ုပ်တို့ရှေ့၌ ဣန္ဒြေရရ ဝင်ထိုင်လိုက်ပြီး

“ ကျွန်တော့်နာမည် ရှန်ကာရလို့ ခေါ်ပါတယ်၊ ကျွန်တော် က ကမ္ဘာလောကကြီးကို မျက်စိနဲ့မကြည့်ဘဲ မြင်နိုင်သူပါ၊ ကျွန်တော့် ရဲ့ မျက်လုံးအစုံကို ပတ်တီးနဲ့ အထပ်ထပ်ပိတ်ပြီး ဖုံးအုပ်ထားရင် တောင် ကျွန်တော်ဟာ အရှေ့မှာရှိတဲ့သူတွေကို မျက်စိနဲ့ကြည့်နေသလို မြင်နိုင်ပါတယ်၊ ပတ်တီးအထပ်ထပ်ပိတ်ထားတဲ့ မျက်လုံးနဲ့ စာအုပ်





တစ်အုပ်ကိုတောင်၊ စာလုံးတစ်လုံးမှမမှားဘဲ ဖတ်ရှုနိုင်ပါတယ်၊ ဆိုရင် အရောင်းမှာ ကျွန်ုပ်ရဲ့အစွမ်းကို လက်တွေ့စမ်းသပ်နိုင်ပါတယ် ”

ဟု ပြောလေရာ ကျွန်ုပ်တို့အရာရှိနှစ်ဦးသည် အိန္ဒိယလူမျိုး ရှန်ကာရ ဆိုသူ၏စကားကို မယုံနိုင်ဟန်ဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်လေ၏။

ကျွန်ုပ်သည် မည်သည့်အရာကိုမဆို အပြောဖြင့် ယုံကြည် တတ်သူ မဟုတ်ဘဲ လက်တွေ့စမ်းသပ်တတ်သူဖြစ်သဖြင့် ထိုင်ရာမှ ထရပ်၍

“ ဒီလိုပြောရုံနဲ့ ကျုပ်တို့မယုံနိုင်ဘူး၊ ခင်ဗျားရဲ့အစွမ်းကို လက်တွေ့သိချင်တယ် ”

ဟု ပြောလေရာ အိန္ဒိယလူမျိုးသည် အားတက်သရော ခေါင်းညိတ်၍

“ လူကြီးမင်း လက်တွေ့ စမ်းသပ်ကြည့်နိုင်ပါတယ်၊ ကျွန်တော်မျိုး ဝမ်းသာအားရ ဖိတ်ခေါ်ပါတယ် ”

ဟု ပြောလေ၏။



www.burmeseclassic.com

ကျွန်ုပ်သည် စိတ်မြန်လက်မြန်ဖြင့် ရှန်ကာရဆိုသူ၏

အနောက်သို့သွားကာ မျက်လုံးအစုံကို လက်ဖြင့်ပိတ်လိုက်၏။

ထို့နောက် အရှေ့၌ရပ်နေသော ယစ်မျိုးအင်စပက်တော်

ဦးဘလှအား

" ခင်ဗျား လက်ထောင်ပြစမ်းဗျာ၊ ခင်ဗျား ဘယ်နှစ်ချောင်း

ထောင်သလဲဆိုတာ သူ့ကိုမေးပြီး သူ့ရဲ့အစွမ်းကို ကြည့်ရမှာပဲ "

ဟု ပြောလေရာ ဦးလှဖေက သူ၏လက်သုံးချောင်း ထော

ပြလေ၏။ ထိုအခါ ကျွန်ုပ်က ရှန်ကာရအား

" ခင်းရဲ့ရှေ့မှာ လက်ဘယ်နှစ်ချောင်းထောင်ပြသလဲ "

ဟု မေးမြန်းလိုက်ရာ ရှန်ကာရက တည်ငြိမ်အေးဆေးသေ

အမူအရာဖြင့်

" လက်သုံးချောင်း ထောင်ပြပါတယ် ဆရာ "

ဟု ပြောလေရာ ကျွန်ုပ်တို့နှစ်ဦးစလုံး အံ့အားသင့်သွားလေ

သို့သော် မည်သည့်အကြောင်းအရာကိုမျှ အလွယ်တ

လက်မခံတတ်သော ကျွန်ုပ်က





" နောက်တစ်ကြိမ် ထပ်စမ်းဦးမယ် "

ဟု ပြောလေ၏။ ထို့နောက် ဦးလှဖေက သူ၏လက်ချောင်း

ချောင်းကို ထောင်ပြလိုက်၏။

အိန္ဒိယလူမျိုး ရှန်ကာရက တည်ငြိမ်သောအမူအရာနှင့်ပင်

" လက်ငါးချောင်း ထောင်ပြပါတယ် "

ဟု ပြောလေ၏။ ကျွန်ုပ်သည် ရှန်ကာရ၏ မျက်လုံးပေါ်တွင်

ထားသောလက်ကို ဖယ်ရှားလိုက်ပြီး

" မင်းမဆိုးဘူး "

ဟု ချီးမွမ်းလိုက်လေ၏။ ထိုအခါ ယစ်မျိုးအင်စပက်တော်

ဖေက ရှန်ကာရကို ကျေနပ်ဟန်မရှိသေးဘဲ နံရံ၌ ချိတ်ထားသော

ကုတ်အင်္ကျီကိုယူ၍ ရှန်ကာရ၏မျက်လုံးများကို သေချာစွာ

ည်နှောင်လေ၏။

ထို့နောက် ရှန်ကာရက စမ်းသပ်ရန် ကျွန်ုပ်အား လက်ဟန်

ဟန်ဖြင့် အချက်ပြလေ၏။

ထိုအခါ ကျွန်ုပ်က ကုတ်အင်္ကျီထဲရှိ မောင်တိန်ကို ဆွဲထုတ်

www.burmeseclassic.com



၍ ရှန်ကာရကိုကြည့်ကာ

" ကျွန့်ပ်လက်ထဲမှာကိုင်ထားတာ ဘာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ ရှန်ကာရ

" မောင်တိန်ပါ ခင်ဗျာ "

ဟု ပြောလေ၏။ ကျွန့်ပ်သည် ထပ်မံ၍ စမ်းသပ်လိုသဖြ

လူထူးလူဆန်း ရှန်ကာရ၏ရှေ့၌ လက်သီးဆုပ်ကာ

" ကျွန့်ပ် ဘာလုပ်ပြနေသလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ ရှန်ကာရက

" ကျွန်တော်မျိုးကို လက်သီးဆုပ်ပြနေပါတယ် "

ဟု ပြောလေရာ ကျွန့်ပ်တို့နှစ်ဦးသည် ရှန်ကာရ၏စ

ကို အံ့သြခြင်းမက အံ့သြနေလေ၏။

ထို့နောက် ကျွန့်ပ်၏မိတ်ဆွေ ဦးလှဖေက ရှန်ကာရဆို

လူထူးလူဆန်းကို စိတ်ဝင်စားဟန်ဖြင့် ကြည့်၍

" မင်းမှာ လှည့်ကွက်လေးတစ်ခုတော့ ရှိပုံရတ

ဒီလှည့်ကွက်ကို ပြောပြပါဦး "





ဟု မေးမြန်းလေ၏။ ထိုအခါ ရှန်ကာရက

" ဒါဟာ လှည့်ကွက်မဟုတ်ပါဘူးဗျာ၊ ကျွန်တော်ရဲ့

…ည်သတ္တဝါ အစစ်အမှန်ပါ၊ ဒီလိုစွမ်းသတ္တိမျိုးရဖို့အတွက် နှစ်ပေါင်း

…ွာ ကျင့်ကြံအားထုတ်လာခဲ့ရပါတယ် "

ဟု ပြောလေ၏။ ကျွန့်ပ်သည် လူထူးဆန်း ရှန်ကာရ၏

…ဖြအနေကြောင့် လွန်စွာစိတ်ဝင်စားသွားပြီး

" ဘယ်လိုကျင့်ကြံအားထုတ်ခဲ့တာလဲ၊ စိတ်ဝင်စားလွန်းလို့

…ာပြပါ "

ဟု မေးမြန်းလေ၏။ ထို… ရှန်ကာရဆိုသော လူထူးဆန်းက

" ဒါဟာ ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာဖြစ်နေလို့

…ပြောနိုင်တာကို ခွင့်လွှတ်ပါဗျာ "

ဟု ပြောလေ၏။ ထိုအခါ ကျွန့်ပ်က ရှန်ကာရကိုကြည့်၍

…တ်ပြင်းချလိုက်ပြီး

" ကောင်းပြီ၊ မင်းရဲ့ ကိုယ်ရေးကိုယ်တာကို မမေးတော့ပါ

…ူး၊ ကျုပ်တို့ကို လာတွေ့တဲ့အကြောင်းကို ပြောပါဦး "



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလေ၏။ ထိုအခါ ရှန်ကာရက

" ကျွန်တော်က ဒီမြို့မှာရောက်နေတဲ့ လိုင်းရင်းစီးတီး

ဆက်ကပ်အဖွဲ့မှာ လူထူးလူဆန်းတစ်ယောက်အနေနဲ့ ကပြပါတယ်"

ဟု ပြောလေ၏။

ကျွန်ုပ်သည် မြို့ပေါ်သို့ ရောက်ရှိနေသော လိုင်းရင်းစီးတီး

အဖွဲ့ကို ကောင်းစွာသိ၏။ ထိုဆက်ကပ်အဖွဲ့၏ ပြကွက်များကို

စိတ်ဝင်စားလွန်းသဖြင့် လက်မှတ်ဝယ်ယူရန်ပင် ကြံစည်ထားလေ၏

လိုင်းရင်းစီးတီးဆက်ကပ်အခါ ၎င်းသည် မြို့ခွန်ရှိ ဘောလုံး

ကွင်းကြီး၌ တာခမ်းတနား ဖင်္ဂျော်ဖြေခင်းပြသနေလေ၏။

လူထူးလူဆန်း ရှန်ကာရက ဆက်လက်၍

" ကျွန်တော့်ကို မျက်စိများကိုအသုံးမပြုဘဲ မြင်နိုင်သူအဖြစ်

ဆက်ကပ်အဖွဲ့မှာ ကြော်ငြာထားပါတယ်၊ နောက်ပြီးတော့ ကျွန်တော်

ဟာ ဆက်ကပ်အဖွဲ့ကြီးကို လူတွေစိတ်ဝင်စားအောင် ကျွန်တော့်

အစွမ်းကိုအသုံးပြုပြီး ကြော်ငြာပေးရပါတယ် "

ဟု ပြောလေ၏။ ထိုအခါ ရှန်ကာရ၏အကြောင်းကို အလွန်





စိတ်ဝင်စားသော ယမ်မျိုးအင်စပက်တော် ဦးလှပေက

" နေပါဦး၊ ခင်းတို့ဆက်ကပ်အဖွဲ့ကြော်ငြာလေးနဲ့ ကျွပ်တို့

နဲ့ ဘာဆိုင်လို့လဲ "

ဟု မေးမြန်းလေ၏။ လူထူးလူဆန်း ရှန်ကာရက

" ကျွန်တော်က မြို့တစ်မြို့ကိုရောက်တိုင်း မြို့ပေါက

ဓာတ်သရေရှိလူကြီးမင်းတွေကို ရှာဖွေရတယ်၊ ပြီးတော့ ဆက်ကပ်

အဖွဲ့ရဲ့ ကြော်ငြာအတွက် ကျွန်တော့်ရဲ့မျက်လုံးကို ဂုဏ်သရေရှိ

လူကြီးမင်းကိုယ်တိုင် ပတ်တီးနဲ့ စီးနှောင်စေပါတယ်၊ ဒီလိုမလုပ်ရင်

ဒီသူမြို့သားတွေက မုသာဝါဒ- ကျူးလွန်တယ်လို့ ယူဆကြမှာပါ၊

ဓာတ်သရေရှိ လူကြီးမင်းကိုယ်တိုင် ကျွန်တော့်မျက်လုံးကို ပတ်တီးနဲ့

စည်းပြီးရင် ကျွန်တော်ဟာ တစ်မြို့လုံးအနှံ့ လမ်းကြိုလမ်းကြားပါ

မကျန် စက်ဘီးနဲ့သွားပြီး ကြော်ငြာပေးရမှာပါ "

ဟု ပြောလေရာ ကျွန်ုပ်သည် ရှန်ကာရ၏ ထူးခြားသော

ရှိတားခန်းကို အလွန်စိတ်ဝင်စားသွားလေ၏။

မြို့ပေါ်၌ ရထားလုံးများ၊ စက်ဘီးများ ပွားပန်းခတ်အောင်



www.burmeseclassic.com

www.burmeseclassic.com



များပြားလှ၏။ ထိုမျှများပြားသော လူစုလူဝေးကြား၌ မျက်နှာကို ပတ်တီးဖြင့်စီးပြီး စက်ဘီးစီးရသည်မှာ အန္တရာယ်များလွန်းလှ၏။

ဤမျှအန္တရာယ်များပြားသောအလုပ်ကို လုပ်ဝံ့သော ရှန်ကာရကို သနားကရုဏာသက်သလိုပင် ဖြစ်မိ၏။

ထို့ကြောင့် ရှန်ကာရ အကူအညီတောင်းသောအလုပ်ကို လုပ်ကိုင်ပေးရန် ဆုံးဖြတ်လိုက်လေ၏။

ကျွန်ုပ်တို့သည် ရှန်ကာရ အသင့်ယူဆောင်လာသော ပတ်တီးဖြင့် ၎င်း၏မျက်စိ၊ မျက်နှာနှင့် ဦးခေါင်းပါမကျန် ရစ်ပတ်လေ၏။

ရှန်ကာရသည် ၎င်း၏မျက်နှာတစ်ပြင်လုံး ပတ်တီးမျ… စည်းနှောင်ပြီးသောအခါ ထိုင်ရာမှထ၍

" ကျွန်တော့်ကို အခုလိုကူညီတဲ့အတွက် လူကြီးမင်းတို့ကို ကျေးဇူးအထူးပါတယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး "

ဟု ပြောကာ ထိုင်ရာမှထ၍ ကျွန်ုပ်တို့အရှေ့မှ ထွက်သွားလေ၏။ ရှန်ကာရသည် အမှန်တကယ်ပင် ကလပ်ထဲမှ ဘေးမသ ရန်မခဘဲ ထွက်သွားနိုင်လေ၏။





ရှန်ကာရသည် ကလပ်အပြင်သို့ရောက်သောအခါ စက်ဘီးတစ်စီးပေါ်သို့တက်လေ၏။ စက်ဘီးထိုင်ခုံ၏အနောက်တွင် ဘုတ်ပြားကြီးတစ်ချပ်ကို ထောင်ထားပြီး ဘုတ်ပြားပေါ်၌ ဆေးရောင်စုံဖြင့် အောက်ပါအတိုင်း ရေးသားထားလေ၏။

| |
|---|
| ရှန်ကာရ |
| မျက်စိနှင့်မကြည့်ဘဲ မြင်နိုင်သူ |

ဘုတ်ပြား၏အောက်ခြေ၌ ယနေ့ည ဤမြို့၌ ရှန်ကာရပါဝင်သော လိုင်းရင်းစီးတီးဆက်ကပ်အဖွဲ့ ကပြဖျော်ဖြေမည်။

ရှန်ကာရ၏စက်ဘီးအနီး၌ စိတ်ဝင်စားသူလူများနှင့် ကလေးသူငယ်များ ဝိုင်းအုံနေလေ၏။

ရှန်ကာရသည် မျက်လုံးအစုံကို ပတ်တီးအထပ်ထပ်စည်းနှောင်ထားသော်လည်း မျက်စိမြင်သူတစ်ဦးနှင့်မခြားဘဲ စက်ဘီးပေါ်သို့ လွှားခနဲ ခုန်တက်၍ စတင်စီးနင်းလေ၏။

ထိုအခါ ရှန်ကာရကို ဝိုင်းဝန်းကြည့်ရှုနေသူများသည် လက်ခုပ်လက်ဝါးတီး၍ အားပေးကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်များသည် ရှန်ကာရ၏ စက်ဘီးအနောက်သို့ အပြေးအလွှား လိုက်ပါသွားကြလေ၏။

ရှန်ကာရသည် ရှုပ်ထွေးလှသော စက်ဘီးများကြား၌ ကျွင်လည်စွာ စီးနှင်းသွားလေ၏။

ကျွန်ုပ်နှင့် ဦးလှမေသည် ရှန်ကာရ၏နောက်ကျောကို တအံ့တဩကြည့်ရှု၍ ကျန်ရစ်ခဲ့လေ၏။

ကျွန်ုပ်တို့နှစ်ယောက်စလုံး ထိုနေ့ညသို့ ရှန်ကာရပါဝင်သော လိုင်းရှင်းစီးတီး ဆပ်ကပ်အဖွဲ့သို့ သွားရောက်ကြည့်ရှုရန် ဆုံးဖြတ်လိုက်လေ၏။

● ● ●





ထိုနေ့ညသို့ရောက်သောအခါ ကျွန်ုပ်နှင့် ယစ်မျိုးအင်စပက်တော် ဦးလှမေသည် ဆပ်ကပ်ပွဲကြည့်ရန် မြို့ပြင်သို့ထွက်ခဲ့လေ၏။

မြို့ပြင်သို့ရောက်လျှင် လိုင်းရှင်းစီးတီးဆပ်ကပ်အဖွဲ့၏ ဆပ်ကပ်ရုံကြီးကို ခမ်းနားစွာ ပြင်ဆင်ထားကြောင်း တွေ့ရ၏။

ဆပ်ကပ်ရုံကြီး၏အရှေ့၌ စိတ်ဝင်စားဖွယ်ကောင်းသော မီးစားသည့်ပြကွက်၊ ကျွမ်းဘားကစားသည့် ပြကွက် စသည်တို့ကို ပန်းချီရေးဆွဲထားလေ၏။

ဆပ်ကပ်ရုံကြီး၏အထက်၌ ရှန်ကာရ၏ပုံကို ပန်းချီရေးဆွဲထားပြီး လူထူးလူဆန်း ရှန်ကာရ၊ မျက်စိနှင့်မကြည့်ဘဲ မြင်နိုင်သူ



www.burmeseclassic.com

ဟူသော စာကြောင်းကြီးကို ဆေးရောင်စုံဖြင့် ရေးဖွဲ့ထားလေ၏။

လိုင်းရင်းစီးတီး ဆပ်ကပ်အဖွဲ့၌ ရှန်ကာရ၏ပြကွက်များကို လူများစိတ်ဝင်စားဆုံး ဖြစ်ပုံရ၏။

မကြာမီ လူထုးလူဆန်း ရှန်ကာရ၏ အစွမ်းပြကွက်များကို မြင်တွေ့ရပေတော့မည်။

ကျွန်ုပ်တို့သည် ဆပ်ကပ်အဖွဲ့၏ မီးစားသောပြကွက်၊ မြွေအလမ္ပာယ်ပြကွက်၊ ဓားရှည်ကို မျိုချသည့်ပြကွက် စသည်တို့ကို ရှုမငြီးအောင် ကြည့်ရှုရလေ၏။

ဆပ်ကပ်အဖွဲ့၏ ပဏာမပြကွက်များ ပြီးဆုံးသွားသော အခါ ပရိသတ်များ အထူးမျှော်လင့်စောင့်စားနေသော ရှန်ကာရ၏ ပြကွက်များ စတင်လေ၏။

ရှန်ကာရ စင်မြင့်ပေါ်သို့ရောက်သောအခါ တစ်ရုံးလုံး၏ မီးများကို မှိတ်လိုက်ပြီး ရှန်ကာရတစ်ယောက်တည်းကိုသာ စလိုက်မီး ထွန်းထားလေ၏။

ပရိသတ်များက ရှန်ကာရကို လက်ခုပ်တဖြောင်းဖြောင်းတီး





၍ ကြိုဆိုကြလေ၏။

ရှန်ကာရသည် ပရိသတ်အချို့ကို စင်မြင့်ပေါ်သို့ ဖိတ်ခေါ်လိုက်ပြီး သူ၏မျက်နှာကို ပတ်တီးများဖြင့် အထပ်ထပ် စည်းနှောင်စေ၏။

ရှန်ကာရသည် မျက်နှာတစ်ပြင်လုံး ပတ်တီးစည်းနှောင်ပြီး သောအခါ ဂျိုကာဝတ်စုံ ဝတ်ဆင်ထားသော ကလေးငယ်တစ်ဦး စင်နောက်မှထွက်လာပြီး ရှန်ကာရ၏လက်ထဲသို့ ရွှေရောင်သေနတ် တစ်လက်ကို ထည့်ပေးလေ၏။

ထို့နောက် ကလေးငယ်သည် မလှမ်းမကမ်းသို့သွား၍ သူ၏ ခေါင်းပေါ်သို့ နို့ဆီခွက်တစ်ခွက်ကို တင်လေ၏။

ရှန်ကာရသည် ကလေးငယ်၏ခေါင်းပေါ်တွင် တင်ထား သော နို့ဆီခွက်ကို သေနတ်ဖြင့် ချိန်လိုက်၏။

ကျွန်ုပ်သည် ထိုမြင်ကွင်းကိုကြည့်၍ လွန်စွာ စိတ်လှုပ်ရှား နေမိ၏။

ရှန်ကာရသည် ကလေးငယ်၏ခေါင်းကို ချိန်ရွယ်၍ သေနတ် ကို ဒိုင်းခနဲ ပစ်လိုက်လေ၏။ သေနတ်သံနှင့်အတူ ကလေးငယ်၏



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းပေါ်ရှိ နို့ဆီခွက်လည်း လွင့်ပျံထွက်သွား၏။

ထိုအခါမှပင် ဆပ်ကပ်ရုံတစ်ရုံလုံး လက်ခုပ်လက်ဝါး တချောင်းချောင်း တီးတော်ကြလေ၏။ ထို့နောက် မိန်းမပျိုလေးတစ်ဦး စင်မြင့်ပေါ်သို့တက်လာပြီး နို့ဆီခွက်၌စိုက်ဝင်နေသော ကျည်ဆံ ထိပ်ဖူးကိုထုတ်၍ ပရိသတ်ကို ဝေ့ယမ်းပြလေ၏။

ပရိသတ်သည် ရှန်ကာရ၏အစွမ်းကို သဘောကျလွန်းသဖြင့် ရူးမှင်လုမတတ် အားပေးကြလေ၏။ ရှန်ကာရ၏ပြကွက်တစ်ကွက်မှာ မိန်းမလှလေးကို လှည်းဘီးပုံသဏ္ဌာန် သစ်သားပြား၌ ချည်နှောင်၍ ပေါက်ဓားများဖြင့် တစ်ချက်ပြီးတစ်ချက် ပစ်ပေါက်လေ၏။

မိန်းမလှလေး၏ ခန္ဓာကိုယ်နှင့် အနီးစပ်ဆုံးနေရာများ၌ ပေါက်ဓားများ တစ်ချောင်းပြီးတစ်ချောင်း စိုက်ဝင်လေရာ ပရိသတ် များသည် ဘုရားတကြကုန်၏။

မျက်လုံးအစုံကို ပတ်တီးစည်းထားသော ရှန်ကာရ၏ လက်မှ တစ်ချက်လွဲချော်သွားလျှင် မိန်းမလှလေး အသက်ဆုံးပါးသွားနိုင်၏။

ထိုပြကွက်ကို မျက်စိမြင်သူများပြုလျှင်ပင် ရင်တမမနှင့် ကြည့်





ရှုရ၏။ ရှန်ကာရကဲ့သို့ မျက်လုံးများ စည်းနှောင်ထားသူဆိုလျှင် ပြောဖွယ်ရာ မရှိတော့။

ရှန်ကာရသည် ပေါက်ဓားများကို ကုန်စင်အောင်ပေါက်ပြ ပြီးပြီး ပရိသတ်အား ဦးညွှတ်၍ အရိုအသေပေးလိုက်သောအခါ ပရိသတ်၏အားပေးသံများ မိုးသို့ညံသွားလေ၏။

ရှန်ကာရ၏ နောက်ထပ်ပြကွက်တစ်ကွက်မှာ မိန်းမချော လေးငါးယောက်ကို စင်ပေါ်၌ လှည့်လည်ကပြစေပြီး မျက်နှာကို အဝတ်စည်းထားသော ရှန်ကာရက မိန်းမချောလေးများကို တင်းနစ် ဘောလုံးဖြင့် ထိမှန်အောင် ပစ်ပေါက်သောပြကွက်ဖြစ်၏။ မိန်းမ ချောလေးများသည် ရှန်ကာရ၏ဘောလုံးများ မထိအောင် ကပြရင်း ရှောင်တိမ်းလေရာ မည်သို့ပင် ရှောင်တိမ်းစေကာမူ နောက်ဆုံး၌ ရှန်ကာရ၏ ဘောလုံးများ ထိမှန်ကြလေ၏။ ထိုပြကွက်သည် ရယ်ရွှင် ဖွယ် ဟာသဆန်ဆန် ပြသသဖြင့် ပရိသတ်များ အလွန်သဘောကျ ကြလေ၏။

ရှန်ကာရ၏ နောက်ဆုံးပြကွက်မှာ ရိုးရှင်းသော်လည်း အံ့ဩ



www.burmeseclassic.com

www.burmeseclassic.com



ဖွယ် ကောင်းလှ၏။

ရှန်ကာရ၏ခန္ဓာကိုယ်ပေါ်သို့ သံစည်ပိုင်းငယ်တစ်လုံး
ခွပ်ချလိုက်ပြီး လက်နှစ်ဖက်သာ အပြင်သို့ ထုတ်ထားလေ၏။

သံစည်ပိုင်းငယ်မှ ခန္ဓာကိုယ်အပေါ်ပိုင်းကို ဖုံးလွှမ်းထား
လက်မောင်းနှစ်ဖက်သာ လွတ်လပ်နေလေ၏။ ရှန်ကာရသည်
ထိုလက်နှစ်ဖက်ဖြင့် အပ်နှင့်အပ်ချည်ကို ကိုင်ထားပြီး အပ်န
ပေါက်ထဲသို့ အပ်ချည်အား သေသပ်စွာ ထိုးစိုက်ပြလေ၏။

ပရိသတ်များသည် သဘောကျလွန်းသဖြင့် လက်ခုပ် လက်
တီး၍ အားပေးကြပြန်၏။

ရှန်ကာရ၏ ပြကွက်များလည်း ပြီးဆုံးသွားလေတော့
ထိုနေ့သ ဆပ်ကပ်ပွဲပြီးဆုံးသောအခါ ကျွန်ုပ်၏မိတ်ဆွေ
ဦးလှဖေသည် လိုင်းရင်းစီးတီး ဆပ်ကပ်အဖွဲ့ကို ချီးမွမ်းခန်းဖွ
ပြန်သွားလေ၏။

ကျွန်ုပ်တစ်ကိုယ်တည်း အိမ်သို့ပြန်လာရာမှ ရှန်ကာရ
စကားပြောဆိုချင်စိတ်များ ဖြစ်ပေါ်လာပြီး ဆပ်ကပ်ရုံသို့ ပြန်လှ





ခဲ့လေ၏။

ဆပ်ကပ်ရုံအနောက်သို့ရောက်သောအခါ ဆပ်ကပ်သမား
များနှင့် ဝေးရာ၌ ခုန်းဆီးများ ကာရံထားပြီး တစ်ကိုယ်တည်း
နေထိုင်သော ရှန်ကာရကို တွေ့ရလေ၏။

ရှန်ကာရသည် ဖာတ်ခုံပေါ်၌စည်းနှောင်ထားသော ပတ်တီး
များကို ဖြေနေပြီး ကျွန်ုပ်ကို ရုတ်တရက်မြင်သောအခါ အံ့ဩပာန်
မြင်ကြည့်၍

" နယ်ပိုင်ဝန်ထောက်မင်း ကြွပါ ခင်ဗျာ၊ ထိုင်ပါ "

ဟု ဆိုကာ သူ၏အနီးရှိ ထိုင်ခုံ၌ နေရာပေးလေ၏။

ကျွန်ုပ်သောက်ရန် ကော်ဖီတစ်ခွက်ကိုလည်း မှာပေးလေ၏။
ပြီးနောက် ရှန်ကာရက ဖော်ရွေသော အမူအရာဖြင့်

" နေ့လယ်က နယ်ပိုင်ဝန်ထောက်မင်း ဆပ်ကပ်မကြည့်
ဘူးထင်လို့ လက်မှတ်မပေးမိတာ ခွင့်လွှတ်ပါ ခင်ဗျာ၊ ကျွန်တော့်ရဲ့
ပြကွက်တွေကို မြင်လိုက်မယ် ထင်ပါတယ် "

ဟု ပြောလေရာ ကျွန်ုပ်က ကော်ဖီတစ်ငုံသောက်၍



www.burmeseclassic.com

www.burmeseclassic.com



" မောင့်ရဲ့ဖြစ်ရွက်တွေဟာ အံ့မခန်းပါပဲ၊ ကျုပ်နဲ့အ

ယ်မျိုးအင်စပက်တော် ဦးလှဖေလည်း အတူလိုက်ကြည့်ပါတယ

ဦးလှဖေကတော့ ပြန်သွားပြီ၊ ကျုပ်ကတော့ မောင်ရင်နဲ့ စကားပြေ

ချင်သေးလို့ ဆပ်ကပ်ရုံနောက်ကို လှည့်ပြီးဝင်လာခဲ့တာပါ "

ဟု ပြောလေ၏။ ရှန်ကာရသည် ကျွန်ုပ်၏စကားကြော

" ကျွန်တော်နဲ့ တွေ့ချင်တဲ့အကြောင်းကို အမိန့်ရှိ

နယ်ပိုင်မင်း "

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က ရင်းနှီးသော အမူအရာဖြ

" ကျုပ်ကို နယ်ပိုင်မင်းတွေ ဘာတွေ ခေါ်မနေပါနဲ့ဗျာ

ရင်းရင်းနှီးနှီး ဦးဖေယျလို့ ခေါ်နိုင်ပါတယ်၊ ကျုပ်တို့က မိတ်ဆွေတွေ

ဖြစ်နေပြီပဲ "

ဟု ပြောလေရာ ရှန်ကာရသည် ဝမ်းသာသောအမူအရာဖြ

" ကျွန်တော် ဆပ်ကပ်အဖွဲ့နဲ့ နိုင်ငံပေါင်းစုံလှည့်ပြီး ပြ

ဖူးပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့လို ဆပ်ကပ်က လူထူးလူဆန်း

တစ်ယောက်ကို ဂုဏ်သရေရှိလူကြီးမင်းတွေက မိတ်ဆွေဖွဲ့ချင်တယ်





ာ ကြုံတောင့်ကြုံခဲပါ၊ များသောအားဖြင့် လူကြီးလူကောင်း

ာ ဆပ်ကပ်လူရွှင်တော်ဆိုရင် မတူမတန်သလို ဆက်ဆံချင်

ယ်၊ ဒါကြောင့် ဦးဖေယျက မိတ်ဆွေလို့ သဘောထားတယ်

ာ အလွန်ပဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ် "

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က

" ကျွန်ုပ်တို့နှစ်ယောက် မိတ်ဆွေဖြစ်တဲ့ အထိမ်းအမှတ်

နောက်တစ်နေ့ ကျုပ်အိမ်မှာ ထမင်းစိတ်ကျွေးပါရစေ "

ဟု ဖိတ်ခေါ်လေရာ ရှန်ကာရက ဝမ်းမြောက်ဝမ်းသာပင်

ခဲ့လေ၏။

နောက်တစ်နေ့သို့ရောက်သောအခါ ကျွန်ုပ်၏ဒရိုင်ဘာသည်

ကားနက်ကလေးဖြင့် ရှန်ကာရအား သွားရောက်ခေါ်ဆောင်

ကျွန်ုပ်၏ထမင်းချက်သည် ဘင်္ဂါလီလူမျိုးတစ်ယောက်ဖြစ်

ာ ရှန်ကာရစားသောက်နိုင်ရန် ကောင်းမွန်ပြည့်စုံစွာ ချက်ပြုတ်

ေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ နေ့လယ်စာစား ပြီးသောအခါ ဝရန်တာ၌ထိုင်

မလိုင်မုန့်ကလေးများနှင့် အချိုတည်းကြလေ၏။

ရှန်ကာရသည် ကျွန်ုပ်ဘဝအကြောင်းကို စိတ်ဝင်စာ

မေးမြန်းလေ၏။

ရှန်ကာရ၏အလှည့်ပြီးသောအခါ ကျွန်ုပ်၏အလှည့်

ရောက်လေ၏။ ကျွန်ုပ်က

" ကျုပ်တို့ မိတ်ဆွေဖြစ်နေပြီဆိုတော့ ရင်းရင်းနှီးနှီး

ချင်တယ်၊ သိလည်းသိချင်တယ်၊ ကျုပ်က စာရေးဆရာတစ်ယော

တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ထူးခြားဆန်းကြယ်မှုတွေကို အ

စိတ်ဝင်စားတယ်၊ ကျုပ်တို့အမျိုးထဲမှာ နတ်ဝင်သည်တွေရှိတ

ကျုပ်ရဲ့အဘိုးတစ်ယောက်က အင်္ဂရိတ်ဝါသနာအိုးကြီးပဲ၊ ကျုပ်

ရဲ့ ညီတစ်ယောက်ဟာ ကိုလိုနီအစိုးရ အရာရှိတစ်ယောက်ဖြစ်

ဗေဒင်ဆရာအလုပ်ကိုလဲ လုပ်ကိုင်တယ်၊ ဒါကြောင့် ဖြစ်နိုင်မယ်

မိတ်ဆွေရဲ့ ထူးခြားဆန်းကြယ်တဲ့ အကြောင်းအရာတွေ ဘယ်

ပိုင်ဆိုင်ခွင့်ရခဲ့တယ်ဆိုတာ ကျုပ်ကို ပြောပြပါလား၊ ကျုပ်စာအုပ်





တ်တမ်းတင်ထားချင်လို့ပါ"

ဟု တောင်းဆိုခဲ့လေ၏။

ကျွန်ုပ်၏တောင်းဆိုချက်ကို ရှန်ကာရသည် အတန်ကြာ

အောင် မျက်မှောင်ကြုတ်၍ စဉ်းစားနေလေ၏။

ကျွန်ုပ်၏တောင်းဆိုချက်ကြောင့် ရှန်ကာရ အခက်တွေ့နေ

ကြောင်း တွေ့ရသောအခါ စပ်စုလိုစိတ်ကိုလျှော့၍

" လျှို့ဝှက်အပ်တဲ့အကြောင်းအရာတွေကို မပြောချင်ဘူး

ဆိုရင်လည်း ထားလိုက်ပါတော့ဗျာ၊ ကျုပ်စိတ်ထဲမှာ ဘယ်လိုမှ

ထားပါဘူး "

ဟု ပြောလေ၏။ ရှန်ကာရသည် သက်ပြင်းရှည်ကြီးကို

ချလိုက်ပြီး

" ကျွန်တော်ရဲ့ လျှို့ဝှက်အပ်တဲ့ ဘဝနောက်ကြောင်းကို

နိုင်ငံ ပေါင်းစုံရောက်တိုင်း သုတေသနပညာရှင်တွေက နည်းအမျိုးမျိုး

လှည့်ပတ်ပြီး မေးမြန်းလေ့ရှိတယ်၊ ဒါပေမဲ့ ဘယ်လိုလူမျိုးကိုမဆို

ကျွန်တော် ဝေ့လည်ကြောင်ပတ်လုပ်ပြီး မဖြေဘဲ ခေါင်းရှောင်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အချို့လည်း ကျွန်တော့်လျှို့ဝှက်ချက်ကို သိချင်တော့ ချော့

မော့ပြီး မေးမြန်းကြတယ်၊ အချို့က ပိုက်ဆံနဲ့ပေါက်ပြီး မေးကြတယ်၊

အချို့ဆိုရင် အသက်အန္တရာယ်ကိုတောင် ရင်ရှာပြီး မေးမြန်းကြတယ်၊

ဒါပေမဲ့ ကျွန်တော့်ရဲ့လျှို့ဝှက်ချက်ကို သူတို့ သိမသွားခဲ့ဘူး၊ ဒါပေမဲ့

ဦးဗေယျနဲ့တွေ့တော့ ကျွန်တော့်ရင်ထဲမှာ ဘယ်လိုဖြစ်သွားသလဲ

မသိဘူး၊ ကျွန်တော့်ရဲ့လျှို့ဝှက်တဲ့ ဘဝနောက်ကြောင်းကို ပြောပြချင်

စိတ်တွေ ဖြစ်ပေါ်လာတယ် ''

ဟု ပြောလေ၏။ ကျွန်ုပ်သည် ရှန်ကာရ၏စကားကြောင့်

ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပြီးလျှင်

'' ဒါဆိုရင် ရှန်ကာရရဲ့ ဘဝနောက်ကြောင်းကို ကျုပ်

သိရတော့မှာလား ''

ဟု မေးမြန်းလေ၏။ ရှန်ကာရက အဝေးဆီသို့ ငေးကြည့်

လိုက်ပြီး

'' ကျွန်တော်ပြောပါ့မယ်၊ ဦးဗေယျစာအုပ်ထဲမှာ မှတ်တမ်း

တင်ရင် ထင်လို့ရပါတယ် ''





ဟု ခွင့်ပြုလေ၏။ ကျွန်ုပ်သည် ရှန်ကာရ၏ လွန်စွာထူးခြား

ဆန်းကြယ်သော အစွမ်းသတ္တိနှင့်ပတ်သက်ပြီး သိခွင့်ရတော့မည်ဆို

သဖြင့် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေ၏။

ထို့ကြောင့် ရှန်ကာရ၏ ပခုံးကိုဖက်၍

'' ကျုပ်တို့နှစ်ဦးဟာ ရှေးဘဝက ပတ္တန်းဆက်ရှိခဲ့တယ်

ထင်တယ်၊ ဒါကြောင့် ရှန်ကာရရဲ့ အခုမှသိခွင့်ရပေမဲ့ ထူးခြား

ဆန်းကြယ်တဲ့ ဘဝနောက်ကြောင်းတွေကို အလွန်သိချင်နေမိတယ်၊

ကျုပ်ရဲ့ မှတ်စုစာအုပ်ထဲမှာ ဘဝနောက်ကြောင်းကို ဝမ်းသာအားရ

မှတ်တမ်းတင်ထားပါမယ်၊ တတ်နိုင်သလောက်လည်း လျှို့ဝှက်ထား

ပေးမယ်လို့ ကတိပြုပါတယ် ''

ဟု ပြောလေရာ ရှန်ကာရက သက်ပြင်းချ၍

'' ကျွန်တော် သက်ရှိထင်ရှားရှိနေသရွေ့တော့ လျှို့ဝှက်

ထားစေချင်ပါတယ်၊ ဒီကမ္ဘာလောကကြီးမှာ ကျွန်တော်မရှိတော့ဘူး

ဆိုရင် ဦးဗေယျရဲ့သဘောပါ၊ ကဲ... ကျွန်တော့်ဘဝနောက်ကြောင်း

ကို စပြီးပြောပြပါတော့မယ်၊ ဦးဗေယျ ရေးမှတ်ဖို့ ပြင်ထားတော့ ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ကျွန်ုပ်လည်း စိတ်အားတက်ကြွစွာဖြင့် ကျွန်ုပ်၏မှတ်စုစာအုပ်ကိုယူ၍ လူထူးလူဆန်း ရှန်ကာရ၏ လျှို့ဝှက်အံ့သြဖွယ်ကောင်းသော ဘဝနောက်ကြောင်းကို ရေးမှတ်ရန် ပြင်ဆင်ရလေတော့၏။

ကျွန်ုပ်သည် အလွန်ထူးခြားဆန်းကြယ်၍ စိတ်ဝင်စားဖွယ်ကောင်းလှသော ရှန်ကာရ၏ ဘဝဇာတ်ကြောင်းများကို ဝရုန်းသုန်း ပင် ထိုင်၍ ရေးမှတ်ခဲ့လေ၏။

အချို့မရှင်းလင်းသော အချက်အလက်များကို ရှန်ကာရအား ကျွန်ုပ်က ပြန်လည်မေးမြန်းရလေ၏။ ရှန်ကာရသည် စိတ်ရှည် လက်ရှည်ဖြင့် ပြန်လည်ပြောကြားပေးလေ၏။

ထို့ကြောင့် အောက်တွင်ရေးသားထားသော အကြောင်းအရာများသည် ရှန်ကာရ၏ ဘဝဇာတ်ကြောင်းကို ရေးမှတ်ထားသော မှတ်စုကြီးပင်ဖြစ်လေ၏။

တစ်ခါက ရှန်ကာရဆိုသော လူထူးလူဆန်းတစ်ယောက် ရှိခဲ့ဖူး၏။





ထိုသူသည် ထူးခြားလျှို့ဝှက်အံ့သြသော အတတ်ပညာများကို ကိုးကွယ်လွန်းလှ၍ အပတ်တကုတ် ကြိုးစားဆောင်ရွက်ခဲ့၏။

သူ၏ကြိုးစားမှု၊ ခွဲလုံ့လ ဝီရိယ ခိုင်မာမှုတို့ကြောင့် အဆုံး၌ အောင်မြင်မှုပြီး သာမန်လူတို့ ရရှိနိုင်ခဲလှသောဘဝကို ရရှိခဲ့၏။

နောင်လာနောက်သားတို့ ရှန်ကာရ၏ဘဝနောက်ကြောင်းကို တော်ရှုမိပြီး လူထူးလူဆန်းတစ်ယောက်၏ ခွဲ၊ လုံ့လ၊ ဝီရိယတို့ကို အတုယူ ကြိုးပမ်းလိုစိတ်များ ဖြစ်ပေါ်လာလျှင် ကျွန်ုပ် မှတ်တမ်းတင်ရကျိုး နပ်ပေပြီ။

(နယ်ပိုင်သန်းထောက်မင်း)



www.burmeseclassic.com

www.burmeseclassic.com



“ ရှန်ကာရှဏ် ထူးဆန်းသော ဘဝနောက်ကြောင်းများ ”

ကျွန်တော့်ကို အိန္ဒိယနိုင်ငံ ကာက်ရှ်မီးယားပြည်နယ်မှာ မွေးဖွားခဲ့ပါတယ်။ ကျွန်တော့်မိဘတွေဟာ ဆင်းရဲနွမ်းပါးလွန်းလို့ သူဌေးကြီးတစ်ယောက်အိမ်မှာ လင်မယားနှစ်ယောက်စလုံး အလုပ်လုပ်ကိုင်ရပါတယ်။

တစ်နေ့တော့ သူဌေးကြီးရဲ့မွေးနေ့ပွဲမှာ မျက်လှည့်ပွဲနဲ့ ဧည့်ခံပြီးတော့ မျက်လှည့်ဆရာဟာ ဒေးဗစ်ဆိုတဲ့ ပညာရှင်ကြီးပဲ ဖြစ်တယ်။ ကျွန်တော်ဟာ မျက်လှည့်ပြကွက်တွေကိုကြည့်ပြီး ဆရာကြီးဒေးဗစ်ကို အထူးအထင်ကြီး လေးစားခဲ့တယ်။

——— စေတနာစာပေ ———



ဆရာကြီး ဒေးဗစ်ဆီမှာ မျက်လှည့်ပညာ သင်ယူချင်စိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာပါတယ်။ ကျွန်တော့်မိဘတွေကို မျက်လှည့်ပညာ သင်ယူဖို့ ခွင့်တောင်းတဲ့အခါ မိဘများက ခွင့်မပြုခဲ့ပါဘူး။

ဒါကြောင့် မျက်လှည့်ပညာသင်ယူချင်စိတ် ပြင်းထန်လွန်းတဲ့ ကျွန်တော်ဟာ အိမ်က ထွက်ပြေးခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်တော်ရဲ့ ကိုယ်ပေါ်မှာ ပိုက်ဆံအနည်းငယ်နဲ့ ခါးဝတ်ခါးစားပဲ ရှိခဲ့ပါတယ်။ ဒါပေမဲ့ စိတ်ဓာတ်ပြင်းထန်နေတဲ့အတွက် အခက်အခဲ အတားအဆီးတွေကို အံတုပြီး ဆရာကြီး ဒေးဗစ်ကို သဲကြီးမဲကြီး လိုက်လံရှာဖွေခဲ့တယ်။ ဆရာကြီးဒေးဗစ်ရှိတဲ့အရပ်ကို စုံစမ်းပြီး ရထားတစ်တန်၊ ကားတစ်တန်နဲ့ ပင်ပင်ပန်းပန်း လိုက်လံရှာဖွေခဲ့တယ်။

ဒီလိုနဲ့ တစ်နေ့မှာ ဆရာကြီးဒေးဗစ် မျက်လှည့်ပြရာမြို့ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားပြီး ဆရာကြီးဒေးဗစ်ဆီမှာ တပည့်ခံဖို့ ကြိုးစားခဲ့ပါတယ်။

ဆရာကြီးဒေးဗစ်က ကျွန်တော့်ရဲ့ ပြင်းပြတဲ့ဝါသနာကို ရိပ်စားမိသွားပြီး တပည့်အဖြစ် အသိအမှတ်ပြုခဲ့ပါတယ်။

——— စေတနာစာပေ ———

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဆီမှာ ပထမဆုံးသင်ရတာက မျက်လှည့်ရုံရှေ့မှာ ပရိသတ်စိတ်ဝင်စားအောင် ကြိုးစားပြီး ရုံထဲကို လူဝင်အောင်လုပ်တဲ့ ပညာပါ။

ကျွန်တော်ဟာ ဆရာကြီးဆီမှာ မျက်လှည့်ပညာသင်ယူရင်း ဆရာကြီးဟာ ကျွန်တော်ထင်ထားသလို မှော်ဆရာကြီးတစ်ယောက် မဟုတ်ဘဲ ပရိသတ်ကို လှည့်စားမှုအတတ်ပညာနဲ့ ပြသနေကြောင်း သိခဲ့ရတယ်။

ဒီအချိန်ကစပြီး ဆရာကြီးဆီမှာ မျက်လှည့်ပညာ သင်ယူချင်စိတ် မရှိတော့ဘူး။

တန်ခိုးစွမ်းအင်တစ်ခုကို ပိုင်ဆိုင်လိုစိတ်တွေ ရင်ထဲမှာ တဖွားဖွား ဖြစ်ပေါ်လာတယ်။ ဒီလို တန်ခိုးစွမ်းအင်မျိုးကို ပိုင်ဆိုင်ချင် ရင် စစ်မှန်တဲ့ ယောဂီတစ်ယောက်ကို ရှာဖွေရမယ်။

ဒါပေမဲ့ တန်ခိုးစွမ်းအင်နဲ့ ပြည့်စုံတဲ့ယောဂီကို ရှာဖို့ဆိုတာ ကောက်ရိုးပုံထဲက အပ်ကို ရှာရသလိုပဲ။ ယောဂီတွေဟာ သူတို့ရဲ့ အစွမ်းကို လူအများကြားမှာ ကြွားဝါပြီး ထုတ်ပြလေ့မရှိဘူး။





သူတို့ရဲ့အစွမ်းကို လျှို့ဝှက်ပြီး လူသူနဲ့ဝေးတဲ့ အရပ်ဒေသတွေမှာ နေထိုင်တတ်ကြတယ်။ နောက်ဆုံးတော့ ကျွန်တော်ဟာ တန်ခိုးစွမ်းအင်နဲ့ ပြည့်စုံတဲ့ ယောဂီတစ်ယောက်ကို ရှာဖွေဖို့ ဆုံးဖြတ်ပြီး အိန္ဒိယပြည်အနှံ့ လှည့်လည်သွားလာနေခဲ့တယ်။

ကျွန်တော်ဟာ များသောအားဖြင့် ယောဂီအတုအယောင်တွေကိုသာ မြင်တွေ့ခဲ့ရတယ်။

ကျွန်တော်ဟာ စားဝတ်နေရေးအတွက် နယ်လှည့်မျက်လှည့်အဖွဲ့လေးမှာ ဝင်ပြီးလုပ်ကိုင်ခဲ့ရတယ်။ မျက်လှည့်အဖွဲ့နဲ့ နိုင်ငံအနှံ့ သွားလာရင်း ဆရာစစ် ဆရာမှန်နဲ့တွေ့ဖို့ ကြိုးစားခဲ့တယ်။ ဒီလိုနဲ့ မျက်လှည့်အဖွဲ့မှာ နေထိုင်ပြီး ငါးနှစ်လောက်အကြာမှာ ရာကျိုးနီးဆိုတဲ့ ယောဂီကြီးအကြောင်းကို မမျှော်လင့်ဘဲ ကြားခဲ့ရတယ်။

ရာကျိုးနီးဟာ ဟိမဝန္တာတောထဲမှာ အနေများပြီးတော့ သူဟာ ထူးခြားဆန်းကြယ်တဲ့ တန်ခိုးအစွမ်းတွေကို ပိုင်ဆိုင်တယ်လို့ ကြားရတယ်။

ရာကျိုးနီး တရားထိုင်ရင်း မြေပေါ်ကနေ ခန္ဓာကိုယ် ကြွတက် သွားပြီး လေထဲမှာ ရပ်တည်နိုင်ကြောင်း သိရတယ်။ ဒီအချိန်ကစပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာ မျက်လှည့်အဖွဲ့ကထွက်ပြီး ရာကျီးနီးကို ရှာဖွေခဲ့ပြန်တယ်။

မျက်လှည့်အဖွဲ့ကထွက်တော့ ကျုပ်စုဆောင်းထားတဲ့ ငွေလေး နည်းနည်းပဲပါတယ်။ ရာကျီးနီးရဲ့ သတင်းအစအနကိုရတာနဲ့ အသည်း အသန် လိုက်ပြီးရှာနေခဲ့တယ်။

ဒါပေမဲ့ ရာကျီးနီးနဲ့ ကျွန်တော်ဟာ အလွယ်တကူတွေ့ရှိ ကြတာမပါဘူး။ နောက်ဆုံးတော့ ကျွန်တော်ဟာ အိန္ဒိယပြည်အနှံ့ လှည့်ပြီး ခြေသလုံးအိမ်တိုင်အဖြစ် သွားလာရင်း ဆရာကြီး ဒေးဗစ် ဆီမှာ သင်ယူခဲ့တဲ့ မျက်လှည့်ပညာကို အသုံးပြုပြီး အသက်မွေး ဝမ်းကြောင်း ပြုခဲ့တယ်။

တစ်နေ့ မမျှော်လင့်ဘဲ ရာကျီးနီးရဲ့သတင်းကို အရူးမ တစ်ယောက်ဆီက ကြားသိရတယ်။ အရူးမ တောထဲရောက်တုန်း လေထဲမှာ ဝဲပျံနေတဲ့ လူပျံကြီးတစ်ယောက်ကို တွေ့ခဲ့တယ်ဆိုပဲ။

အရူးမဟာ ကျုပ်ပြနေတဲ့ လမ်းဘေး မျက်လှည့်ဝိုင်းလေး မှာ လာပြီးအော်ဟစ်ပြောဆိုနေတာပါ။

ကျွန်တော်ဟာ အရူးမဆီက သတင်းရရချင်း တောထဲကို





လိုက်သွားခဲ့တယ်။ တောထဲကိုရောက်ပြီး အတန်ကြာအောင် ရှာလိုက် တော့ ရာကျီးနီးရဲ့ တဲကလေးကို တွေ့တယ်။

တဲကလေးရဲ့အနီးမှာ တရားထိုင်နေတဲ့ ရာကျီးနီးကို ဆိုက်ဆိုက် မြိုက်မြိုက် တွေ့တော့တာပဲ။

ရာကျီးနီးဟာ မုတ်ဆိတ်မွေး ဆွတ်ဆွတ်ဖြူနေပြီး ကြည်ညို ဖွယ် အဆင်းသဏ္ဌာန်မျိုးရှိတယ်။ ရာကျီးနီးဟာ အသက်ကို ပြင်းပြင်း ရှူပြီး တရားမှတ်နေရင်း သူ့မျက်နှာတစ်ခုလုံး အရောင်အဝါတွေ ဝင်းလက်နေသလို ခံစားရတယ်။

ကျွန်တော် ချောင်းမြောင်းကြည့်ရှုနေတုန်းမှာပဲ ရာကျီးနီးရဲ့ ကိုယ်ဟာ မြေပြင်က တဖြည်းဖြည်း မြင့်တက်လာတာ မြင်တွေ့ ရတယ်။

သူဟာ တရားထိုင်တဲ့ အနေအထားအတိုင်း တင်ပျဉ်ခွေ ထိုင်ရာက လေထဲကို မြောက်တက်လာတာကို အံ့သြဖွယ် မြင်တွေ့ရတယ်။

ရာကျီးနီးဟာ မြေပြင်က ၂ ပေ လောက်အမြင့်မှာ တစ်နာရီ ...ါး တရားထိုင်ပြီး တဖြည်းဖြည်း အောက်ကိုပြန်ကျသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်အရွန်းတွေချင်လို့ လိုက်ရှာနေတဲ့ ယောကိုကို မမျှော်လ
တွေ့လိုက်ရ လို့ အိပ်မက်မက်နေသလားလို့တောင် ထင်မိခဲ့တ

ရာဂျိန်းဟာ တရားထိုင်ပြီးတော့ စမ်းချောင်းထဲက ရေ
နည်း လက်ခုပ်နဲ့ယူပြီး သူ့ပခုံးကို ဖျန်းပက်တယ်။

ပြီးတော့ သူ့ရဲ့ခြေလက်တွေကို ဆေးကြောနေတာ မြင်တွေ့ရ

ကျွန်တော်ဟာ ရာဂျိန်းဆီမှာ တောင်းပန်တိုးလျှိုးပြီး
ခံဖို့ ကြိုးစားလိုက်တယ်။ ရာဂျိန်းဟာ တောထဲမှာ မမျှော်လ
ကျွန်တော့်ကို မြင်လိုက်တော့ ဘဝင်မကျတဲ့အမူအရာနဲ့

" ငါ တရားထိုင်နေတာ မြင်ရလား "

လို့ မေးမြန်းတယ်။

ကျွန်တော်က ရာဂျိန်းတရားထိုင်တာကို အစအဆုံး မြ
ပြီး တပည့်အဖြစ်ခံယူချင်ကြောင်း တောင်းပန်ခဲ့ပါတယ်။

ရာဂျိန်းဟာ သူ့ရဲ့တပည့် နောက်လိုက်အဖြစ် ဘယ်
မှ လက်မခံကြောင်း ပြောခဲ့တယ်။

ကျွန်တော်က ရာဂျိန်းရဲ့ ခြေအစုံကိုဖက်ပြီးတော့





ဖြစ် တောင်းပန်ခဲ့တယ်။

နောက်ဆုံးတော့ ရာဂျိန်းဟာ ဒေါသူပုန်ထပြီး ကျွန်တော့်ကို

" ထွက်သွား... ထွက်သွား "

လို့ အော်ဟစ်မောင်းထုတ်ခဲ့တယ်။

ကျွန်တော်ဟာ ရာဂျိန်းရဲ့ဒေါသပြေအောင် အနီးအနားမှာ
နေဘဲ ခပ်လှမ်းလှမ်းကနေ ပေတေပြီး ရာဂျိန်းကို အလုပ်အကျွေး
ခဲ့တယ်။

ရာဂျိန်းဟာ ကျွန်တော့်ကိုမြင်တာနဲ့ ဒေါသဖြစ်နေတော့တာ
ဲ ရာဂျိန်းဟာ ရက်အနည်းငယ်ကြာတော့ ကျွန်တော့်ကို အနည်း
ဆုံ ဒေါသပြေပျောက်လာတယ်။

ရာဂျိန်းဟာ တစ်လပြည့်မြောက်တဲ့နေ့မှာ ကျွန်တော့်ကို စကား
ဆက်ခံပြောပြီး နောက်ဆုံးမှာ တပည့်အဖြစ် အသိအမှတ်ပြုခဲ့တယ်။

ကျွန်တော့်တစ်သက်မှာ အမျှော်လင့်ဆုံး ဆန္ဒတစ်ခုပြည့်ဝ
တော့မယ်ဆိုတော့ ဝမ်းသာလိုက်တာ ပြောမပြတတ်အောင်ပါပဲ။

ရာဂျိန်းက ကျွန်တော့်ဘဝနောက်ကြောင်းတွေကို အစမှ



www.burmeseclassic.com

www.burmeseclassic.com



အဆုံးထိ နားထောင်နေခဲ့တယ်။

နောက်ပြီးတော့ ကျွန်တော်နဲ့ ဘယ်လိုပညာရပ်မျိုး သင့်တော် မယ်ဆိုတာ ဆုံးဖြတ်ချက်ချတယ်။

ရာဂျီးနီးဟာ ကျွန်တော့်ကို ယောဂပညာအခြေခံနဲ့ လေ့ကျင့် စေလိုတဲ့အကြောင်း ပြောတယ်။ ဒါပေမယ့် ရာဂျီးနီးက

''မင်းဟာ ယောဂီနဲ့သွားလို့ဖြစ်မဲ့လူ မဟုတ်ဘူး၊ မင်းဟာ ယန်းတိုင်ကို အလွယ်ကူဆုံးနဲ့ အမြန်ဆုံးရောက်ချင်နေတယ်၊ ရှေးတုန်း က အိန္ဒိယပြည်ကြီးမှာ အင်မတန်လေးနက်ပြီး တန်ဖိုးရှိတဲ့ပညာရပ် တွေ ရှိတယ်၊ ဒီပညာတွေဟာ ထိန်းသိမ်းစောင့်ရှောက်မဲ့သူမရှိတော့ ပျောက်ကွယ်သွားတယ်၊ ငါတို့တိုင်းပြည်မှာ အရင်က အနာဂတ်ကို မြင်နိုင်တဲ့ ပညာရှင်တွေ အမြောက်အမြားရှိခဲ့တယ်၊ ဒီပညာရှင်ကြီး တွေကို ဘုရင်တွေ၊ မြို့စား နယ်စားတွေက အသုံးပြုခဲ့တယ်၊ ဒီပညာ ရှင်တွေကြောင့်ပဲ အိန္ဒိယပြည်ကြီးဟာ အမြင့်မားဆုံးအဆင့် ရောက်ခဲ့ ရတယ်၊ ဒီနေ့ခေတ်မှာ ငါတို့လူမျိုးတွေကိုယ်တိုင် ယောဂီတွေကို အမျိုးမျိုးမြင်ကုန်ကြပြီ၊ မြို့ရွာထဲမှာ လှည့်ပြီးတောင်းစားနေတဲ့





တောင်းစောင်းတွေကလည်း ဘာသာရေးကို နတုံးလုပ်ပြီး ယောဂီ ည် ခံယူနေကြတယ်၊ အမှန်တော့ ယောဂီအစစ်တွေဟာ လူတွေနဲ့ နီးကပ်ကပ် မနေကြဘူး၊ သူတို့ဟာ ဟိမဝန္တာတောထဲမှာနေပြီး ကို နည်းနည်းစားပြီး တရားကို များများကျင့်ကြတယ်၊ ယောဂီ ဟာ တောထဲ တောင်ထဲမှာနေပြီး မြို့ရွာရဲ့အနာဂတ်ကို ပြောနိုင် ဟာ သူတို့ရဲ့ကျင့်ကြံအားထုတ်မှုကြောင့်ပဲ၊ ဒါကြောင့် ကျင့်ကြံ ထုတ်မှုတွေ မလုပ်ဘဲနဲ့တော့ တန်ခိုးစွမ်းအင်တွေကို ရလာမှာ တ်ဘူးလို့ ပြောတယ် ''

ကျွန်တော်ဟာ ယောဂီကြီး ရာဂျီးနီးကို ကျင့်ကြံအားထုတ် တွ ကြိုးစားလုပ်ပါ့မယ်လို့ ကတိတွေ အတန်တန်ပေးခဲ့တယ်။

ရာဂျီးနီးကတော့ ကျွန်တော့်ရဲ့စိတ်ကို ထွင်းဖောက်မြင်နေဟန်နဲ့

'' မင်းဟာ ဘယ်တော့မှ သူတော်စင်တစ်ယောက်ဖြစ်မှာ တ်ဘူး၊ မင်းရဲ့ကိုယ်ရောင်ကိုယ်ဝါပေါ်မှာ လောဘခိုးတွေ ဝေနေ ယ်၊ မင်းဟာ အလိုလောဘကြောင့် ကျင့်ကြံအားထုတ်မှုတွေကို ပြင်းအထန်လုပ်မှာ သေချာတယ်၊ ဘာပဲဖြစ်ဖြစ် ပါရမီရှိမှ



www.burmeseclassic.com

www.burmeseclassic.com

အောင်မြင်မယ်၊ မင်းကို သမာဓိနဲ့ပတ်သက်တဲ့ အကျင့်အကြံတွေကို သင်ကြားပေးမယ်၊ စိတ်ကို ထိန်းနိုင်ရင် သမာဓိရမယ်၊ သမာဓိရဖို့ အတွက် အချိန်တွေ အများကြီးပေးပြီး လေ့ကျင့်ရမယ်၊ မကောင်းတဲ့ စိတ်ကိုဖျောက်ပြီး ကောင်းတဲ့စိတ်ကို ထိန်းချုပ်နိုင်အောင် လေ့ကျင့်ရမယ်၊ ဒီအတွက် မင်းရဲ့ကြိုးစားအားထုတ်မှုနဲ့ ပါရမီရှိမှဖြစ်မယ်"

လို့ မိန့်ကြားတယ်။ နောက်တော့ ကျွန်တော့်ကို စိတ်လေ့ကျင့်ခန်းတွေ စတင်သင်ကြားပေးခဲ့တယ်။

ကျွန်တော်ဟာ အရင်ဆုံး သဘာဝတရားကြီးကို နားလည်အောင် လုပ်ရမယ်လို့ပြောတယ်။ ကျွန်တော်ဟာ ပထမဆုံး တောထဲ သွားပြီး ပတ်ဝန်းကျင်တစ်ခုလုံး မြင်သာအောင် ကြည့်ရတယ်။

တောပန်းလေးတွေ ကြွေနေတာ၊ သစ်ရွက်တွေ ကြွေနေတာ၊ စမ်းချောင်းထဲမှာ ငါးလေးတွေ ကူးခတ်နေတာ စသည်ဖြင့် မြင်အောင် ကြည့်ရတယ်။

နောက်ပြီး အကြားအာရုံကလည်း ငှက်ကလေးတွေ အော် မြည်သံ၊ သစ်ရွက်ကြွေသံ၊ စမ်းရေစီးသံ၊ လေတိုးသံ စသည်ဖြင့်





နားထောင်ရတယ်။

မျက်စိနဲ့ သဘာဝလောကကြီးကို မပြတ်ကြည့်ပြီး နားနဲ့ မပြတ်နားထောင်ရတယ်။

စိတ်ထဲမှာ ဘာတစ်ခုမှ ဝင်မတွေးရဘူး။ သဘာဝလောကကြီးကို ဒီအတိုင်းပဲ ကြည့်နေရတယ်။ နားထောင်ရတယ်။ စိတ်ကလုံးဝဝင်ပြီး အလုပ်မလုပ်ရဘူး။

အစပိုင်းကတော့ သဘာဝလောကကြီးကို ကြည့်ရတာ အတော်ခက်တာပဲ။ ဘာကြောင့်လဲဆိုတော့ စိတ်ဆိုတာ တစ်သက်လုံး တွေးခေါ်မျှော်မြင်ဖို့ အလေ့အကျင့်ရနေပြီ။

မတွေးရ မနေနိုင်တော့ဘူး။ မှတ်ချက်မချဘဲ မနေနိုင်တော့ဘူး။ ရာဂျီးနီးရဲ့ကျင့်စဉ်က သဘာဝလောကကို ကြည့်ရုံပဲကြည့်၊ နားထောင်ရုံပဲ နားထောင်၊ ဝင်မပါရဘူး။

ကိုယ့်စိတ်ထဲက ဘာမှဝင်မတွေးရဘူး။ ဒီလိုနေပြီး အတန်ကြာလို့ အလေ့အကျင့်ရလာရင် ရင်ထဲကို တိတ်ဆိတ်ငြိမ်သက်ခြင်း တစ်ခု ဝင်ရောက်လာလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲက တိတ်ဆိတ်ငြိမ်သက်ခြင်းကို အကြားကြီးရအော
ကြိုးစားရတယ်။ တိတ်ဆိတ်ငြိမ်သက်ခြင်းရှိရင် အရာရာကို ကြို
ပြီး မြင်နိုင်ပြီလို့ ဆိုတယ်။

ဒါကြောင့်လည်း ရင်ထဲမှာ တိတ်ဆိတ်ငြိမ်သက်ခြင်း
ကျွန်တော် အလေးအနက် ကြိုးပမ်းခဲ့ရတယ်။

ရာဂျီးနီးဟာ ကျွန်တော့်ကို နေ့စဉ်ရက်ဆက် ပညာတွေ
သင်ပေးခဲ့တယ်။ တစ်နေ့တော့ ရာဂျီးနီးက ကျွန်တော့်ကို စမ်းချော
နံဘေးမှာ ထိုင်နိုင်းပြီးတော့

"လူတွေမှာ သိစိတ်နဲ့ မသိစိတ်ဆိုပြီးရှိတဲ့အတွက် သိစိ
ဟာ ပတ်ဝန်းကျင်မှာ မြင်တွေ့သမျှတွေကို အာရုံကျက်စားတတ်
အတွက် ထိန်းသိမ်းနိုင်တဲ့ အလေ့အကျင့်တွေကို လုပ်ထားရမ
ဖြစ်ကြောင်း ပြောဆိုခဲ့တယ်၊ ရာဂျီးနီးရဲ့ကျင့်စဉ်အရ ကျွန်တော
အလွန်ချစ်တဲ့ မိခင်ကြီးရဲ့မျက်နှာကို စိတ်ထဲမှာ မြင်အောင်ကြည့်
လေ့ကျင့်ထားတဲ့အတွက် မိခင်ကြီးရဲ့မျက်နှာကို အာရုံထဲမှာ စွဲထ
နေဖို့ အခက်အခဲသိပ်မရှိဘူး၊ အာရုံစူးစိုက်နေတုန်း စိတ်လွင့်ပျံ့သွ





ရင် ခဏ စိတ်ကိုအနားပေးပြီးမှ ပြန်လေ့ကျင့်ရပါတယ်၊ ညဘက်
[illegible]ထဲမှာ အိပ်စက်တဲ့အခါ ဖယောင်းတိုင်ထွန်းပြီး မီးကို မျက်လုံး
ထဲ စွဲထင်အောင် စူးစိုက်ကြည့်ရတဲ့ လေ့ကျင့်ခန်းကိုလည်း လုပ်ရ
တယ်၊ အဓိက,ကတော့ မိခင်ကြီးရဲ့မျက်နှာကို အချိန်ကြာမြင့်စွာ
မျက်လုံးထဲစွဲထင်အောင် လုပ်ရတဲ့ လေ့ကျင့်ခန်းပါပဲ။ ဒီလိုနဲ့
ဆရာကြီးရဲ့ ညွှန်ကြားမှုအောက်မှာ သုံးနှစ်လောက် လေ့ကျင့်လိုက်
တော့ မိခင်ကြီးရဲ့မျက်နှာကို စိတ်အာရုံထဲမှာ တစ်မိနစ်ခွဲလောက်အထိ
စူးစိုက်ထားနိုင်ကြောင်း တွေ့ရတယ်၊ ဆရာကြီးကို ကျွန်တော့်ရဲ့စူးစိုက်
မှုနဲ့ပတ်သက်ပြီး ပြောပြတော့ ဆရာကြီးက သုံးမိနစ်လောက် အာရုံ
ထဲမှာ ထိန်းထားနိုင်ရင် တန်ခိုးစွမ်းအင်တစ်ခုကို ပိုင်ဆိုင်နိုင်ပြီဖြစ်
ကြောင်း ပြောပါတယ်။ တစ်နေ့ အလွန်ထူးဆန်းတဲ့ အတွေ့အကြုံတစ်ခုနဲ့
ရင်ဆိုင်ရတယ် အရာဝတ္ထုတစ်ခုကို အာရုံထဲမှာ စွဲထင်အောင် လုပ်တဲ့
လေ့ကျင့်ခန်းကို ကျင့်ကြံနေရင်းနဲ့ ကျွန်တော့်ရဲ့ အနံ့ခံအာရုံစွမ်း
တွေ ကျဆင်းသွားတာ အံ့ဩဖွယ်ကောင်းအောင် တွေ့ရတယ်၊
ဒီအကြောင်းကို ဆရာကြီးကို အသိပေးလိုက်တော့ ဆရာကြီးက



www.burmeseclassic.com

www.burmeseclassic.com



အမြင်အကြား ရလာတဲ့အတွက် အနံ့အာရုံမှာ အာရုံခံနိုင်စွမ်းနည်းသွား တယ်လို့ ဆိုပါတယ်…

ဟု ပြောလေရာ ကျွန်ုပ်သည် ရှန်ကာရ၏ ထူးခြား ဆန်းကြယ်သော ဖြစ်ရပ်များကို မှတ်စုစာအုပ်၌ မရပ်မနား ရေးမှတ် နေရာမှ ညောင်းညာလွန်းသဖြင့် ခဏမျှ ထရပ်လိုက်ပြီး

" စိတ်ဝင်စားဖို့ကောင်းလိုက်တာဗျာ၊ နားရှိလို့သာ ကြား ရတယ်၊ ယုံနိုင်စရာတောင်မရှိဘူး၊ ဒါနဲ့နေပါဦး၊ ခင်ဗျားရဲ့ အနံ့ အာရုံက အရင်လို ခံနိုင်စွမ်းမရှိတော့ဘူးလား "

ဟု မေးမြန်းလေ၏။ ထိုအခါ ရှန်ကာရ ခေါင်းခါယမ်း၍

" အနံ့အာရုံခံနိုင်စွမ်းတွေ ပြန်ကောင်းလာပါပြီ၊ ဒီလိုနဲ့ ဆရာကြီးဆီမှာ ပညာသင်ယူရင်း သုံးနှစ်ပြည့်တော့ ဆရာကြီးက ဟိမဝန္တာတောထဲ ကို ပြန်ဝင်ဖို့ ကျုပ်ကို ခွဲခွာပြီး ထွက်သွားတယ်၊ ကျွန်တော်ဟာ ဆရာကြီးရဲ့ လမ်းညွှန်ချက်အတိုင်း ဆက်ပြီးလေ့ကျင့်လိုက်ရင် တန်ခိုးစွမ်းအင်တစ်ခုကို ပိုင်ဆိုင်မယ်ဆိုတာ ယုံကြည်တယ်၊ ဒီလိုနဲ့ ကျွန်တော်ဟာ ကာလကတ္တားမြို့ကြီးကို ရောက်ခဲ့ပြီးတော့ စားဝတ်





နေရေးအတွက် မျက်လှည့်ပြပြီး အသက်မွေးဝမ်းကျောင်း ခဲ့ရတယ်၊ တန်ခိုးစွမ်းအင် တွေရဖို့ ရာကျီးနီးရဲ့ ကျင့်စဉ်တွေကိုလည်း ကြိုးကြိုး စားစား ကျင့်ကြံ နေခဲ့တယ်၊ ဒီလိုကျင့်ကြံရင်း တစ်နေ့နေ့မှာ တန်ခိုး စွမ်းအင်တစ်ခု ကို ပိုင်ဆိုင်ခွင့်ရတော့မယ်ဆိုတာ ရင်ထဲမှာ နိုင်နိုင်မာမာ သိရှိလာ ခဲ့တယ်၊ ကျွန်တော်ဟာ မျက်လှည့်ပွဲပြီးတဲ့ညတိုင်း ညဉ့်နက်သည့် တိုင်အောင် မီခင်ကြီးရဲ့မျက်နှာကို အာရုံထဲမှာ စွဲထင်နိုင်မဲ့ လေ့ကျင့် ခန်းကို ကျင့်ကြံနေခဲ့တယ်၊ တဖြည်းဖြည်း မိခင်ကြီးရဲ့မျက်နှာဟာ အာရုံထဲမှာ ၂ မိနစ်လောက်အထိ တပြိုင်တည်း စွဲထင်လာခဲ့တယ်၊ ဆရာကြီးဟာ သုံးမိနစ်အထိ အာရုံထဲမှာ စွဲထင်နိုင်ရင် တန်ခိုးစွမ်းအင် တစ်ရပ်ကို ပိုင်ဆိုင်မယ်လို့ ပြောတဲ့ အတွက် ကျွန်တော် စိတ်အား တက်ကြွလာမိတယ်၊ ထူးခြားမှုတစ်ခုက လေ့ကျင့်ရင်း ကျွန်တော့် အာရုံထဲမှာ မိခင်ကြီးရဲ့မျက်နှာကို မြင်နိုင်စွမ်း တဖြည်းဖြည်း တိုး တက်လာပါတယ်၊ တစ်နေ့ ကျွန်တော်ဟာ မျက်လှည့်ပွဲတစ်ခုပြဖို့ မီးရထားနဲ့ ခရီးဆက်ခဲ့ကြပါတယ်၊ မြို့တစ်မြို့ကို အရောက်မှာ မီးရထားလမ်းချော်နေတာနဲ့ အဲဒီမြို့မှာ ခဏနားခဲ့ရတယ်၊



www.burmeseclassic.com

အဲဒီမြို့က ကျောင်းမှာ ပရိုမှုမီးနင်းပွဲတစ်ပွဲ သရုပ်ပြနေတာနဲ့ သွားကြ ပါတယ်၊ မီးနင်းတဲ့ပုဂ္ဂိုလ်ဟာ ရဲရဲတောက်နေတဲ့ မီးကျီခဲပေါ်မှာ ဟိုမြေရရ လျှောက်လှမ်းသွားတယ်၊ သူ့တစ်ကိုယ်လုံးမှာ နံငယ်ပိုင်း လေးက လွဲပြီး ဘာမှဝတ်မထားဘူး၊ အိန္ဒိယလူမျိုး မီးနင်းသမားက လေ တဖြူးဖြူးတိုက်ပြီး ရဲရဲနီနေတဲ့ မီးသွေးခဲပေါ်ကနေ ဒုတိယအကြိမ် လျှောက်လှမ်းပြန်ပြန်တယ်၊ ပရိသတ်က မီးနင်းသမားကို လက်ခုပ် တဖြောင်းဖြောင်းတီးပြီး အားပေးကြပါတယ်။ မီးနင်းသမားဟာ ဒုတိယအကြိမ် မီးနင်းပြီးတော့ ပရိသတ်ထဲက ရဲစွမ်းသတ္တိအပြည့်နဲ့ မီးနင်းချင်တဲ့သူရှိသလား။ ရှိရင် ဝင်နင်းဖို့ ဖိတ်ခေါ်ပါတယ်လို့ ဆိုတယ်။ ကျွန်တော်ဟာ အခွင့်အရေးတစ်ခုရတယ်လို့ သုံးသပ် တယ်။ ဆရာကြီး ရာဂျီးနီးဆီမှာ တန်ခိုး မီးအင်တစ်ခုရဖို့ ကျင့်ကြံ မှုတွေ အများကြီးလုပ်ခဲ့တယ်။ ဒီကျင့်ကြံမှုတွေကို လက်တွေ့စမ်းသပ် ဖို့ အခွင့်အရေးတစ်ခုရပြီလို့ ဆုံးဖြတ်ခဲ့တယ်။ ကျွန်တော်က မီးနင်းပွဲ ကို ဝင်ရောက်ဆင်နွှဲလိုကြောင်း ပြောလိုက်တဲ့အခါ ပရိသတ်က လက်ခုပ်လက်ဝါးတီးပြီး အားပေးပါတယ်။ ဒီအချိန်မှာပဲ ကျွန်တော်ရဲ့





ရွယ်တူ အိန္ဒိယလူငယ်တစ်ယောက်ဟာ မီးနင်းပွဲဆင်နွှဲလိုကြောင်း ပြောပါတယ်။ မီးနင်းပွဲကို ဝင်နွှဲမဲ့လူ နှစ်ယောက်ဖြစ်သွားတဲ့အတွက် ပရိသတ်အဖို့ ပိုမိုပြီး နှစ်သောင်းအားရ ဖြစ်မိပါတယ်။ မီးနင်းသမား ကြီးက ကျွန်တော်တို့လူငယ်နှစ်ဦးကို တစ်လှည့်စီ မီးနင်းစေပါတယ်။ ကျွန်တော်တို့နှစ်ယောက် ဘယ်သူအရင်မီးနင်းရမလဲဆိုပြီး ခေါင်းပန်း လှန်တဲ့အခါ ကျွန်တော်က ဒုတိယမြောက် မီးနင်းမဲ့အလှည့်ဖြစ်သွား တယ်၊ မီးနင်းသမားကြီးက မီးညွှန့်တွေ ကူးစက်လောင်ကျွမ်းမှာ စိုးတဲ့အတွက် ကျွန်တော်တို့ကိုယ်ပေါ်က ဒိုဘီတွေကို ဖယ်ရှားခိုင်းပါ တယ်။ ကျွန်တော်အရင် နင်းရမဲ့လူငယ်က ရဲရဲနီနေတဲ့ မီးကျီခဲတွေ အနီးကိုရောက်တော့ အပူဒဏ် ပြင်းထန်လွန်းလို့ မျက်စိမျက်နှာ ပျက်သွားပါတယ်။ သူ့ရဲ့အမူအရာကို မီးနင်းသမားကြီးက ရိပ်မိတဲ့ အတွက် မနင်းချင်ရင် နောက်ဆုတ်လို့ရနိုင်ကြောင်း ပြောတယ်။ လူငယ်ဟာ မီးကျီခဲတွေကိုကြည့်ပြီး ကြောက်ရွံ့နေတာ အမှန်ပဲ။ ဒါပေမဲ့ သူ့ကို သတ္တိမရှိဘူးလို့ အများမြင်မှာကြောက်ပြီး "ကျွန်တော် နင်းရဲပါတယ်ဗျာ" လို့ပြောတယ်။ ပြီးတော့ မီးကျီခဲတွေပေါ်ကို

www.burmeseclassic.com



ရဲဝံ့ဟန်နဲ့ လျှောက်သွားတယ်။ သူဟာ မီးကျီခဲတွေကိုပေါ်ကို ပထမ ခြေလှမ်းချပြီးတာနဲ့ ရှူးရှူးဝါးဝါး အော်ဟစ်ပြီး မီးကျီခဲတွေပေါ်က ခုန်ထွက်သွားတယ်။ လူငယ်ဟာ နာကျင်လွန်းလို့ မြေပေါ်မှာ လူးလိမ့်နေခဲ့တယ်။ လူငယ်ရဲ့ ခြေဖဝါးနှစ်ဖက်စလုံး မီးလောင်ပြီး ဒဏ်ရာတွေ ရရှိသွားခဲ့တယ်။ မီးနင်းသမားကြီးဟာ ကျွန်တော့်ဘက်လှည့်ပြီး "မင်း နင်းရတော့မယ်လို့ ပြောပါတယ်"၊ ကျွန်တော်က ရဲဝံ့တဲ့ အမူအရာနဲ့ ရင်ကော့ပြီး "အသင့်ပါပဲ" လို့ ပြောလိုက်တယ်။ မီးနင်းပွဲကြည့်တဲ့ ပရိသတ်ကတော့ မျက်စိရှေ့မှာတင် လူငယ်တစ်ယောက် မြင်မြင်းထင်ထင် ဒဏ်ရာ ရသွားတဲ့အတွက် ကျွန်တော် အတွက်စိုးရိမ်ပြီး "မနင်းနဲ့၊ ဒုက္ခရောက်မယ်၊ ဒါဟာ သူတော်စင် တွေမှ လုပ်နိုင်မယ်" လို့ အော်ဟစ်တားဆီးကြတယ်။ ကျွန်တော် ဟာ ပရိသတ်တွေကို ငြိမ်ငြိမ်သက်သက်နေဖို့ လက်ပြလိုက်တယ်။ ပရိသတ်တွေ ငြိမ်သက်သွားတဲ့အခါမှ မျက်လုံးအစုံကိုမှိတ်ပြီး ရဲရဲနီ နေတဲ့ မီးကျီခဲတွေကိုမြင်ယောင်လိုက်တယ်။ ခဏကြာတော့ မီးကျီခဲတွေဟာ တဖြည်းဖြည်း အေးစက်လာပြီလို့ အာရုံပြုလိုက်တယ်။





ကျွန်တော်ဟာ တစ်မိနစ်လောက်အတွင်း အာရုံပြုမှုကို အပြီးသတ်လိုက်တယ်။ ဘာကြောင့်လဲဆိုတော့ အရာဝတ္ထုတစ်ခုပေါ်မှာ စွဲစွဲမြဲမြဲ အာရုံပြုနိုင်တဲ့အစွမ်းဟာ ကျွန်တော်မှာ နှစ်မိနစ်လောက်သာ ပိုင်ဆိုင်လို့ဖြစ်တယ်။ ကျွန်တော့်ရဲ့ စိတ်အာရုံတွေ ငြိမ်းအေးလာတဲ့အခါ တည်ငြိမ်တဲ့ခြေလှမ်းတွေနဲ့ မီးကျီခဲတွေရှိရာကို လျှောက်ခဲ့တယ်။ ကျွန်တော်က အိပ်မွေ့ချခံတဲ့ လူတစ်ယောက်လို ဖြစ်နေတယ်။

ကျွန်တော်ဟာ မီးကျီခဲတွေအနီးကိုရောက်ကတည်းက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ကြီးကြီးမားမား ရခဲ့တယ်။ မီးကျီခဲတွေဟာ ပူလောင်ခြင်းမရှိဘဲ အေးမြနေတယ်လေ။

ကျွန်တော်ဟာ ခြေတစ်လှမ်းပြီးတစ်လှမ်း ဖွဖွကြွားကြွားလှမ်းတက်သွားတယ်။ ပရိသတ်က ကျွန်တော့်ကို ဝမ်းသာအားရ ဩဘာပေးကြပါတယ်။

မီးနင်းတဲ့ အမျိုးသားကြီးက ကျွန်တော့်ပခုံးကို ပုတ်လိုက်ပြီး "မင်းမှာ စိတ်စွမ်းအင်တစ်ရပ်တော့ရှိမှာ သေချာတယ်၊ မြေမြေချင်း ခြေမြင်ပြီးသားပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



လို့ ချီးကျူးပြောဆိုပေးခဲ့တယ်။

ဒီအချိန်ကစပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်တွေ ကြီးမားလာတယ်။ နှစ်နဲ့ချီပြီး ပင်ပင်ပန်းပန်း ကျင့်ကြံလာခဲ့တဲ့ အကျိုးကျေးဇူးတွေကို ကျွန်တော် ခံစားရပြီလေ။

ဆရာကြီး ရာဂျီးနီးရဲ့ မိန့်မှာချက်တွေကို နားထဲမှာ ကြား ယောင်လာတယ်။

မင်းရဲ့ကျင့်ကြံမှု အောင်မြင်ပြီး အတိတ်ဘဝက ပါရမီ ရှိခဲ့ရင် မျက်စိနဲ့မကြည့်ဘဲ အရာရာကို ထိုးထွင်းပြီး မြင်နိုင်တယ်တဲ့။

ကျွန်တော်ဟာ မီးနင်းပွဲပြီးတဲ့နောက်ပိုင်း ယုံကြည်မှုတွေရလာ ပြီး မျက်စိကို အသုံးမပြုဘဲ အရာရာကို ထိုးထွင်းပြီး မြင်နိုင်အောင် ကျင့်မယ်လို့ ဆုံးဖြတ်ခဲ့တယ်။ ဒါဟာ တတိယမျက်လုံးကျင့်စဉ်ပဲ ဒီလို ကျင့်စဉ်မျိုးကို ကျွန်တော်အနေနဲ့ ကျင့်ဖို့ မသင့်တော်သေးဘူး။

အတိတ်ဘဝက ပါရမီမပါလို့ မအောင်မြင်ရင်လည်း ကျွန်တော့် ကံပေါ့လို့ သဘောထားတယ်။

ဒီလိုဆုံးဖြတ်ပြီးတဲ့နောက်ပိုင်း ကျွန်တော့်ရဲ့အိပ်မက်ထဲကို





ဆရာကြီး ရာဂျီးနီး ရောက်လာတယ်။ အိမ်မက်ထဲမှာ ဆရာကြီးက ကျွန်တော့်ရဲ့ဆုံးဖြတ်ကို သဘောမတူဘူး။ ဆရာကြီးက

" ရှန်ကာရ... မင်းရဲ့စိတ်ကို မင်း မပိုင်သေးဘူး၊ ဒီလို ...နီးဟာ တတိယမျက်လုံးကျင့်စဉ်ကို ကျင့်မယ်ဆိုရင် ဘေးဒုက္ခ ...ဝါင်းနဲ့ ရင်ဆိုင်ရလိမ့်မယ် "

လို့ ဆိုတယ်။

ကျွန်တော်ဟာ အိပ်မက်ထဲမှာ ဆရာကြီးကတားပေမဲ့ ...က်တွေဘဝထဲမှာ တားဆီးတာမဟုတ်တဲ့အတွက် မယုံကြည်ခဲ့ဘူး။

ဒါကြောင့် ကျင့်စဉ်တွေကို တဖြည်းဖြည်းတိုးပြီး ကျင့်သွားတယ်...

ရှန်ကာရသည် ပြောဆိုရင်း မောလှလာသဖြင့် ခဏမျှ ...နားလေ၏။

ပြီးနောက် ကျွန်ုပ်ထံမှ ရေတစ်ခွက်ကို တောင်းသောက်ပြီး ...စကားကို ဆက်ပြန်၏။

ကျွန်ုပ်လည်း အလွန့် အလွန်မှ ထူးဆန်းသော အကြောင်း ...ရာများကို ကြားသိနေရသဖြင့် မှတ်စုစာအုပ်၌ အားတက်သရော



www.burmeseclassic.com

www.burmeseclassic.com



ရေးမှတ်နေမိ၏။

... မီးနှင်းပွဲနောက်ပိုင်းမှာ ကိုယ့်ကိုယ်ကိုယ်ကို ယုံကြည်မှု ရလာပြီး လေ့ကျင့်တဲ့ပုံစံ နည်းနည်းပြောင်းလဲသွားတယ်။ အရင်က လို မီခင်ကြီးရဲ့မျက်နှာကိုပဲ အာရုံထဲမှာ စွဲထင်ဖို့မကြိုးစားတော့ဘဲ ညစဉ် ဖယောင်းတိုင်မီးတောက်ကိုကြည့်ပြီး လေ့ကျင့်နေခဲ့တယ်။

ဖယောင်းတိုင်မီးတောက်ကို သေသေချာချာ လေ့လာကြည့် ရင် အပိုင်း ၃ ပိုင်းရှိတာ တွေ့ရမယ်။ ထိပ်ဆုံးက အဝါရောင်၊ အောက်ဆုံးက ခရမ်းရောင်၊ အလယ်က အနက်ရောင်လေးပဲ ဖြစ်တယ်။

ဖယောင်းတိုင်မီးတောက်နဲ့ ကျွန်တော့်မျက်လုံးတွေဟာ တစ်တန်းတည်း မြင်နေရပါမယ်။ ဖယောင်းတိုင်ကို ခန္ဓာကိုယ်ရဲ့ (၁၆)လက်မအကွာမှာ ထားရတယ်။ ပြီးတော့ ဖယောင်းတိုင် မီးတောက်နဲ့ မျက်လုံးဟာ တပြေးတည်း မြင်နေရတယ်။

မျက်လုံးကြွက်သားတွေကို အပေါ်နဲ့အောက် ရွေ့လျားမှုမရှိ အောင် အထူးဂရုစိုက်ရတယ်။ မျက်လုံးအစုံဟာ ဖယောင်းတိုင်မီး တောက်ရဲ့ အလယ်မှာရှိတဲ့ အနက်ရောင်အပိုင်းကို စူးစိုက်ပြီး ကြည့်





နေရတယ်။

အာရုံရှုနိုင်ဖို့ လုံးဝမဖြစ်ပါဘူး။ ဒီလိုနဲ့ လေ့ကျင့်မှုတွေ များလာတဲ့အခါ ဖယောင်းတိုင်မီးတောက်ကိုကြည့်နေတဲ့အချိန်မှာ နံဘေးပတ်ဝန်းကျင်ကို လုံးဝမမြင်ရတော့ပါဘူး။ အားလုံးဟာ ပျောက်နေသလိုပဲ။ ဒီနောက်တော့မှ မျက်လုံးတွေကို တဖြည်း ဖြည်း မှိတ်လိုက်ပြီး မီခင်ကြီးရဲ့မျက်နှာကို အာရုံထဲမှာ စွဲထင်အောင် ကြိုးလုပ်ရပါတယ်။ ဒီအချိန်ကစပြီး တဖြည်းဖြည်း တိုးတက်လာရာက နောက်ဆုံးမှာ ဆရာကြီးပြောသလို အရာဝတ္ထုတစ်ခုကို သုံးမိနစ် လောက် အာရုံစူးစိုက်နိုင်သေးတယ်။ ဒီလိုကျင့်စဉ်တွေကို မနားမနေ ကျင့်ကြံပြီး တစ်နေ့မှာ ကျွန်တော် အရမ်းအားရကျေနပ်တဲ့ နေ့တစ်နေ့ ကို မမျှော်လင့်ဘဲ ကြုံတွေ့ရတယ်။

ကျွန်တော်ဟာ မျက်စိမှိတ်ထားပြီး အရာဝတ္ထုတွေရဲ့ ပုံတဝါး ဝါးတွေကို မြင်တွေ့နေရတယ်။ နောက်တော့ မျက်လုံးအစုံကိုဖွင့်ပြီး ရှေ့မှာရှိနေတဲ့ အရာဝတ္ထုတွေကို အာရုံပြုကြည့်လိုက်တာနဲ့ အရာဝတ္ထု ရဲ့ပုံသဏ္ဍာန်ကို မှန်းဆနိုင်နေပါပြီ။ အလွန်အံ့သြဖို့ကောင်းပါတယ်။



www.burmeseclassic.com

ကျွန်တော်ဟာ အလွန်ထူးခြားဆန်းကြယ်တဲ့ အာရုံတစ်မျိုး ကို ပိုင်ဆိုင်ခွင့်ရလိုက်တာပါ…

ရှန်ကာရသည် သူ၏စကားကို ခဏမျှနား၍ ရေတစ်ခွက် ကို တောင်းသောက်ပြန်၏။

ကျွန်ုပ်လည်း စိတ်ဝင်စားလွန်း၍ ရေးမှတ်နေရာမှ ရှန်ကာရ နားသောအခါမှ အညောင်းအညာဖြေရန် သတိရ၏။

ကျွန်ုပ်သည် မတ်တပ်ရပ်၍ အညောင်းဆန့်လိုက်၏။ ပြီးမှ ဆက်ရေးလေ၏။ ရှန်ကာရက ဆက်လက်၍

… လူမှာရှိတဲ့ အမြင်၊ အကြား၊ အနံ့အာရုံတွေမှာ အတွင် နဲ့ အပြင်အာရုံဆိုပြီး နှစ်မျိုးရှိပါသေးတယ်။ ကျွန်တော်တို့ လူသား တွေဟာ အတွင်းအာရုံကိုပါ ဖွံ့ဖြိုးအောင် ပြုလုပ်နိုင်ခဲ့ရင် မျက်လုံ ကို အသုံးမပြုဘဲ မြင်တွေ့နိုင်မယ်၊ နားကို အသုံးမပြုဘဲ ကြားနိုင်မယ် နှာခေါင်း ကိုအသုံးမပြုဘဲ အနံ့ခံနိုင်လိမ့်မယ်။ ကျွန်တော်ဟာ အမြင်အာ ရဲ့အတွင်းပိုင်းဖွံ့ဖြိုးအောင် အထူးအလေးပေးပြီး လေ့ကျင့်ခဲ့တယ်။

ညစဉ်ညတိုင်း ဖယောင်းတိုင်တစ်တိုင်ပြီးတစ်တိုင် ထွန်းပြီ





င်ပင်ပန်းပန်း လေ့ကျင့်ခဲ့တယ်။ တစ်ခါတစ်ရံ မအိပ်ဘဲ တစ်ညလုံး လေ့ကျင့်တာတောင် ရှိခဲ့တယ်။ အိပ်ခန်းထဲမှာ တစ်ကိုယ်တည်းထိုင် ပြီး ကျွန်တော့်မျက်လုံးတွေကို အဝတ်စည်းနှောင်တယ်။ ပြီးတော့ ဟ်စီရှေ့က အရာတွေကို အာရုံခံစားပြီး မြင်နိုင်အောင် ကြိုးစား ကြည့်ပါတယ်။

ကျွန်တော် စိတ်အားထက်ထက်သန်သန်နဲ့ ကြိုးစားလွန်းတော့ ောက်ဆုံးမှာ အောင်မြင်မှုရလာတာပါပဲ။ နောက်ဆုံး ကျွန်တော်ရဲ့ င်သပ်မှုမှာ ဖဲထုပ်တစ်ထုပ်ကို အသုံးချခဲ့တယ်။ ဖဲထုပ်တစ်ထုပ် ယူပြီး အပေါ်ဆုံးဖဲချပ်ကို လှန်လိုက်တယ်။ ကျွန်တော်ဟာ ဖဲချပ်ရဲ့ ာက်ကျောဘက်ကကြည့်ပြီး ဖဲပွင့်ကို မှန်အောင် ခန့်မှန်းခဲ့တယ်။ ာက်ပြီးတော့ ဖဲချပ်တွေ တစ်ချပ်ပြီး တစ်ချပ် ဆွဲထုတ်ပြီး ထုပ်လုံး ကျွန်တော် ခန့်မှန်းခဲ့တယ်။

ဖဲထုပ်တစ်ထုပ်လုံးကို ခန့်မှန်းသမျှအားလုံးကို စာရွက် ရွက်မှာ ချရေးထားတယ်။ အားလုံးပြီးလို့ ပြန်တိုက်စစ်ကြည့် ာ အံ့သြဖွယ်ကောင်းလောက်အောင် မှန်ကန်တာကို တွေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာ ဖဲထုပ်တစ်ထုပ်လုံးရဲ့ (၈၀) ရာခိုင်နှုန်း
လောက်ကို မှန်အောင် ခန့်မှန်းနိုင်ခဲ့တယ်...''

ဟု ပြောလေရာ ကျွန်ုပ်သည် ရေးမှတ်ရင်း စိတ်အ
ထက်သန်လှန်းသဖြင့် သူ၏စကားကိုဖြတ်၍ ဝင်ပြောမိ၏။

''မောင်ရှင်ရဲ့အစွမ်းဟာ အံ့မခန်းပါပဲ၊ ဒီလိုစွမ်းရည်မျိုး
ကာစီနိုနန်းမကြီးတွေဆီမှာ သွားပြီးကစားရင် သန်းကြွယ်သူဌေး
မှာ သေချာတယ်''

ကျွန်ုပ်၏စကားကြောင့် ရှန်ကာရက သက်ပြင်းချ၍

'' ကျွန်တော့်ရဲ့အစွမ်းကို အသုံးပြုပြီး စီးပွားရေးလု
စိတ်ကူးမရှိပါဘူး၊ မျက်လှည့်အဖွဲ့မှာ ဝင်လုပ်နေတာဟာ အများ
ဖြေဖျော်နေတာပါ၊ ကျွန်တော် တစ်ကိုယ်တည်း ကြီးပွားချမ်းသာ
တဲ့စိတ် ရင်ထဲမှာ တကယ်မရှိပါဘူး၊ ဒီလိုနဲ့ မနေ့စ်လောက်က
ကျွန်တော်ဟာ မျက်နှာတစ်ခုလုံးကို အဝတ်က စည်းနှောင်
စာအုပ်တစ်အုပ်ကို ကောင်းကောင်း ဖတ်နိုင်နေပြီး စာ
ထဲကစာသားတွေကို တစ်လုံးမှမမှားဘဲ ဖတ်ရှုနိုင်ခဲ့တ





ဖတ်ရှုနိုင်တဲ့အစွမ်းကို ကျွန်တော် ဘယ်လိုမှ သူတစ်ပါး နားလည်
အောင် ရှင်းမပြနိုင်ဘူး၊ သေချာတာတစ်ခုကတော့ မျက်စိနဲ့ စာအုပ်ကို
မြင်နိုင်ပေမဲ့ ကျွန်တော့်ခန္ဓာကိုယ်ရဲ့အစိတ်အပိုင်း တွေနဲ့ စာအုပ်ကို
ထိတွေ့ထားရင် စာအုပ်ထဲက စာတွေကိုမြင်အောင် ဖတ်ရှုနိုင်ပါတယ် ''

ဟု ပြောလေရာ ကျွန်ုပ်သည် ရှန်ကာရ၏စကားကြောင့်
်မှောင်ကြုတ်၍

'' ခင်ဗျားခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းနဲ့ ထိတွေ့ရင် စာအုပ်
ဖတ်နိုင်တယ် ဟုတ်လား ''

ဟု မေးမြန်းမိလေ၏။ ရှန်ကာရက ခေါင်းညိတ်၍

'' ဟုတ်ပါတယ်၊ ခန္ဓာကိုယ်ပေါ်က အရေပြားဖုံးအုပ်ထား
ဲ့ အစိတ်အပိုင်းတွေအားလုံးက အာရုံခံစားပြီး စာအုပ်ကို ဖတ်ရှု
င်ပါတယ်၊ ကျွန်တော့်ကို အခန်းတစ်ခန်းထဲမှာ အလုံပိတ်ထားပြီး
ဖက်ခန်းက စာအုပ်ကို ဖတ်ပြပါဆိုရင် ကျွန်တော် မဖတ်နိုင်ပါ
း၊ အဲဒီအခန်းထဲကို ကျွန်တော် မျက်စိနဲ့မကြည့်ဘဲ ပြတင်းပေါက်
လက်ညှိုးလေးတစ်ချောင်းပဲ ထည့်ခွင့်ပြုရင်တောင် ကို



www.burmeseclassic.com

www.burmeseclassic.com



တော်နိုင်ပါတယ်၊ ကျွန်တော့်မျက်လုံးနဲ့မကြည့်ရပေမဲ့ လက်ညှိုး
ကြည့်ပြီး ဖတ်ရှုနိုင်တယ်လို့ ပြောချင်တာပါ ”

ဟု ပြောလေ၏။ ထိုအခါ ကျွန်တော်သည် ဖဲချပ်များ
ဖတ်ရှုခြင်းနှင့်ပတ်သက်၍ စိတ်ကူးပေါက်သွားပြီး

“ ဒါဆိုရင် ဖဲချပ်တွေကို ဖတ်တဲ့အခါ မောင်ရင့်ရဲ့ လ
ချောင်းတွေနဲ့ ဖဲချပ်အရှေ့ကို ပွတ်သပ်ကြည့်ဖို့လိုသလား ”

ဟု မေးမြန်းလိုက်လေ၏။ ထိုအခါ ရှန်ကာရက

“ ဖဲချပ်တွေကိုဖတ်ရှုတဲ့နေရာမှာတော့ လက်ချောင်းတွေ
ထိတွေ့ပြီး ဖတ်ရှုစရာမလိုပါဘူး၊ ဖဲချပ်တွေက ပါးလွှာလွန်း
လားတော့ မသိဘူး၊ ဒီလိုနဲ့ မျက်စိနဲ့မကြည့်ဘဲ အရာရာ
မြင်တွေ့နိုင်တဲ့ အဆင့်တစ်ခုကို ကျွန်တော် ရရှိခဲ့ပါတယ် ”

ဟု ပြောလေ၏။

ကျွန်ုပ်သည် ရှန်ကာရဆိုသော လူထူးလူဆန်းအကြော
ကို မှတ်တမ်းတင်နေရာမှ ၎င်း၏ဆရာကြီး ရာဂျီးနီးကို သတိရသ
ပြီးနောက် ကျွန်ုပ်က





“ ဟိမဝန္တာတောထဲကိုရောက်သွားတဲ့ ဆရာကြီး ရာဂျီးနီး
နဲ့ ပြန်မတွေ့ဘူးလား ”

ဟု မေးမြန်းလေ၏။ ထိုအခါ ရှန်ကာရက ခေါင်းခါယမ်း၍

“ ဆရာကြီးနဲ့ ကျွန်တော် ပြန်မတွေ့တာ နှစ်ပေါင်းများစွာ
ကြာခဲ့ပြီ၊ ဆရာကြီးနဲ့ အိပ်မက်ထဲမှာတော့ ခဏခဏ ကြုံတယ်၊
ဒါပေမဲ့ အိပ်မက်ထဲမှာတွေ့တိုင်း ဆရာကြီးက ကျွန်တော့်ရဲ့လုပ်ရပ်
တွေကို မနှစ်မြို့ကြောင်း ပြောတယ်၊ နောက်ပြီးတော့ ပညာရပ်နဲ့ပတ်သက်ပြီး
အစွမ်းကုန် လျှို့ဝှက်ထားဖို့ သတိပေးတယ်၊ ကျွန်တော်ဟာ
စိတ်ခွဲလမ်းလို့ ဆရာကြီးကို အိပ်မက်မက်တာလို့ မှတ်ယူလင့်ရတာပဲ၊
ဒါကြောင့် အိပ်မက်ထဲက ဆရာကြီးရဲ့ပြောစကား တွေကို ကျွန်တော်
လိုက်နာမိတာပဲ၊ ဆရာကြီးက ပညာရပ်ကို အလေးမမူပြုရင်
တစ်နေ့နေ့မှာ ကျွန်တော်ရဲ့အသက်ဇီဝိန်ကြွေမယ် လို့ သတိပေးဖူးတယ် ”

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က

“ မောင်ရင့်ရဲ့လှေကျင့်ခန်းတွေကို ရပ်လိုက်ပြီလား ”

ဟု မေးမြန်းလေ၏။ ရှန်ကာရက ခေါင်းညိတ်၍



www.burmeseclassic.com

www.burmeseclassic.com



" ကျွန်တော့်ရဲ့ ရည်မှန်းချက်တွေ ပြည့်ဝသွားပြီဆိုတော့ ညဘက် ဖယောင်းတိုင်မီးထွန်းတဲ့ လှေကျင့်ခန်းရော၊ မီခင်ကြီးရဲ့ မျက်နှာကို ကြည့်တဲ့လေ့ကျင့်ခန်းရော မလုပ်တော့ဘူး၊ လေ့ကျင့်ခန်း မလုပ်ပေမဲ့ ကျွန်တော့်ရဲ့စွမ်းရည်သတ္တိတွေ လျော့ကျမသွားပါဘူး လိုင်းရင်းစီးတီး မျက်လှည့်အဖွဲ့ကြီးမှာ ကျွန်တော် ရောက်နေတာ ကြာပြီ၊ မျက်လှည့်ပိုင်ရှင် ဂျူးအဘိုးကြီးက ကျွန်တော့်အပေါ်မှာ သိပ်ကောင်းတယ်၊ သူ့သမီးနဲ့တောင် ကျွန်တော့်ကို ပေးစားဖို့ ကြံ စည်တယ်၊ ဒါပေမဲ့ ဆရာကြီး ရာဂျီနီးရဲ့ကျင့်စဉ်တွေကို လေ့ကျင့်ပြီး တဲ့ နောက်မှာ အိမ်ရာထူထောင်ခြင်း မလုပ်ချင်တော့ဘူး၊ မျက်လှည့် အဖွဲ့မှာတော့ တစ်သက်လုံးနေတော့မယ်လို့ ဆုံးဖြတ်ထားတယ် ကျွန်တော် ဒီလို မျက်စိကိုအသုံးမပြုဘဲ မြင်နိုင်တဲ့အစွမ်းသတ္တိတွေ ရှိလာတာဟာ ဆရာကြီးရာဂျီနီးရဲ့ကျေးဇူးကြောင့်ပါပဲ၊ ကျွန်တော် မသေမီ ဆရာကြီး ရာဂျီနီးကို တစ်ကြိမ်တွေ့ချင်ပါသေးတယ် "

ဟု ပြောရင်း သူ၏ စကားကို အဆုံးသတ်လိုက်လေ၏ ပြီးနောက်မောလှုပာန်ဖြင့် ရေတစ်ခွက်ကို ယူ၍ သောက်၏ ပြီးနောက်





" ကျွန်တော် ဒီနေ့ တော်တော်ပင်ပန်းသွားတယ်၊ နယ်ပိုင်းမင်း ကျွန်တော့်ကို ပြန်ခွင့်ပေးပါ၊ ကျွန်တော့်ရဲ့ ထူးခြားဆန်းကြယ်တဲ့ အတွေ့အကြုံတွေကို အတတ်နိုင်ဆုံး လျှို့ဝှက်ပေးပါလို့ မေတ္တာ ရပ်ခံချင်ပါတယ် "

ဟု ပြောလေရာ ကျွန်ုပ်က ရေးမှတ်နေသော မှတ်စုစာအုပ် ကို ပိတ်၍

" ဒီအတွက်တော့ စိတ်ချပါ၊ ကျုပ်ဟာ စာရေးဆရာ တစ်ယောက်မဟုတ်ပါဘူး၊ မောင်ရှင်ရဲ့ စွမ်းရည်သတ္တိ ဒွာကို ချဲ့ကားချပြဖို့ ရည်ရွယ်ချက်မရှိဘူး၊ မောင်ရှင်ရဲ့မှတ်တမ်းတွေကို ရေးမှတ်နေတာဟာ တစ်သက်မှာတစ်ကြိမ် ကြုံတွေ့နိုင်ခဲ့တဲ့ ထူးခြား ဆန်းကြယ်တဲ့ဖြစ်ရပ် တွေကို အခွင့်အရေးရတုန်း မှတ်တမ်းတင်နေတာပါ "

ဟု ပြောလေ၏။

ထို့နောက် ကျွန်ုပ်သည် ဝီစလီကားကို ကိုယ်တိုင်မောင်းနှင် ၍ လိုင်းရင်းစီးတီး မျက်လှည့်အဖွဲ့ကြီးတည်ရှိရာ မြို့ပြင်သောလုံး ဆွင်းဆီသို့ လိုက်လံပို့ဆောင်ပေးခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညက ကျွန်ုပ်သည် မှတ်တမ်းကြီးကို အကြိမ်ကြိမ် အထပ်ထပ် ဖတ်ရှု၍ အိပ်မပျော်နိုင်တော့ချေ။

ကမ္ဘာပေါ်တွင် သက်ရှိထင်ရှား အထူးခြားဆုံး လူသား တစ်ယောက်၏ ဘဝမှတ်တမ်းကို ကျွန်ုပ်ရေးဖွဲ့ပြီးလေပြီ။

ထိုမှတ်တမ်းကို ဖတ်ရှုမိသူအပေါင်းသည် ကျွန်ုပ်ကို ရူးသွပ်သူ တစ်ဦးဟူ၍ပင် ထင်မြင်ကောင်း ထင်မြင်ပေလိမ့်မည်။

ဤမျှထူးခြားဆန်းကြယ်ပြီး ရှားပါးသော လူတစ်ယောက် သည် လိုင်းရှင်းစီးတီးကဲ့သို့ သာမန်မျက်လှည့်အဖွဲ့လေး၌ တိမ်မြုပ် မနေသင့်ဟု ကျွန်ုပ် ထင်မြင်မိလေ၏။

ရှန်ကာရကဲ့သို့ မျက်စိကိုအသုံးမပြုဘဲ မြင်နိုင်သူတစ်ဦးကို ဆရာဝန်များကို ဖော်ထုတ်နိုင်လျှင် မျက်မမြင်များ၊ နားမကြားသူများ အတွက် များစွာ အသုံးဝင်နိုင်၏။

ကျွန်ုပ်သည် ရှန်ကာရ၏အကြောင်းများကို တွေးတောရင်း ထိုနေ့ညက တစ်ညလုံး အိပ်မပျော်ခဲ့ချေ။

နောက်တစ်နေ့သို့ရောက်သောအခါ ကျွန်ုပ်၏မိတ်ဆွေ





ထမ်မျိုးအင်စပက်တော် ဦးလှဖေက

" ဒီနေ့ည လိုင်းရှင်းစီးတီး နောက်ဆုံးညဗျ၊ ကျုပ်တော့ ကြည့်ချင်သေးတယ် "

ဟု ပြောလေရာ ကျွန်ုပ်က ခေါင်းညိတ်၍

" လိုင်းရှင်းစီးတီးက ဒီနေ့ပြပြီးရင် အိန္ဒိယကို ကူးတော့မှာ ဗျ ကျုပ်တို့နိုင်ငံကို တော်တော်နဲ့ရောက်မှာမဟုတ်ဘူး၊ နောက်ဆုံး အနေနဲ့ သွားကြည့်ကြမယ် "

ဟု ပြောလေ၏။

ထိုနေ့ညသို့ရောက်သောအခါ ကျွန်ုပ်နှင့် မိတ်ဆွေကြီး ဦးလှဖေသည် လိုင်းရှင်းစီးတီးကို မျက်လှည့်ကြည့်ရန် သွားရောက် ခဲ့လေ၏။

မျက်လှည့်အဖွဲ့ပြသရာ ဘောလုံးကွင်းသို့ရောက်သောအခါ နောက်ဆုံးနေ့ဖြစ်သော်လည်း လူများရှင်းလင်းနေကြောင်း တွေ့ရ၏။

မျက်လှည့်ရုံကြီးရှေ့သို့ရောက်သောအခါ ပိုစတာများ ချိတ်၍ ထားသော်လည်း လက်မှတ်ရောင်းသောနေရာ၌ ဝိတ်ထားကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရ၏။

မျက်လှည့်ရုံရှေ့၌ ဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲထား၍ ဖတ်ရှုကြည့်လိုက်ရာ ယနေ့ည မျက်လှည့်မပြဖြစ်ပါကြောင်း ပရိသတ်များကို ဝမ်းနည်းစွာ အသိပေးပါသည်ဟု ရေးသားထားလေ၏။

ကျွန်ုပ်သည် မျက်မှောင်ကြုတ်လိုက်ပြီး မိတ်ဆွေကြီး ဦးလှဖေဘက်သို့ လှည့်၍

" ၊ မျက်လှည့်ရုံမှာ တစ်ခုခုဖြစ်ပြီနဲ့တူတယ်၊ ဒါကြောင့် အနီးပတ်ဝန်းကျင်မှာ ဈေးသည်တွေတောင်မရှိဘဲ ရှင်းလင်းနေတာကိုး၊ ကျုပ်တို့ စုံစမ်းကြည့်ရအောင် "

ဟု ပြောလေ၏။ ထိုစဉ် မျက်လှည့်ရုံစောင့်သော အဘိုးကြီးတစ်ယောက် ရုံထဲမှထွက်လာ၍ ကျွန်ုပ်က ရှေ့သို့တိုးသွားပြီး

" ဒီနေ့ ဘာလို့ မျက်လှည့်မပြတာလဲဗျ "

ဟု မေးမြန်းလေ၏။ မျက်လှည့်ရုံစောင့်သော အဘိုးကြီးက ဝမ်းနည်းဟန်ဖြင့်

"ကျုပ်တို့မျက်လှည့်အဖွဲ့က လူတစ်ယောက်သေသွားလို့ပါဗျာ"





ဟု ပြောလေ၏။ ကျွန်ုပ်က အဘိုးကြီး၏စကားကြောင့် အံ့သြဟန်ဖြင့်ကြည့်၍

" ဘယ်သူသေတာလဲဗျာ "

ဟု မေးမြန်းလေ၏။ အဘိုးကြီးက

" ကျုပ်တို့ လိုင်းရှင်းစီးတီးအဖွဲ့ရဲ့ အဘိုးတန်ဆုံး လူတစ်ယောက်ပေါ့ဗျာ၊ မျက်လုံးတွေကို အသုံးမပြုဘဲ မြင်နိုင်တဲ့လူလေ၊ ရှန်ကာရဆိုတဲ့လူပေါ့ဗျာ "

ဟု ပြောလေရာ ကျွန်ုပ်သည် အဘိုးကြီး၏စကားကြောင့် မယုံနိုင်ဟန်ဖြင့် မျက်လုံးပြူးသွားပြီး

" ဘာ… ရှန်ကာရ သေသွားပြီ ဟုတ်လား၊ မနေ့ကတောင် သူ ကျန်းမာရေးကောင်းနေသားပဲ၊ ဘာဖြစ်လို့ သေရတာလဲ"

ဟု မေးမြန်းလေ၏။ အဘိုးကြီးက

" ကျုပ်တို့လည်း ရေရေရာရာ မပြောနိုင်ပါဘူး၊ ဒီနေ့နံနက် သူ့ကို အိပ်ရာထဲမှာ သေနေတာတွေ့ရတာပဲ၊ မျက်လှည့်အဖွဲ့မှာတော့ ဒါမျိုးတွေ တွေ့တတ်ပါတယ်၊ ထူးခြားမှုတစ်ခုတော့ မဟုတ်ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းဟာ သေမျိုးချည်းပဲ မဟုတ်လား ''

ဟု ပြောလေရာ ကျွန်ုပ်သည် ရှန်ကာရ၏မျက်နှာကို မြင်မိပြီး ကရုဏာစိတ်ဖြင့် ခေါင်းခါယမ်းကာ

'' သူဟာ မျက်လုံးတွေကို အသုံးမပြုဘဲ အရာဝတ္ထုတွေကို မြင်နိုင်တဲ့ အထူးဆန်းဆုံးလူဗျ၊ သူလိုလူဟာ ဘာကြောင့် အခုလို လွယ်လွယ်သေဆုံးရတာလဲ၊ သူဟာ ကမ္ဘာပေါ်မှာ တစ်ယောက်တည်းရှိတဲ့ ရှားရှားပါးပါး လူတစ်ယောက်ဗျ ''

ဟု ဝမ်းနည်းစွာ ရေရွတ်နေမိ၏။ မျက်လျှည်အဖွဲ့ရှိ အဘိုးကြီးက ကျွန်ုပ်၏အမူအရာကိုကြည့်၍

'' အထူးခြားဆုံးလူလည်း တစ်ချိန်မှာ သေဆုံးရမှာပဲ၊ စောစောသေတာနဲ့ နောက်ကျသေတာပဲ ကွာခြားမှုရှိတာပါ၊ ရင်ထဲမှာ တရားရှိရင် အရာရာကို သိနားလည်လိမ့်မယ်၊ တရားရှိအောင် ကြိုးစားပါ ''

ဟု ပြောရင်း မျက ုညှို့ရုံထဲသို့ ပြန်လည်ဝင်ရောက်သွားလေ၏။

ကျွန်ုပ်သည် အဘိုးကြီး၏နောက်ကျောကိုကြည့်၍ ခေါင်း





ခါယမ်းလိုက်ပြီး

'' ရှန်ကာရ ဘာဖြစ်သွားရတာလဲ၊ နှမြောလိုက်တာဗျာ ''

ဟု အကြိမ်ကြိမ် ရေရွတ်နေလေ၏။

ကျွန်ုပ်၏အမူအရာကို မိတ်ဆွေကြီး ကိုလှဖေက နားမလည်သော်ဖြင့် ကြည့်နေရှာ၏။

ကျွန်ုပ်သည် မည်သည့်စကားကိုမျှ မဆိုတော့ဘဲ ကားကို ပြန်လည်မောင်းနှင်လာခဲ့၏။

ရှန်ကာရသည် လွန်ခဲ့သောနေ့က ကျွန်ုပ်အား သူ့ဘဝအကြောင်းကို မချွင်းမချန် ပြောပြ၏။

ရှန်ကာရသည် ကျွန်ုပ်ကို မြင်မြင်ချင်း ရင်းနှီးခင်မင်ခဲ့သည် ဖြစ်၏။ ထို့ကြောင့်ပင် လျှို့ဝှက်အပ်သော ဘဝနောက်ကြောင်းများကို ပြောပြခဲ့ခြင်းဖြစ်၏။

ရှန်ကာရသည် လွန်စွာထူးခြားဆန်းကြယ်ပြီး လူသားမန်များ ကျော်နိုင်ခဲ့လှသော ကျင့်စဉ်ကို အောင်မြင်ခဲ့သူဖြစ်၏။

သူ၏ထူးခြားလျှို့ဝှက်သောအစွမ်းကို အံ့ခြကြေးငွေ ၍



www.burmeseclassic.com

www.burmeseclassic.com



လူအများကို ပြသခဲ့၏။ သူ၏လျှို့ဝှက်အပ်သော ကျင့်စဉ်များ
လည်း ကျွန်ုပ်ကဲ့သို့ သာမန်လူတစ်ယောက်ကို အိတ်သွန်ဖာမှောက်
ပြောပြပြီး မှတ်တမ်းများ ရေးသွင်းစေခဲ့၏။

ထို့ကြောင့် မမြင်ရသော ပုဂ္ဂိုလ်များက ရှန်ကာရအား အပြ
ဒဏ် ချမှတ်လိုက်ခြင်းပင်လော။ ဤသို့ဆိုလျှင် ဆရာကြီး ရာကျ
က အိပ်မက်ထဲတွင် သတိပေးချက်များသည် အမှန်ပင် ဖြစ်နေ
သလော။ တိုက်ဆိုင်မှုပေလော။ တွေးမရအောင် ဖြစ်မိ၏။

ကျွန်ုပ်သည် ထိုနေ့မှစ၍ ရှန်ကာရနှင့် တွေ့ဆုံခဲ့သော
အကြောင်းအရာများကို မေ့ပစ်နိုင်အောင် ကြိုးပမ်းရလေ၏။

မည်သို့ပင်ဖြစ်စေ အထက်၌ ကျွန်ုပ်ရေးမှတ်ခဲ့သော ရှန်ကာ
နှင့် ပတ်သက်သော အကြောင်းသည် ကျွန်ုပ်၏သဘောဆန္ဒ
ပြင်ဆင်ရေးသားခြင်းအလျဉ်းမရှိဘဲ ရှန်ကာရ၏ ပြောဆိုချက်များ
သာ တိကျစွာ မှတ်တမ်းတင်ထားခြင်း ဖြစ်ပေတော့၏။

(နယ်ပိုင်ဝန်ထောက်မင်း ဦးဖေ

● ● ●





ဤနေရာတွင် ညောင်ပင်ကြီးအနောက်သို့ဝင်၍ သားရေဖုံး
အုပ်ကလေးကို ဖတ်ရှုနေသော ဘိုးစံ၏အကြောင်းကို ဆက်ပါဦး
ညီ။

ဘိုးစံသည် နယ်ပိုင်ဝန်ထောက်မင်း ဦးဖေယျကိုယ်တိုင် ရေး
သားထားသော စာအုပ်ကို ဖတ်ရှုပြီးနောက်

" စာအုပ်ထဲမှာပါတဲ့ အကြောင်းအရာတွေက အလွန်ထူးခြား
ဆန်းကြယ်ပြီး မယုံနိုင်စရာကောင်းလိုက်တာ၊ ဒါဆိုရင် လူထူးလူဆန်း
ရှန်ကာရဆိုတဲ့လူဟာ တကယ်ပဲ မျက်စိနဲ့မကြည့်ဘဲ အရာဝတ္ထုတွေကို



www.burmeseclassic.com

www.burmeseclassic.com



မြင်နိုင်သူပေါ့၊ ဒါမှမဟုတ် ဒီစာအုပ်ထဲမှာပါတဲ့ အကြောင်းအရာတွေဟ
နယ်ပိုင်ဝန်ထောက်မင်း ဦးဖေယျ စိတ်ရှုးပေါက်ပြီး ရေးချင်တာရေ
ထားတာတွေလား၊ ဒီလိုလည်း မဖြစ်နိုင်ပါဘူးလေ၊ စာအုပ်ထဲက
အကြောင်းအရာတွေဟာ အစစ်အမှန်တွေဖြစ်လို့ လူ့အသက်နှစ်ချော
ဆုံးရှုံးခဲ့ရတာပဲ၊ လူ့အသက်နှစ်ချောင်းတောင် မကပါဘူး၊ ငါ့
ကျေးရွာရှင် မိန်းမလျာကြီး ညမွှေးပန်းရဲ့ အိမ်ကြီးတောင် မီးလော
သွားခဲ့ရတယ်၊ ငါဟာ ဒီစာအုပ်ကလေးကို အင်မတန် ကံထူးလို့ရ
တယ်၊ စာအုပ်ထဲက ရှန်ကာရဆိုတဲ့လူလို အစွမ်းသတ္တိရှိရင် ဘာ
အကျိုးရှိမလဲ ''

ဟု မျက်မှောင်ကြုတ်၍ စဉ်းစားနေမိ၏။ ထို့နောက် တ
တစ်ရာကို အတွေးပေါက်သွားပြီး

'' ဟိုက်... ဟုတ်ပြီ၊ ဒီလူရဲ့အစွမ်းအစမျိုးရှိရင် ငါ သူ
ဖြစ်ပြီပေါ့၊ ဘုရား ဘုရား... ငွေတွေကို ထားစရာတောင်ရှိမှာမဟု
ဘူး၊ တစ်လောကလုံးမှာ ငါလုပ်ချင်တာ လုပ်ခွင့်ရမယ်၊ မြန်မာပြ
မှာ ကျင်းပသမျှ ဘုရားပွဲတွေမှာ လေးကောင်ဂျင်ဝိုင်းတွေ၊ ဥဖကေ





ထီတွေ၊ ပါထန်ဝိုင်းတွေ အများကြီးပဲ၊ ဒီဝိုင်းကြီးမှာသွားပြီး အစွမ်းပြလိုက်ရင် ငွေတွေကို ဖွေးခနဲ၊ ဖွေးခနဲ နေမှာပဲ၊ ဟုတ်ပြီ... ဒီစာအုပ်ထဲက ကျင့်စဉ်တွေကို သေသေချာချာဖတ်ပြီး ငါ လေ့ကျင့်ရမယ်၊ ကျင့်စဉ်တွေအောင်မြင်သွားပြီဆိုရင်တော့ ငါ့အတွက် ရွှေလိုချင် ရွှေဖြစ်ရမယ်၊ ငွေလိုချင် ငွေဖြစ်မယ်၊ ဒါဆိုရင် မီးလောင်သွားတဲ့ ညမွှေးပန်းကြီးရဲ့အိမ်ထက် ဆယ်ဆလောက်ကြီးတဲ့အိမ်ကြီးကို ငါ ဆောက်နိုင်ပြီ၊ ဟား ဟား ဟား... ဒါဆိုရင် ငါ့ကို ဝိုင်းနိုင်နေတဲ့ လူတွေ ငါ့ကို မော့ကြည့်ကြရမယ်၊ ငါ့ကိုနှိမ်တဲ့လူတွေထဲမှာ တောင်ပြုန်းက မိန်းမလျာတွေ အဆိုးဆုံးပဲ၊ ငါချမ်းသာလာပြီဆိုရင် ငါ့အနားမှာ အချွေအရံတွေ ဝိုင်းဝိုင်းလည်နေမှာပဲ၊ အခုလို တစ်ကောင် ကြွက် တစ်မျက်နှာ မဟုတ်တော့ဘူး၊ ရန်ကုန်မြို့တော်ကြီးက ပညာတတ် အချောဆုံး အလှဆုံး မိန်းမတစ်ယောက်ကို ခေါင်းခေါက် ယူပစ်လိုက်မယ်၊ လောကမှာ အဓိက,က ငွေပဲ၊ လက်ထဲမှာ ငွေတွေ အများကြီးရှိဖို့ပဲ၊ ခါးကုန်းကြီးပြောတာ မှတ်မိတယ်၊ ငွေဟာ ဒုတိယ မြောက် ဘုရားသခင်တဲ့၊ ငွေရှိရင် အရာရာမှန်တယ်၊ ကောင်းတယ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားကြတာပဲ၊ ငွေရှိလဲ့လူလုပ်တာမှန်သမျှ တင့်တယ်တယ်၊ ငါ
ဘဝတစ်လျှောက်လုံး ငွေမရှိလို့ အနှိမ်ခံခဲ့ရတယ်၊ စိတ်ဆင်းရဲခဲ့ရ
တယ်၊ မိန်းမလျှာတွေကတောင် ငါ့ကို လူရာမသွင်းချင်ဘူး၊ ဒီနေ့
ဒီအချိန်ကစပြီး ငါ့ရဲ့ကံဇာတာတွေ ကောင်းမွန်လာပြီထင်တယ်
ကြည့်စမ်း… နယ်ပိုင်ဝန်ထောက်မင်း ဦးဖေယျုရဲ့မှတ်တမ်းကို လိုချင်တဲ့
လူနှစ်ယောက် အသက်ပေးသွားရတယ်၊ မိန်းမလျှာကြီး ညမွှေးပန်း
လည်း နယ်ပိုင်ဝန်ထောက်မင်းဆီမှာ အိမ်ဖော်အဖြစ်လုပ်ကိုင်ပြီး
စာအုပ်ကြီးကို ခိုးယူခဲ့တယ်၊ မိန်းမလျှာကြီးဟာ စာအုပ်ကြီးကို
နှစ်ပေါင်းများစွာ သိမ်းထားပြီး ဘာမှဖြစ်မလာဘူး၊ ငါတစ်ယောက်
တည်း အတိတ်ကံကောင်းလွန်းလို့ လက်ထဲကို စာအုပ် ဆိုက်ဆိုက်
မြိုက်မြိုက် ရောက်လာခဲ့တာပဲ၊ ဒီနေ့ ငါဘာကြောင့်လဲ၊ ငါ့လောက်
ဆင်းရဲနွမ်းပါးပြီး အခြေအနေမဲ့တဲ့သူ ရှိမလား၊ ဒီကျင့်စဉ်ကြီးကို
လေ့ကျင့်လို့ မအောင်မြင်ရင်လည်း ငါ့မှာ အရှုံးမရှိပါဘူး၊ ဒုံရင်းက
ဒုံရင်းအတိုင်းပါပဲ၊ ဒီနေ့ကစပြီး ငါ့ရဲ့စားဝတ်နေရေးအတွက် အလုပ်
တစ်ခုရအောင်ရှာမယ်၊ အလုပ်ရရင် စာအုပ်ထဲက ကျင့်စဉ်တွေကို





ငါ အေးအေးဆေးဆေး ကျင့်နိုင်ပြီ၊ ခါးကုန်းကြီးပြောတဲ့စကားရှိတယ်၊
ဘာပဲလုပ်လုပ် စိတ်ဆန္ဒက အရေးကြီးဆုံးတဲ့၊ စိတ်ဆန္ဒပြင်းပြရင်
ဘာမဆိုအောင်မြင်မယ်တဲ့၊ ငါ့စိတ်တွေ ဒီလောက်ပြင်းထန်နေတာ၊
ငါ မအောင်မြင်ဘဲ နေမှာလား ”

ဘိုးစံသည် အထက်ပါအတိုင်း တစ်ကိုယ်တည်း တွေးတော
ပြီး ကပ္ပိယကြီးထံသို့ ပြန်ထွက်ခဲ့၏။

ထိုအချိန်၌ ညနေစောင်းအချိန်သို့ပင် ရောက်ရှိနေပြီ။ ဘိုးစံ
တစ်နေကုန် ထမင်းမစားရသေးချေ။

ကပ္ပိယကြီးသည် ဘိုးစံ ပြန်လည်ရောက်ရှိလာသောအခါ

“ တစ်နေကုန်အိပ်ပြီး ပြန်လာပြီပေါ့၊ ဟောဒီမှာ မင်းအတွက်
ဆန်ပြုတ်ရှိတယ် ”

ဟု ပြောလေ၏။ ဘိုးစံက ဆန်ပြုတ်ပန်းကန်ကို အမြန်ဆုံး
သောက်လိုက်ပြီး

“ ဗိုက်ထဲမှာ အဆာပြေသွားပြီ၊ ကပ္ပိယကြီးဆီမှာ အကူ
အညီတောင်းစရာရှိတယ် ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ကပ္ပိယကြီးက မျက်မှောင်ကြုတ်၍

" ဆန်ပြုတ်သောက်ပြီးတော့ ပိုက်ဆံချေးမလို့လား၊ ငါ့ဆီမှာ ချေးစရာ ပိုက်ဆံမရှိဘူး၊ ကိုယ့်လူ "

ဟု ပြောလေ၏။ ဘိုးစံက ရယ်မော၍

" ကပ္ပိယကြီးက ကျုပ်ကို ပေါ်တော်အထင်သေးတာပဲ၊ ပိုက်ဆံမချေးပါဘူးဗျာ၊ ကျုပ် အလုပ်တစ်ခုလုပ်ချင်လို့ဗျ၊ ဘာအလုပ် ပဲဖြစ်ဖြစ် မရွေးဘူးဗျာ၊ လောလောဆယ် ကျုပ်ရဲ့စားဝတ်နေရေး အဆင်ပြေရင် ကျေနပ်ပြီ "

ဟု ပြောလေ၏။ ဘိုးစံ၏စကားကြောင့် ကပ္ပိယကြီးက

" အလုပ်တစ်နေရာတော့ ချက်ချင်းရမယ်၊ ဒါပေမဲ့ ဒီအလုပ် ကို မြို့ပေါ်မှာ ဘယ်သူမှမလုပ်ချင်ကြဘူး "

"ဘယ်သူမှမလုပ်ချင်တဲ့အလုပ်ကို ကျုပ်လုပ်မယ်၊ ဘာ အလုပ်လဲ "

" ငါ့မိတ်ဆွေ လူ့ဌေးကြီး ဦးဌွတ်ဆီမှာ လုပ်ရမှာကွ၊ ဦးဌွတ်က တို့မြို့မှာ စိန်ဘုရင်ဆိုပြီး ပေါင်မုန့်လုပ်ရောင်းတယ်၊





သူတို့ရဲ့ပေါင်မုန့်က သိပ်အကောင်းကြီးမဟုတ်ပေမဲ့ မြို့ပေါ်မှာတော့ တစ်ခုတည်းသော ပေါင်မုန့်ပေါ့ကွာ၊ ဦးဌွတ်ဟာ နာမည်နဲ့လိုက် အောင် ဌွကျလွန်းလို့ သူ့ဆီမှာ ဘယ်သူမှမလုပ်ချင်ဘူး၊ ပြောနေ ကြတာယ်၊ ငါနဲ့လိုက်ခဲ့ကွာ "

ဟု ပြောကာ ဘိုးစံအား ဦးဌွတ်ဆီသို့ ခေါ်ဆောင်သွားလေ၏။

ဦးဌွတ်၏အိမ်သို့ရောက်လျှင် အသက် ၆၀ ဝန်းကျင် လူကြီး တစ်ဦးထွက်လာပြီး ဘိုးစံကို ရှုတင်းတင်းကြည့်ကာ

" ဒီမြို့ကလူမဟုတ်ဘူး၊ ဒါကြောင့် ငါ့ရဲ့စိန်ဘုရင် ပေါင်မုန့် ဆိုင်နံမှာ လာပြီးလုပ်ဝံ့တာကိုး၊ ကပ္ပိယကြီး… ဒီကောင့်ကို ထားခဲ့ဗျာ၊ ကျုပ်မေးချင်တာ မေးမယ်၊ ဒီကောင်လည်း ဖြေချင်ရာ ဖြေလိမ့်မယ်၊ ကြိုက်ရင်ခန့်မယ်၊ မကြိုက်ရင် မခန့်ဘူး၊ ဒီကောင် ကျုပ်ဆီမှာ အလုပ်ရသွားရင်တော့ ကပ္ပိယကြီးအတွက် နေ့စဉ် ပေါင်မုန့်တစ်လုံး တစ်လတိတိ ပို့ခိုင်းပေးမယ် "

ဟု ပြောလေရာ ကပ္ပိယကြီးက ဝမ်းသာအားရဖြင့်

" ပျော်စရာပဲ၊ ဆန်ပြုတ်သောက်ရာကနေ ပေါင်မုန့် ကြောင်း



www.burmeseclassic.com

ဘေးရောတွေမယ် ''

ဟု ပြောလေ၏။

ကပ္ပိယကြီးပြန်သွားသောအခါ ဦးငွတိုက ဘိုးစံ၏

လက္ခဏာကို အကဲခတ်၍

'' ဥပမိရှင်ကတော့ ကောင်းတယ်ကွာ၊ လူချော

တစ်ယောက်ပဲ၊ မိန်းကလေးတွေကျမဲ့ရုပ်မျိုး၊ ဒါပေမဲ့ ငါက ဥပမိ

သန့်တဲ့ယောက်ျားမျိုးကို မကြိုက်ဘူး၊ ဥပမိသိပ်ကောင်းရင် ဥ

အားကိုးနဲ့ လက်ကြောမတင်းချင်ဘူး၊ ငါလိုလူနဲ့ ဒီအလုပ်နဲ့တူလို့လာ

တန်လို့လားလို့ ဘဝင်မြင့်ပြီး သွေးနုထင်ရောက်တတ်တယ်၊ ဥ

သန့်တဲ့အတွက် ပိုပြီးသန့်အောင် ပြန့်အောင် ကြိုးစားကြတယ်၊ ဒီ

ကြိုးစားရင်း ယောက်ျားဟန်ပျက်ပြီး မိန်းမဟန်ပြောင်းသွား

များတယ်၊ ဒီလိုယောက်ျားမျိုးဟာ ယောက်ျားတန်မဲ့ မျက်နှာ

စနီးလိမ်း၊ အမွှေးနံ့သာတွေသုံးပြီး မိန်းမထက် ပိုအလှပြင်ကြတယ်

တစ်ခါတုန်းက လင်မယားနှစ်ယောက်ဟာ ယောက်ျားနဲ့မိန်းမ ခွဲကြ

တစ်ကုံးကို သူခွဲမယ်၊ ငါခွဲမယ်ဆိုပြီး လုခွဲတာ မြင်ဖူးတယ်





ဒါတာ ယောက်ျားတစ်ယောက်ရဲ့စရိုက်ပျက်သွားလို့ကွ၊ ယောက်ျား

ဆိုတာ ရှန်းကန်ဖို့ ကြိုးစားရတယ်၊ တည်ဆောက်ရတယ်၊ ကာကွယ်

ပေးတတ်ရတယ်၊ သူတို့မှာ အလှပြင်ဖို့ အချိန်မရဘူး၊ အလှပြင်တာ

မိန်းမတွေအလုပ်ကွ ''

ဟု ပြောလေရာ ဘိုးစံသည် ဦးငွတို၏စကားကြောင့် မိမိ၏

အားချက်နှင့် ကိုက်ညီနေသဖြင့် အားပါးတာရ ထောက်ခံလေ၏။

ဘိုးစံက

'' သိပ်ဟုတ်တာပေါ့ ဦးလေးရာ၊ ယောက်ျားတန်မဲ့ မိန်းမ

တွေလို ကနွဲ့ကလျှပြောပြီး အလှပြင်နေတဲ့ ယောက်ျားတွေကို ကျွန်တော်

သိပ်မုန်းတာပဲ၊ ဒီလိုလူမျိုးတွေဟာ မိန်းမရရင် မိန်းမကို လုပ်မကျွေးတဲ့အပြင်

မိန်းမထမီများ ခိုစားမဲ့ကောင်တွေဗျ၊ ကျွန်တော်က ဥပမိကောင်းပေမဲ့

ကနွဲ့ကလျှ မလုပ်ပါဘူး၊ ကျားဆိုမှ ကျားပါဗျ ''

ဟု ဆိုကာ လက်ခမောင်းကို တဖြောင်းဖြောင်းခတ်လိုက်

လေ၏။ ဦးငွတိုသည် ဘိုးစံ၏အမူအရာကို သဘောကျဟန်ဖြင့်

'' ကြိုက်သွားပြီ၊ မင်းနဲ့ ငါ ပေါင်းလို့ရတာ သေချာသွား

www.burmeseclassic.com



ပြီ၊ မင်းကို မေးရဦးမယ်၊ ယောက်ျားကောင်း မောင်းမတစ်ထောင် ဆိုတဲ့ စကားကို လက်ခံသလား ”

ဟု မေးမြန်းလေ၏။ ဘိုးစံသည် ဦးဂွတို၏အမေးကြောင့် မျက်မှောင်ကြုတ်၍

“ ယောက်ျားကောင်းရင် မောင်းမတစ်ထောင် ဟုတ်လား၊ ယောက်ျားတစ်ယောက်က မိန်းမအများကြီးယူရမယ်လို့ ဆိုလိုတာလား၊ ဒါတော့ မကောင်းဘူးထင်တယ် ”

ဟု ပြော်လေ၏။ ဦးဂွတိုသည် ဘိုးစံ၏စကားကြောင့် ခေါင်းခါယမ်းလိုက်ပြီး

“ ကောင်းတယ်ကွ၊ ယောက်ျားတစ်ယောက်ရဲ့သဘာဝဟာ မိန်းမတစ်ယောက်နဲ့ ဘယ်တော့မှ မတင်းတိမ်နိုင်ဘူး၊ ယောက်ျားတွေဟာ အသစ်အဆန်း သိပ်မက်တယ် ”

ဟု ပြောလေရာ ဘိုးစံသည် ဦးဂွတိုကြီး၏စကားကို လိုက်မမီနိုင်သဖြင့် ခေါင်းခါယမ်းလိုက်ပြီး

“ ဦးလေးပြောတာ ကျုပ် နားမလည်ဘူး၊ ကျုပ်ဟာ ချစ်သူ





ည်း မရှိဘူး၊ အိမ်ထောင်လည်း မပြုဖူးဘူး ”

ဟု ပြောလေ၏။ ဘိုးစံ၏စကားကို နားထောင်၍ ဦးဂွတိုက ည်မော၍

“ ဟား ဟား ဟား… မင်းမသိသေးတဲ့အရာတွေကို ွေးနွေးတော့ပါဘူးကွာ၊ အိမ်ထောင်ပြုတယ်ဆိုတာ ဥပဒေဘောင် ွင်းက ပြည်တန်ဆာစနစ်တစ်ခုပါပဲကွာ၊ ယောက်ျားနဲ့မိန်းမ ူနေခွင့်ရဖို့အတွက် လူမှုပတ်ဝန်းကျင်က သတ်မှတ်ပေးလိုက်တာပဲ၊ နေပါဦးကွ၊ မင်း ပေါင်မုန့်စားဖူးတယ် မဟုတ်ဘူး ”

“ စားဖူးပါတယ်ဗျာ၊ ပေါင်မုန့်ကို ကျုပ် တော်တော်ကြိုက် ်် ”

“ ဒါဆိုရင် အတော်ပဲ၊ မင်းကို ငါ့ရဲ့မူပိုင်ပေါင်မုန့်ဖုတ် ်ကို တစ်ပတ်အတွင်း အပြီးသင်ပေးမယ်၊ ဘာကြောင့်လဲဆိုတော့ ်ပတ်ပြည့်ရင် ငါ ဒီမြို့က မရှိတော့ဘူး ”

ဟု ပြောလေရာ ဘိုးစံသည် ဦးဂွတိုကို အံ့ဩဟန်ဖြင့် ကြည့်၍

“ ဦးလေးက ဘုရားဖူးခရီးထွက်မလို့လား ”



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလေ၏။ ဦးဥတိုက ခေါင်းခါယမ်း၍

" ငါ့ရုပ်ကို သေသေချာချာကြည့်စမ်း၊ ဘုရားဖူးထွက်
ရုပ်လား၊ ငါ ဒီမြို့ကမရှိတော့ဘူးဆိုတာ မိန်းမခိုးပြေးမလို့ကွ "

" ဗျာ… ဦးလေးက ဒီအရွယ်ရောက်မှ မိန်းမခိုးပြေး
ဟုတ်လား၊ မသင့်တော်ပါဘူးဗျာ "

" ငါ့အရွယ်က ဘုရားသွား ကျောင်းတက် လုပ်သင့်
အရွယ်လို့ ဆိုချင်တာလား၊ ငါတစ်သက်မှာ ဘယ်တော့မှ ဟန်ဆော
ပြီး မလုပ်ဘူး၊ ငါ ဘယ်ဘုရား၊ ဘယ်ကျောင်းမှ မသွားချင်ဘူ
ငါ လောလောဆယ် မိန်းမတစ်ယောက်နဲ့ပဲ အတူနေချင်တယ်၊ ဟ
ဟား ဟား… မင်း ငါ့ကို ဘာကြည့်တာလဲ၊ ဦးလေး အသက်ကြ
ပါပြီလို့ ဆိုချင်တာလား၊ အသက်ကြီးလို့ လုပ်ချင်တာကို လုပ်
ကွ၊ လောကမှာ လူတွေဟာ တစ်သက်လုံး ကိုယ်ဖြစ်ချင်
မျိုသိပ်ပြီး ဟန်ဆောင်နေခဲ့တယ်၊ တကယ်တော့ လူတိုင်း လူတိုင်း
လူ့လောကကြီးမှာ ငါဘယ်နှစ်နှစ်လောက်နေရမလဲဆိုတာ ဆ
သင့်တယ်၊ ငါ့အသက် ၆၀ ရှိပြီ၊ နောက်ထပ် ငါနေရလို့ရင် ၁





ပေါ့ကွာ၊ ဒါတောင် ငါ့ကျန်းမာရေးကောင်းနေမှနော်၊ ငါ့မိတ်ဆွေ
တစ်ယောက်ကို တွေ့ဖူးတယ်၊ အသက် (၇၀)နားကပ်နေပြီ၊ ပိုက်ဆံ
လို လူငယ်လေးတစ်ယောက်လို အရှုံးအမူးရှာဖွေနေတုန်းရှိသေးတယ်၊
ဒီလူနေရလှရင် လူ့ဘဝမှာ ငါးနှစ်ပေါ့ကွာ၊ သူနေရမဲ့ ငါးနှစ်ဆိုတာ
လိုလှည့် ဒီလှည့်နဲ့ အချိန်ကုန်သွားမှာပါ၊ အချို့ အသက်ခုနစ်ဆယ်
ရောက်မှ တာသင်နေတာ သေမင်းနဲ့တွေ့ရင် အသုံးချဖို့လား၊ ဒီအရွယ်
ကြီးရောက်မှ ဘာကိုမှဟန်ဆောင်မနေနဲ့တော့၊ လူ့ဘဝဆိုတာ အများ
ရှေ့မှာ အထင်ကြီးအောင် ဟန်ဆောင်ရတဲ့ဘဝကြီးကွ၊ လူတွေ အထင်
ကြီးအောင်လုပ်ထားတဲ့ လူမှုစည်းကမ်းဆိုတာ ဘာအဓိပ္ပာယ်မှမရှိဘူး၊
အားလုံး ဟန်ဆောင်ထားတဲ့အရာတွေချည်းပဲကွ၊ ငါ့အရွယ် အဘိုးကြီး
အဘွားကြီး တော်တော်များများဟာ ဟန်ဆောင်ပြီး ဘုရားကျောင်း
တွေမှာ ဥပုသ်သီလဆောက်တည်နေကြတယ်၊ သူတို့ရင်ထဲမှာ ဘာရှိ
သလဲဆိုတာ သူတို့အသိဆုံးပဲကွ၊ လောကမှာ လူတွေဟန်ဆောင်ထား
တဲ့ စည်းကမ်းတွေကို လိုက်နာရတာ ငါအမုန်းဆုံးပဲ၊ ဒါကြောင့်
ငါ့ရဲ့အရိုးသားဆုံးဆန္ဒအတိုင်း မြို့ပေါ်က မခင်လှဆိုတဲ့ အပျိုကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို ငါ နိုးဖို့ဆုံးဖြတ်လိုက်ပြီကွ၊ တကယ်တော့ မခင်လှဟာ အပျို
အမည်ခံထားပေမဲ့ အပျိုကြီးအစစ်လည်း မဟုတ်ပါဘူး၊ ဘာပဲဖြစ်
ငါမသေခင် မိန်းမတစ်ယောက်နဲ့ ပျော်ပျော်ပါးပါး နေချင်သေးတယ်
ငါ့ရဲ့လိုအင်ဆန္ဒတွေကို မခင်လှက ဖြည့်ဆည်းပေးလိမ့်မယ် ”

ဟု ပြောလေ၏။ ဘိုးစံသည် ဦးဝတို၏စကားကြောင့်
မျက်မှောင်ကြုတ်၍

“ ဦးလေးက ဘာဖြစ်လို့ မခင်လှကို နိုးပြေးရတာလဲ ”

ဟု မေးမြန်းလေ၏။ ထိုအခါ ဦးဝတိုက ရယ်မော၍

“ မခင်လှရဲ့အမေက အရင်တုန်းက ငါ့ရဲ့ငယ်ရည်းစား
မခင်လှရဲ့အမေက ငါ့ကို မုဆိုးမဖြစ်မှ ပြန်မျှော်လင့်နေတယ်၊ သူ့သမီး
နဲ့ သဘောမတူဘူးလို့ ငြင်းတယ်၊ နွားအိုမြက်နုကြိုက်ဆိုတဲ့စကား
မင်း ကြားဖူးတယ် မဟုတ်လား၊ အသက် (၅၀) ရှိတဲ့ မိန်းမကြီး
ငါက ဘာလုပ်ရတော့မှာလဲကွ၊ မခင်လှက အသက်သုံးဆယ်စွန်းစွန်း
လေးပဲ ရှိသေးတယ် ”

ဟု ပြောလေရာ ဘိုးစံက ဦးဝတိုကိုကြည့်၍ ရယ်မောကာ





“ ဦးလေးက အမေနဲ့သမီးကြားက ဓာတ်လမ်းပဲဗျ၊ ဦးလေး
စိတ်ချမ်းသာသလို လုပ်ပါဗျာ၊ ဦးလေးရဲ့ စိန်ဘုရင်ပေါင်မုန့်လုပ်ငန်း
ပျက်စီးစေရဘူး၊ ကျုပ် တာဝန်ယူတယ် ”

ဟု ကတိပေးလိုက်လေ၏။ ဦးဝတိုသည် ဘိုးစံအား သူ၏
ပေါင်မုန့်လုပ်နည်းကို သင်ပြပေးလေ၏။

ပေါင်မုန့်လုပ်ရန် ဂျုံ တဆေး စသည့် ကုန်ကြမ်းများကို
မြို့ထဲမှ ဝယ်ယူနိုင်သည်ဆို၏။

ဦးဝတိုသည် ပေါင်မုန့်ကို ဖိုထဲသို့ထည့်၍ အကြိမ်ကြိမ် မီးဖုတ်
ပြလေ၏။ ဘိုးစံသည် မကြာမီ ပေါင်မုန့် ကောင်းစွာဖုတ်တတ်သွား
လေ၏။

ဘိုးစံ ပေါင်မုန့်ဖုတ်တတ်ပြီး တစ်ပတ်အကြာတွင် ဦးဝတို
အိမ်မှ ထွက်ခွာသွားလေ၏။ ဦးဝတိုက ဘိုးစံ၏ပခုံးကိုဖက်၍

“ မင်းကို ငါ့ရဲ့အိမ်နဲ့လုပ်ငန်းကို ယုံယုံကြည်ကြည် အပ်နှံ
ခဲ့တယ်၊ ငါ မိန်းမခိုးမဲ့အကြောင်းကို တစ်မြို့လုံးမှာ မင်းကလွဲလို့
ဘယ်သူမှမသိဘူးကွ၊ မြို့ပေါ်ကလူတွေဟာ ငါနဲ့ စိတ်သဘောထား



www.burmeseclassic.com

www.burmeseclassic.com



ခြင်း မတိုက်ဆိုင်ကြဘူး၊ သူတို့က ငါ့ကို လူ့ဥစ္စာကြီးလို့ ဆိုတယ်၊ တကယ်တော့ မြို့ပေါ်ကလူအများစုဟာ လူလိမ်လူညာတွေကွ၊ ကိုယ့်ကိုယ်ကိုယ် လိမ်ညာနေတဲ့လူတွေ၊ ဒါတွေ ထားလိုက်ပါတော့ကွာ၊ ငါ ဘယ်တော့ပြန်လာမယ် မပြောနိုင်ဘူး၊ တစ်နေ့နေ့ ငါ ပြန်လာခဲ့မယ်၊ ငါ့ရဲ့အိမ်နဲ့လုပ်ငန်းကို ဂရုစိုက်ပါ၊ မင်းဟာ သံမှာ ရှိမယ်လို့ ငါယုံပါတယ် "

ဟု ပြော၍ အိမ်မှထွက်ခွာသွားလေ၏။

● ● ●





ဘိုးစံသည် ထိုအချိန်မှစ၍ လူ့ဥစ္စာကြီး ဦးဥတို၏အိမ်၌ နေထိုင်၍ ပေါင်မုန့်ဖုတ်သောအလုပ်ကို လုပ်ရလေ၏။

ပေါင်မုန့်များ ပြီးစီးသောအခါ မုန့်ဘီရိုထဲသို့ထည့်၍ ရောင်းချနေလေ၏။ ဦးဥတို၏ ပေါင်မုန့်ဖောက်သည်များသည် အိမ်သို့ လာရောက်ဝယ်ယူကြလေ၏။

ထိုသူများသည် ဦးဥတိုကို မမြင်သောအခါ ဘိုးစံကို စပ်စုကြလေ၏။ ဘိုးစံသည် ဦးဥတို သင်ကြားပေးသည့်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



" ဦးဌတိုကြီး မိန်းမခိုးသွားပြီ၊ ဘယ်မိန်းမကိုခိုးသလဲဆို မြို့ပေါ်က အလှထိပ်ခေါင် အပျိုကြီး မခင်လှကိုဗျ၊ ကျုပ်က ဦးဌ ပေါင်မုန့်ပညာသင် တပည့်ပါ "

ဟု ပြောလေ၏။ ဘိုးစံ၏အဖြေကြောင့် မြို့ပေါ်ရှိလူ သည် မယုံနိုင်အောင် အံ့ဩသွားကြလေ၏။

ထိုအချိန်၌ မခင်လှ လင်နောက်လိုက်သွားသည့် သတ သည် တစ်မြို့လုံး ပျံ့နှံ့သွားလေ၏။ ထိုသတင်းကိုကြားသော အချို့က ဦးဌတိုကြီးအား

" ဘုရားသွားကျောင်းတက် လုပ်ရမဲ့အရွယ်မှာ သမီးအရွ မိန်းမကို ခိုးယူတယ်၊ တဏှာရူးကြီး "

ဟု ပြောကြလေ၏။ အချို့က မခင်လှအား

" တစ်သက်လုံး အပျိုကြီးလုပ်ပြီး မြို့ပေါ်မှာ ဂုဏ်သိ ရှိရှိနေပြီးမှ အဖေအရွယ်ကြီးကို ယူရတယ် "

ဟု ကဲ့ရဲ့လေ၏။ မခင်လှကို မနာလိုသော မိန်းမများက

" ပေါင်မုန့်ဖုတ်တဲ့ အဘိုးကြီးများ ဘာလုပ်ဖို့လဲ၊ မိန်း





ပျက်တယ်၊ ဒီမိန်းမ အရှက်ကိုမရှိဘူး "

ဟု မဆီမဆိုင် ကဲ့ရဲ့ကြကုန်၏။

အပျိုကြီး၏မိခင်၊ ဦးဌတို၏ ရည်းစားဟောင်း အဘွားကြီး သည် ထမီစွန်တောင်ဆွဲ၍ ပေါင်မုန့်ဆိုင်သို့ ရောက်ရှိလာပြီး ဆဲဆို တော့၏။

ဘိုးစံသည် ပေါင်မုန့်ဆိုင်ထဲသို့ဝင်၍ ပုန်းအောင်းနေရလေ၏။

မည်သို့ပင်ဖြစ်စေ ချီးမွမ်း ခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက်ဟူသော ားရှိသည့်အတိုင်း တစ်ပတ်ခန့်ကြာသောအခါ ဝေဖန်သံများ သက်သွားလေ၏။

ဘိုးစံသည် ပေါင်မုန့်များကိုဖုတ်၍ ရောင်းချရင်း ညသို့ ောက်သောအခါ နယ်ပိုင်ဝန်ထောက်မင်း ဦးဖေယျ ရေးသားထား သော မှတ်တမ်းစာအုပ်ကို ဖတ်ရှုလေ၏။

ထိုစာအုပ်ကို အကြိမ်ကြိမ်ဖတ်ရှုပြီးနောက် ရှုံကာရဆိုသူ ထူးလူဆန်း၏ အစွမ်းအစများကို မရရအောင်ယူမည်ဟု ဆုံးဖြတ် ိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးစံသည် ရှန်ကာရ၏ မှတ်တမ်းကို အကြိမ်ကြိမ်ဖတ် ပြီး ကျင့်စဉ်များကို စတင်လေ့ကျင့်လေ၏။

ထို့နောက် ဖယောင်းတိုင်ထုပ်များကို ဝယ်ယူပြီး ည ဖယောင်းတိုင်မီးတောက်ကို ကြည့်ရှုသော လေ့ကျင့်ခန်းအား စတင် လေ၏။

သူသည် အိပ်ခန်းထဲ၌ ခန်းဆီးများကိုဆွဲကာလိုက်ပြီး ဖယောင်းတိုင်ကို မျက်စိရှေ့တည့်တည့်၌ ထွန်းညှိလိုက်လေ၏။

ထို့နောက် ရှန်ကာရ၏ စာအုပ်ထဲတွင်ပါရှိသော အကွာ အဝေးအတိုင်း သူ၏မျက်နှာနှင့် ဖယောင်းတိုင်၏အကွာအဝေးကို ပေတံဖြင့် တိုင်းတာလေ၏။

ရှန်ကာရသည် သူ၏အချစ်ဆုံး မိခင်ကြီး၏မျက်နှာကို အာ ပြုသည်ဆို၏။

ဘိုးစံသည် မိခင်မျက်နှာထက် ဖခင်မျက်နှာကိုသာ မြင် ယောင် ကြည့်လေ၏။

ဤသို့ဖြင့် ဘိုးစံသည် ဖယောင်းတိုင်လေ့ကျင့်ခန်းကို နေ့စဉ်





လေ့ကျင့်ပြီး ရက်အနည်းငယ်ကြာသောအခါ ရှန်ကာရ၏မှတ်တမ်း၌ ပါရှိသည့်အတိုင်း မီးတောက်၌ အဝါရောင်အပိုင်း၊ ခရမ်းရောင် အပိုင်းနှင့် အနက်ရောင်အပိုင်းဟူ၍ အပိုင်း ၃ ပိုင်းပါရှိကြောင်း သိရ၏။

ဖယောင်းတိုင်၏အလယ်ပိုင်းသည် ဂန္ထီရဆန်ပြီး နက်မှောင် သော အပိုင်းဖြစ်၏။ ဘိုးစံသည် ထိုအပိုင်းကို နေ့စဉ်ရက်ဆက်ကြည့် ရှုသောအခါ ထူးခြားမှုများ ကြုံတွေ့ရ၏။

သူ၏စိတ်ပျံ့လွင့်မှုများ တဖြည်းဖြည်း နည်းပါးလာ၏။ စိတ်သည် တသမတ်တည်း တည်ငြိမ်နေပြီး သဘာဝလောကကြီး နှင့် ပတ်သက်သော အတွေးအခေါ်များ လျော့နည်းသွား၏။

သူ၏ခန္ဓာကိုယ်တစ်ခုလုံး ဖယောင်းတိုင်ပေါ်ရှိ မီးတောက် ထဲ၌ ရောက်ရှိနေသယောင် ခံစားရ၏။ ဖယောင်းတိုင်မီးတောက်ကို စူးစိုက်ကြည့်ရင်း သမာဓိများတိုးတက်လာပြီး သူ၏တစ်သက်တွင် တစ်ကြိမ်တစ်ခါမှ မကြုံဖူးသော သက်သောင့်သက်သာ ခံစားမှုမျိုး ကို ခံစားရ၏။



www.burmeseclassic.com

www.burmeseclassic.com



မိမိ၏ရင်ထဲ၌ အေးမြမှုများ ပိုများလာသယောင် ခံစားရလေ၏။

ဤသို့ဖြင့် ဘိုးစံသည် ဦးဥတ္တိကြီး၏ ပေါင်မုန့်ဆိုင်၌ တစ်ကိုယ်တည်း နေထိုင်ရင် ကျင့်စဉ်များ လေ့ကျင့်နေလေ၏။

❀ ❀ ❀





ဘိုးစံသည် ဦးဥတ္တိကြီးကို စောင့်မျှော်နေလေရာ လပေါင်းများစွာကြာသည်အထိ ပြန်လည်ရောက်ရှိခြင်း မရှိချေ။

ဘိုးစံသည် ပေါင်မုန့်ရောင်းသောငွေများကို စုဆောင်းထားလေ၏။ သူ၏စားဝတ်နေရေးအတွက် မြို့တစ်နေရာရှိ ခပ်ညံ့ညံ့ထမင်းဆိုင်လေး၌ စားသောက်လေ၏။

ဘိုးစံသည် ဖယောင်းတိုင်ကို စူးစိုက်ကြည့်သော ကျင့်စဉ်ထို အောင်မြင်အောင် လေ့ကျင့်ပြီးသောအခါ ဖခင်ကြီး၏မျက်နှာကို မြင်ယောင်သော လေ့ကျင့်ခန်းကို ပြောင်းလဲလေ့ကျင့်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးစံသည် ဖခင်ကြီး၏မျက်နှာမြင်ယောင်အောင် ကြည့်ရှု ရင်း လအနည်းငယ်ကြာသောအခါ တစ်မိနစ်ခန့် အာရုံထဲ၌ မပျောက် ပျက်အောင် ထိန်းသိမ်းနိုင်ကြောင်း တွေ့ရ၏။

အာရုံထဲ၌ သုံးမိနစ်မျှကြာအောင် ထိန်းသိမ်းနိုင်လျှင် ထူးခြား သော တန်ခိုးစွမ်းအင်တစ်ခု ရရှိနိုင်မည်ဆို၏။ ဘိုးစံသည် မိမိ၏ လေ့ကျင့်မှုများ တိုးတက်မှုရှိသဖြင့် အလွန်စိတ်အားတက်ကြွလေ၏။

လူထူးလူဆန်း ရှန်ကာရကဲ့သို့ မျက်လုံးဖြင့်မကြည့်ဘဲ မြင် နိုင်သော တန်ခိုးစွမ်းအင်ရရှိလာလျှင် မြန်မာပြည်အရပ်ရပ်ရှိ လောင်းကစားဝိုင်းများ၌ လှည့်လည်ပြီးကစားရန် ကြံစည်၏။

လေးကောင်ဂျင်ဝိုင်း၊ ဖဲဝိုင်း၊ ၃၆ ကောင်ထီ စသည်တို့၌ မျက်လုံးဖြင့်မကြည့်ဘဲ မြင်နိုင်သော အစွမ်းရှိလျှင် လောင်းကစား ဝိုင်းတစ်ဝိုင်းလုံးရှိ ငွေများအားလုံး မိမိထံသို့ပင် ရောက်ရှိလာလိမ့်မည်။

ဘိုးစံသည် သူ၏အနာဂတ်အရေးနှင့်ပတ်သက်၍ စိတ်ကူး ယဉ်သည့်အခါတိုင်း မျက်လုံးထဲတွင် ငွေများ တဖွေးဖွေး မြင်ယောင် နေမိ၏။





ထိုအချိန်၌ မိမိ၏စိတ်များ လွန်မင်းစွာ တက်ကြွနေမိ၏။ ထိုသို့ စိတ်အားတက်ကြွသည့်အခါတိုင်း လူထူးဆန်း ရှန်ကာရ၏ ကျင့်စဉ်ကို မရရအောင် လေ့ကျင့်ရန် ဆုံးဖြတ်မိလေ၏။

" ငါ့ရဲ့ကျင့်စဉ်အောင်မြင်ရင် ငွေဆိုတာ မလိုချင်မှအဆုံး ပဲ၊ ပိုက်ဆံတွေ ထားစရာရှိမှာမဟုတ်ဘူး၊ ငါ့ကို ဆင်းရဲလွန်းလို့ နှိမ်တဲ့သူတွေကို ငွေတွေနဲ့ ဖိသတ်လောက်အောင် ငါချမ်းသာတော့ မယ် "

ဟု ကြုံးဝါးကာ ညစဉ်ညတိုင်း ကျင့်စဉ်များကို တိုး၍ လေ့ကျင့်လေ၏။ ဘိုးစံ၏ ပြင်းပြသောစိတ်ဓာတ်ကြောင့် သူ၏အစွမ်း များ တဖြည်းဖြည်း တိုးတက်လာ၏။

သူသည် အရာဝတ္ထုတစ်ခုကို အာရုံထဲ၌ တစ်မိနစ်ခွဲခန့် ထိန်းချုပ်လာနိုင်၏။ ထိုသို့ ထိန်းချုပ်နိုင်သောအခါ ရှန်ကာရကဲ့သို့ မျက်လုံးများမှိတ်၍ မိမိရှေ့မှ အရာဝတ္ထုများကို စူးစမ်းကြည့်လေ၏။

စူးစမ်းကာစ၌ အခက်အခဲရှိသော်လည်း ကာလရှည်ကြာ သောအခါ မျက်လုံးမှိတ်ထားသော်လည်း မျက်စိရှေ့တွင်ရှိနေသည့်



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများအား မှန်းဆလာနိုင်၏။

ဘိုးစံသည် ကျင့်စဉ်ကို ပင်ပန်းကြီးစွာ ဆက်လက်လေ့ကျင့်ရင်း အာရုံထဲတွင် နှစ်မိနစ်ကြာအောင် ထိန်းချုပ်လာနိုင်သောအခါ လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေ၏။

အဘယ်ကြောင့်ဆိုသော် ရှန်ကာရ၏မှတ်တမ်း၌ လူတစ်ယောက်သည် အာရုံတစ်ခု၌ နှစ်မိနစ်ခန့်ကြာအောင် ထိန်းချုပ်နိုင်ရန် အနည်းဆုံး ၁၅ နှစ်ခန့် အားထုတ်ရန်လိုသည်ဆို၏။

သို့သော် ရှန်ကာရ၏မှတ်တမ်း၌ပင် လွန်စွာထူးခြားသော ပါရမီရှင်များသည် ထိုသို့သောစွမ်းအင်ရရှိရန် နှစ်နှစ်ခန့်သာ အချိန်ယူရမည် ဆို၏။

ယခု မိမိသည် အာရုံတစ်ခုကို နှစ်မိနစ်ခန့် ထိန်းချုပ်နိုင်ရန် နှစ်နှစ်မျှသာ အချိန်ယူရကြောင်း တွေ့ရ၏။ ဘိုးစံသည် ဝမ်းသာလွန်း၍ လက်ခမောင်းထခတ်လိုက်၏။

"ဟား ဟား ဟား… ငါဟာ ပါရမီရှင်တစ်ယောက်ပဲ၊ ကြည့်စမ်း… အာရုံတစ်ခုကို နှစ်မိလောက် စူးစိုက်ဖို့အတွက်





…ာမန်လူတွေဆိုရင် ၁၅ နှစ်လောက် အချိန်ယူရတယ်ထဲ့၊ အလွန်…လွန်ထူးခြားတဲ့ ပါရမီရှင်တွေမှသာ နှစ်နှစ်လောက်အတွင်း အောင်…င်နိုင်တယ်တဲ့၊ ဒါဆိုရင် ငါဟာ ပါရမီရှင်အစစ်ပဲ၊ ဒီအတိုင်း…က်ပြီးလေ့ကျင့်သွားရင် တစ်နေ့နေ့မှာ ငါ့ရဲ့ကျင့်စဉ်တွေ မအောင်မြင်…ာ လမ်းမရှိဘူး၊ ဟား ဟား ဟား… မျက်စိကိုအသုံးမပြုဘဲ…င်နိုင်တဲ့စွမ်းရည်ရပြီဆိုရင်တော့ လောင်းကစားဝိုင်းတွေမှာ ရှိသမျှ…ငွေတွေအားလုံး ငါ့ငွေတွေဖြစ်တော့မှာပဲ၊ ပိုက်ဆံဆိုတာ ငါ့အတွက်…လိုချင်မှအဆုံးဖြစ်မယ်၊ ပိုက်ဆံတွေ အများကြီးရရင် အကောင်းဆုံး…တဲ့ အိမ်ကြီးတွေဝယ်မယ်၊ အဖိုးအတန်ဆုံး အဝတ်တွေကို ဝတ်…ယ်၊ အရသာအရှိဆုံး အစားအစာတွေကို စားမယ်၊ အချောဆုံး…လှဆုံး မိန်းမတွေကိုယူမယ်၊ ငွေရှိရင် အရာရာပြီးတယ်၊ ငွေရှိတဲ့…ကိုလူတွေက ရှိသေကြတယ်၊ ငါ့အနားမှာ အခြွေအရံ အသင်း…င်းတွေ အများကြီးဖြစ်နေမှာပဲ၊ ငါ့ရဲ့အနာဂတ်ဘဝအကြောင်းကို…းလိုက်ရင် ပျော်စရာကောင်းလိုက်တာ၊ ငါလိုလူ ဇမ္ဗူမှာ ရှိသေးလား"

ဘိုးစံသည် ထိုသို့သော အတွေးများကို မကြာခဏတွေး…း



www.burmeseclassic.com

www.burmeseclassic.com



မိမိဘဝကို စိတ်အားတက်ကြွနေမိ၏။

ဘိုးစံသည် ရည်မှန်းချက်ကြီးသည်နှင့်အညီ သူ၏ကျင့်စဉ်များကို ပိုမို၍ ကြိုးစားလေ့ကျင့်လေ၏။

ဦးဂွတို၏ ပေါင်မုန့်ရုံကလေးသို့ မိမိရောက်ရှိနေသည်မှာ နှစ်နှစ်ခန့်ရှိချေပြီ။ ဦးဂွတိုသည် နှစ်နှစ်နီးပါး နေရပ်ဒေသသို့ ပြ မလာဘဲ နေထိုင်လေ၏။

ဦးဂွတို အဘယ်ကြောင့် ဤမျှကြာအောင် ထွက်ခွာသွား သည် မသိ။ ဦးဂွတို နိုးယူပေါင်းသင်းနေသော အပျိုကြီး မခင်လှ၏ သတင်းအစအနကိုလည်း မကြားရချေ။

မည်သို့ပင်ဖြစ်စေ ဘိုးစံသည် မိမိကို ယုံကြည်စွာ အပ်နှံထားသော ဦးဂွတို၏လုပ်ငန်းမပျက်စီးရန် အထူးသတိပြု၍ နေထိုင်ခဲ့၏။

သူသည် ဦးဂွ တို၏လက်ရာနှင့် တသွေမတိမ်းတူညီအောင် ပေါင်မုန့်များကို ဖုတ်လေ၏။

ဦးဂွတို၏ဖောက်သည်များအားလုံး ဘိုးစံထံတွင် ဝယ်ယူ ကြဆဲ ဖြစ်၏။

——— စေတနာတာပေ ———



ဘိုးစံသည် လျှို့ဝှက်သောကျင့်စဉ်ကို လေ့ကျင့်နေသူဖြစ်၍ အချိန်ရှိသရွေ့ အိမ်တွင်းပုန်း၍သာ နေ၏။

သူသည် ပေါင်မုန့်ဖုတ်၍ အားလပ်သည့်အချိန်တိုင်း ယောင်းတိုင်များကိုထွန်း၍ လေ့ကျင့်ခန်းများကို လေ့ကျင့်၏။

ထို့ကြောင့် မြို့ပေါ်ရှိလူများသည် ဘိုးစံအား လွန်စွာ အေး ဆေးပြီး အထီးကျန်နေထိုင်သူဟု ထင်မြင်ကြ၏။

ဘိုးစံနှင့်ရွယ်တူ လူငယ်အချို့သည် ဘင်ချီ မယ်ဒလင်များ တို ဆောင်ယူ၍ ဘိုးစံကို လာရောက်မိတ်ဖွဲ့၏။

၎င်းတို့နှင့်အတူလိုက်၍ မြို့ပေါ်ရှိ အပျိုများအိမ်၌ ဘင်ဂျို တီးရန် ဖိတ်ခေါ်၏။

ဘိုးစံသည် ထိုလူငယ်များနှင့် ရည်ရွယ်ချက်ခြင်းမတူသော ကြောင့် ယဉ်ကျေးမှုမပျက်ဘဲ ငြင်းဆန်ခဲ့၏။

ဘိုးစံသည် မိမိ၏ ကြီးမားသောရည်မှန်းချက်နှင့် နှိုင်းယှဉ် လျှင် ထိုလူငယ်များသည် အသေးအမွှားဖြစ်နေသည် ထင်၏။

မိမိ၏ရည်မှန်းချက်အောင်မြင်ခဲ့လျှင် ရွှေလိုချင် ရွှေဖြစ်မည်၊

——— စေတနာတာပေ ———

www.burmeseclassic.com

ငွေလိုချင် ငွေဖြစ်မည် မဟုတ်ပါလား။

ဘိုးစံသည် ဖယောင်းတိုင်များကိုသာ နေ့စဉ်ဝယ်ယူ လှေ့ကျင့်နေလေရာ ဘိုးစံဖယောင်းတိုင်ဝယ်သောဆိုင်မှ ဘိုးစံအ ဘာသာတရား အလွန်ကိုင်းရှိုင်းသော သူတော်စင်တစ်ဦးဟု ထင်မြင် လေ၏။

ဘိုးစံသည် ဖယောင်းတိုင်ဝယ်ယူသည့်အခါတိုင်း

" ဘုရားမီးပူဇော်ချင်လို့ ဖယောင်းတိုင်ပေးပါ ခင်ဗျာ"

ဟု ယဉ်ကျေးစွာ ပြောဆို၍ ဝယ်ယူလေ၏။

☯ ☯ ☯





ဘိုးစံသည် ဖယောင်းတိုင်များနှင့် လေ့ကျင့်နေခဲ့ပြီး ငြိမ်းငွေ့ သလို ဖြစ်လာသဖြင့် မြို့ပြင်သို့ထွက်၍ တိတ်ဆိတ်သောအရပ်၌ တရားထိုင်ရန် ကြံစည်ပြန်၏။

ဘိုးစံသည် မြို့ပြင်ရှိ စေတီပျက်ကြီးတစ်ဆူသို့ သွားရောက် ပြီး တရားထိုင်လေ၏။

သို့သော် စေတီပျက်အနီးသို့ နွားကျောင်းသားများ လာ ရောက် နွားကျောင်းလေ့ရှိသဖြင့် ထိုနေရာကို စွန့်ခွာခဲ့ရ၏။

www.burmeseclassic.com



မြို့ပြင်ရေကန်ကြီးအနီး၌ လူရှင်းသဖြင့် ထိုအရပ်သို့သွားကာ မိမိဖခင်ကြီး၏မျက်နှာကို မြင်ယောင်အောင် ကြည့်ရှု၏။

ဘိုးစံသည် ထိုသို့လေ့ကျင့်ပြီး လအနည်းငယ်ကြာသောအခါ မျက်စိများမှိတ်၍ မိမိရှေ့ရှိ အရာဝတ္ထုအား အာရုံခံသော လေ့ကျင့်ခန်းကို လေ့ကျင့်လေ၏။

ထိုအခါ အံ့သြဖွယ်ရာပင် အရာဝတ္ထု၏ ပုံသဏ္ဍာန် အနားသတ်များကို မြင်ယောင်လာ၏။ ထိုမှတစ်ဖန် ဝိုးတဝါးပုံရိပ်များကို မြင်ယောင်လာ၏။

ဘိုးစံသည် စိတ်အားတက်ကြွပြီး အပြင်းအထန် လေ့ကျင့်ပြန်၏။

မိမိ၏အတွေ့အကြုံများသည် လူထူးလူဆန်းကြီး ရှန်ကာရ၏ အတွေ့အကြုံများနှင့် ဆင်တူနေလေ၏။

ဘိုးစံသည် သုံးနှစ်ပြည့်သောနေ့တစ်နေ့၌ သူ၏မနောအာရုံ၌ ဖခင်ကြီး၏ပုံရိပ်ကို သုံးမိနစ်ကြာမျှ စွဲထင်အောင် မြင်ယောင်နေလေ၏။

ထိုအချိန်မှစ၍ မိမိ၏စွမ်းရည်ကို ဖဲထုပ်ဖြင့် စတင်စမ်းသပ်





ရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် ကြောင်နက်တံဆိပ်ဖဲတစ်ထုပ်ကို ဝယ်ယူ၍ စတင်စမ်းသပ်လေ၏။ သူသည် ဖဲပွင့်များကို နောက်ကျောမှ ဖတ်နိုင် မဖတ်နိုင် ဦးစွာ စမ်းသပ်လေ၏။

ဘိုးစံသည် ဖဲထုပ်တစ်ထုပ်ကို ခုံပေါ်တွင်တင်၍ မှောက်ချထား၏။ ထို့နောက် ဖဲထုပ်ကို အာရုံခံပြီး စူးစိုက်ကြည့်လေ၏။ သို့သော် ဖဲပွင့်များကို ခန့်မှန်းနိုင်ခြင်းမရှိဘဲ ဖဲချပ်၌ပါဝင်သော ဒီဇိုင်းပုံများကိုသာ မြင်ယောင်နေလေ၏။

ထိုဒီဇိုင်းပုံများသည် မည်သည့်ဖဲချပ်၌မဆို မြင်တွေ့ရသော ဒီဇိုင်းများဖြစ်၏။ ဘိုးစံသည် စိတ်အားမငယ်သေးဘဲ ဖဲချပ်၏ အနောက်ဘက်သို့ အာရုံစူးစိုက်၍ ကြည့်လေ၏။

သို့သော် သူ၏အာရုံထဲ၌ မည်သည့်ထူးခြားချက်ကိုမျှ မတွေ့ရချေ။ ဘိုးစံသည် မိမိကိုယ်မိမိ ယုံကြည်မှုကြီးစွာဖြင့် ဖဲချပ်ကို အာရုံစူးစိုက်ကြည့်လေ၏။

တစ်မိနစ်ပြည့်သည်အထိ ဖဲချပ်၏ဒီဇိုင်းများကိုသာ မြင်တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



၏။ နှစ်မိနစ်ကြည့်သော်လည်း ထူးခြားချက်မရှိ။ ဘိုးစံသည် လွှ
စိတ်လှုပ်ရှားသွားပြီး ဖဲချပ်ကို စူးစိုက်ထားလိုက်၏။

ဖဲချပ်နောက်တွင်ပါရှိသော အပွင့်ကို မိမိ လွန်စွာသိချင်
၏။ သုံးမိနစ်ပြည့်ကာနီးသောအခါ လွန်စွာထူးခြားသော ဝိုးတ
ပုံရိပ်တစ်ခုကို မြင်တွေ့ရလေ၏။

ဘိုးစံသည် စိတ်လှုပ်ရှားစွာဖြင့် ထိုပုံရိပ်ကို အာရုံစူးစိုက်လို
သောအခါ ဂျိုကာရုပ်ကလေးတစ်ရုပ်ကို မြင်လိုက်၏။

ဘိုးစံသည် ဝမ်းသာအားရဖြင့်

" ဂျိုကာ "

ဟု အော်ဟစ်လိုက်ပြီး ဖဲထုပ်မှ ဖဲချပ်ကို ကမန်းက
လှန်ကြည့်လိုက်၏။ ထိုအခါ မိမိမျှော်မှန်းသကဲ့သို့ ဂျိုကာရုပ်ဖြ
သဖြင့် ဝမ်းသာအားရဖြစ်သွားပြီး

" အောင်ပြီ... အောင်ပြီ "

ဟု တစ်ကိုယ်တည်း အော်ဟစ်လိုက်လေ၏။

ဖဲထုပ်အနောက်ရှိ အပွင့်များကို မိမိ အောင်မြင်စွာ ခန့်မှ





ချေပြီ။ ဘိုးစံသည် ခဏနား၍ ထပ်မံစမ်းသပ်လေ၏။

သူသည် ပထမနည်းလမ်းအတိုင်း ဖဲချပ်ကိုကြည့်၍ ဖဲချပ်
အနောက်ရှိ အပွင့်ကို ခန့်မှန်းလေ၏။

ဒုတိယအကြိမ်၌လည်း သုံးမိနစ်ပြည့်ကာနီးသောအခါ ဂဏန်း
တစ်ခုကို ထင်ရှားပီသစွာ မြင်တွေ့ရ၏။ ဘိုးစံသည် ငါးဂဏန်းဟု
ဝမ်းသာအားရအော်ဟစ်ပြီး ဖဲချပ်ကို လှန်လိုက်လေ၏။

ထိုအခါ အုံ့ညြဖွယ်ကောင်းလောက်အောင်ပင် နံပါတ်ငါး
ဓဲပွင့်ကို မြင်တွေ့ရ၏။

ဘိုးစံသည် ဝမ်းသာလိုက်မောပြီး စိတ်လှုပ်ရှားလွန်းသဖြင့်
ခြေပေါ်၌ ပက်လက်လှန်၍ လှဲချလိုက်ပြီးနောက် တဟားဟား
ရယ်မောကာ

" ငါ့ကို ဘယ်အရာမှ တားဆီးလို့မရတော့ဘူး၊ ငါ့ ရည်မှန်း
ချက်တွေ အောင်မြင်တော့မယ်၊ ငါ သူဌေးကြီးဖြစ်တော့မယ်၊
ကြည့်စမ်း... ဖဲထုပ်ထဲက ဖဲချပ်နှစ်ပွင့်ကို ခန့်မှန်းတာ တစ်လုံးမှ
မလွဲဘူး "



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာ နောက်ထပ်ဖဲပွင့်များကို ဆက်လက်ခန့်မှန်းကြ
ရာ အံ့ဩဖွယ်ကောင်းလောက်အောင်ပင် ရာနှုန်းပြည့်နီးပါး မှန်က
ကြောင်း တွေ့ရလေ၏။

ဘိုးစံသည် စာရွက်တစ်ရွက်နှင့် ခဲတံတစ်ချောင်းကိုယူ
ဖဲထုပ်မှ ဖဲချပ်များကို ဖတ်ရှုလေ၏။ သူသည် ဖတ်ရှုပြီးသမျှ
မှတ်တမ်းတင်ထားလေ၏။

ဘိုးစံသည် မိမိလေ့ကျင့်ခန်း တိုးတက်မှုရှိရန်အတွ
မှတ်တမ်းတင်ထားသမျှကို ပြန်လည်ကြည့်ရှုလေ၏။

ထိုအခါ မိမိ၏အာရုံထဲတွင် မြင်တွေ့သမျှ အားလုံးမှန်က
ကြောင်း တွေ့ရ၏။

ဘိုးစံသည် ဖဲချပ်များကို ဖတ်ရှုချိန်တိုတောင်းစေရန် ဂရုပြ
လေ့ကျင့်လေ၏။ ထိုသို့လေ့ကျင့်ရင်း ဖဲချပ်များကိုဖတ်ရှုသည့်အ
တဖြည်းဖြည်းလျော့ပါးလာလေ၏။

◉ ◉ ◉





၁၆

ဘိုးစံသည် ထိုအချိန်မှစ၍ မြို့ပြင်သို့ထွက်၍ တရားကျင့်ကြံ
ခြင်းကို ရပ်စဲလိုက်လေ၏။ သူသည် ဖယောင်းတိုင်ဖြင့်လေ့ကျင့်
ခြင်း၊ ဖခင်မျက်နှာကို မြင်အောင်ကြည့်ခြင်းတို့ကို စွန့်ပယ်၍ ဖဲချပ်
များနှင့်ပင် လေ့ကျင့်နေလေတော့၏။

ဘိုးစံသည် သူ၏လေ့ကျင့်ခန်းများပြုလုပ်ရန် အချိန်လိုအပ်
သဖြင့် ပေါင်မုန့်ဖုတ်သောအလုပ်ကိုပင် လုပ်ကိုင်လိုခြင်း မရှိတော့
ချေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ပေါင်မုန့်ဆိုင်ကလေးကို ပိတ်လိုက်လေ၏။ ဦးဗွတို၏ ပေါင်မုန့်ဖောက်သည်များသည် ဘိုးစံဆိုင်ပိတ်လိုက်သဖြင့် အခက်ကြုံသွားလေ၏။

ဘိုးစံသည် ပေါင်မုန့်ဆိုင်ရှေ့၌

'ယနေ့မှစ၍ ပေါင်မုန့်မရောင်းတော့ပါ၊ မေးမြန်းရေးခြင်း သည်းခံပါ'

ဟု ရေးသားထားလေ၏။

ဘိုးစံသည် ထိုအချိန်မှစ၍ အိပ်ချိန် စားချိန်မှလွဲပြီး ဖဲချပ်များနှင့်ပင် အချိန်ကုန်နေလေ၏။

သူသည် မြို့လယ်ထမင်းဆိုင်ကလေးသို့ သွားရောက်စားသောက်ခြင်းကိုပင် အချိန်ကုန်သည်ဟု ယူဆကာ အိမ်၌ပင် ဖြစ်သလို စားသောက်လေ၏။

ဘိုးစံသည် ဖဲထုပ်များဖြင့် ညဥ့်သန်းခေါင်တိုင် အချိန်ကုန်ရတတ်၏။

ထိုသို့လေ့ကျင့်ပြီး သုံးလနီးပါးကြာသောအခါ ဖဲပွင့်များကို တစ်မိနစ်အတွင်း ဖတ်ရှုနိုင်ကြောင်း တွေ့ရ၏။





ထိုသို့လေ့ကျင့်ရင်း ၆လခန့်ကြာသောအခါ ဖဲပွင့်များကို စက္ကန့်အတွင်း ဖတ်ရှုလာနိုင်လေ၏။ ဘိုးစံသည် စိတ်အား တက်ကြွပြီး ဖဲပွင့်များကို မြင်နိုင်သောအချိန်ကို လျှော့ချရန် ကြိုးပမ်းလေ၏။

ထိုအဆင့်များ၌ တိုးတက်နှုန်းရရှိရန် ပိုမိုခက်ခဲလာကြောင်း တွေ့ရ၏။

ဘိုးစံသည် တစ်နေ့တစ်ခြားတိုး၍ လေ့ကျင့်လေ၏။ ထိုအခါ အိပ်ချိန် စားချိန်များပင် မမှန်တော့ဘဲ သူ့တစ်ကိုယ်လုံး ပိန်ချုံးညှိုးနွမ်းလာလေ၏။

သူသည် ဖဲချပ်များကို ဖတ်ရှုနိုင်သည့်အချိန်တိုတောင်းရန် အလွန်အရေးကြီးကြောင်း သိ၏။

ထို့ကြောင့် မအိပ်မနေ ကြိုးပမ်းလေ့ကျင့်လေ၏။ သို့သော် နောက်ပိုင်းအချိန်များ၌ ဖဲချပ်များကို လျှင်မြန်စွာ ဖတ်ရှုနိုင်ရန် ပိုမို၍ ခက်ခဲကြောင်း တွေ့ရ၏။

တစ်စက္ကန့်မျှသောအချိန်ကို လျှော့ချရန်ပင် အလွန်ရှည်လျားသော အချိန်လိုအပ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ ဘိုးစံ၏ သဲကြီးမဲကြီး ကြိုးပမ်းလေ့ကျင့်မှုကြောင့် ဖဲပွင့်များကို ငါးစက္ကန့်အတွင်း လျှင်မြန်စွာ ဖတ်ရှုလာနိုင်၏။

ဘိုးစံသည် ဖဲပွင့်များကို အောင်မြင်စွာ ဖတ်ရှုလာနိုင်သောအခါ တောင်းငယ်တစ်လုံးထဲ၌ အံစာတုံးများကိုထည့်၍ တောင်းကို လှုပ်ယမ်းလေ၏။

ထိုသို့ အံစာတုံးများကို ဖတ်ရှုခြင်းသည် ဖဲပွင့်များကို ဖတ်ရှုခြင်းထက် ပိုမိုခက်ခဲကြောင်း တွေ့ရ၏။

ဘိုးစံသည် နေ့မအား ညမအား လေ့ကျင့်ပြန်လေရာ မကြာမီ တောင်းအတွင်းရှိ အန်စာတုံးများကို မှန်ကန်စွာ ဖတ်ရှုနိုင်လေ၏။

ဘိုးစံသည် ထိုအချိန်မှစ၍ အပြင်းအထန် လေ့ကျင့်ခြင်းကို ရပ်နား၍ မိမိ၏ကျင့်စဉ်များ ပိုမိုတိုးတက်စေရန် ဝေဖန် ပိုင်းခြားလေ၏။

နောက်ဆုံးတွင် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်လေ၏။

ထိုဆုံးဖြတ်ချက်မှာ မိမိ၏ကျင့်စဉ်များ ရပ်ဆိုင်းရန်ဟူသော ဆုံးဖြတ်ချက်ပင် ဖြစ်၏။

❁ ❁ ❁





ဘိုးစံသည် နောက်တစ်နေ့သို့ရောက်သောအခါ လောင်းကစားဝိုင်းများသို့ သွားရောက်စမ်းသပ်ရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် နံနက်စောစောထ၍ ရေမိုးချိုးပြီး မြို့ထဲသို့ ထွက်ခဲ့၏။

ဘိုးစံ မြို့ထဲသို့ရောက်သည့်အခါတိုင်း ၃၆ ကောင်ထီဖွင့်သော တရုတ်ဒိုင်ကြီးတစ်ဒိုင်ရှိကြောင်း သတိပြုမိ၏။

ထိုတရုတ်ဒိုင်ကြီး၏အိမ်ကို အနီရဲရဲသုတ်ထားပြီး အိမ်ဝင်းကြီးရှေ့၌ လွန်စွာကြီးမားသော တရုတ်နတ်ရုပ်ကြီးရှိ၏။ တရုတ်နတ်ရုပ်ကြီးကို ကြေးနီဖြင့် ပြုလုပ်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုတရုတ်နတ်ကြီးသည် ၃၆ ကောင်ဒိုင်အား မစသည်ဆို၏။

၃၆ ကောင်ထီဆိုသည်မှာ တရုတ်ဒိုင်ကြီးက နေ့စဉ် ပေါက်ကောင်တစ်ကောင်အား ကတ္တူပါအိတ်ထဲတွင်ထည့်ပြီး တရုတ်နတ်ရုပ်ကြီးရှေ့ရှိ တိုင်၌ ချိတ်ဆွဲထားလေ့ရှိ၏။

မြို့ပေါ်ရှိ ၃၆ ကောင်ထီထိုးလိုသူများသည် တစ်ကျပ်မှစ၍ ထိုးချင်သလောက် ထိုးခွင့်ရှိလေ၏။

ထိုးသားများထိုးသောအရုပ်နှင့် တရုတ်ဒိုင်ကြီးတင်ထားသော ပေါက်ကောင်တူလျှင် ၃၆ ကောင်ထီ ပေါက်လေ၏။

ထီပေါက်သောအခါ ထိုးသားသည် ၁ ကျပ်ဖိုးထိုးလျှင် ၂၄ ကျပ် အလျော်ရ၏။

တရုတ်ဒိုင်ကြီးသည် ထိုးသားများအား ရိုးရိုးမထိုးစေဘဲ နေ့စဉ် အတိတ်တစ်ခုပေးလေ့ရှိ၏။

သို့သော် တရုတ်ဒိုင်ကြီးပေးသော အတိတ်များသည် ထီဖွင့်သောအခါ အလွဲကြီး လွဲနေလေ့ရှိ၏။

မည်သို့ပင်ဖြစ်စေ ထိုးသားများသည် တရုတ်ဒိုင်ကြီးပေးသော





အတိတ်များကို တစ်နေကုန်စဉ်းစားပြီး မိမိစိတ်ကူးပေါက်ရာ ကို ထိုးလေ့ရှိ၏။

မှတ်ချက် ။ ကိုလိုနီခေတ်က တရုတ်ပြည်မှ ဆင်းသက်လာဟန်ရှိသော ၃၆ ကောင်ထီသည် မြန်မာဆင်းရဲသားအများစုကို ကောင်းစွာနှိပ်စက်ခဲ့၏။ ၃၆ ကောင်ထီကြောင့် ဘဝပျက်သူများ ဒုနှင့်ဒေးရှိကြောင်း မှတ်သားဖူးပါသည်။

(စာရေးသူ)

ဘိုးစံသည် စိတ်အားထက်သန်စွာ ၃၆ ကောင်ထီဖွင့်ရာ တရုတ်အိမ်နီကြီးသို့ ထွက်ခဲ့လေ၏။

● ● ●



www.burmeseclassic.com

www.burmeseclassic.com



အိမ်နီကြီးရှေ့သို့ရောက်သောအခါ လူအများ စုစုဝေးဝေးရှိနေကြောင်း တွေ့ရ၏။ လူတစ်စုသည် သင်ပုန်း၌ရေးသားထားသော အတိုတ်ကို အလုအယက် ဖတ်သူဖတ်၊ ကူးသူကူးနှင့် အလုပ်ရှုပ်နေလေ၏။

ခြံကြီးရှေ့ ကြေးနီရောင် နတ်ရုပ်ကြီးရှေ့၌ တရုတ်အမျိုးသားသုံး လေးယောက်သည် အမွှေးတိုင်များ၊ သစ်သီးများဖြင့် ပူဇော်နေလေ၏။





၃၆ ဂေါင်ဒိုင်မှ တရုတ်ကြီးသည် ကြေးနီရောင် တရုတ်နတ်ရုပ်ကြီးရှေ့၌ တရုတ်ဘာသာဖြင့် ထိုးသားများ ပေါက်ကောင်တို လွဲချော်ပါစေဟု ဆုတောင်းနေလေ၏။

ဘိုးစံသည် စိတ်လှုပ်ရှားစွာဖြင့် တရုတ်နတ်ရုပ်ကြီးရှေ့၌ ချိတ်ဆွဲထားသော ကတ္တီပါအိတ်ကို စူးစိုက်ကြည့်လေ၏။

သူသည် အာရုံစူးစိုက်၍ ကတ္တီပါအိတ်ထဲရှိ အရုပ်ကို မှန်းဆကြည့်လေ၏။

သို့သော် သူ၏အာရုံထဲ၌ မပီပိုးတဝါးသာ မြင်တွေ့ရသဖြင့် စိတ်မာတ်ကျသွား၏။ ကတ္တီပါအိတ်ကို မျက်စိဖြင့်ကြည့်ရုံဖြင့် အိတ်ထဲရှိ အကောင်ကို မမှန်းဆနိုင်သေးချေ။

ဘိုးစံသည် ကတ္တီပါအိတ်ဆွဲထားသော ဝါးလုံးတိုင်၏အမြင့်ကို ခန့်မှန်းကြည့်ရာ မိမိ၏အရပ်နှင့်မှီကြောင်း တွေ့ရ၏။

ဘိုးစံသည် ဝါးလုံးတိုင်အောက်သို့သွား၍ ကတ္တီပါအိတ်ကို လက်နှင့်ထိကြည့်၏။

ထိုအခါ အနည်းငယ် မလှမ်းမကမ်းဖြစ်နေသေး၍ ခြေဖျား



www.burmeseclassic.com

www.burmeseclassic.com



ထောက်လိုက်၏။ ဘိုးစံ၏လက်သန်းသည် ကတ္တီပါအိတ်နှင့် ထိတို့

လိုက်သည်နှင့် ကတ္တီပါအိတ်ထဲရှိအရာကို မြင်တွေ့လိုက်ရ၏။

ကတ္တီပါအိတ်ထဲ၌ ငါးရုပ်ကို တွေ့လိုက်ရသဖြင့် လွန်စွာ

စိတ်လှုပ်ရှားသွားမိ၏။

ဘိုးစံသည် ယနေ့ ၃၆ ကောင်ထီဖွင့်ပွဲ၌ ငါးကိုဖွင့်မည်ဖြစ်

ကြောင်း ရိပ်စားမိလိုက်၏။ ဘိုးစံသည် စိတ်လှုပ်ရှားစွာဖြင့် ကျောင်း

သင်ပုန်း၌ ရေးသားထားသော အတိတ်ကိုဖတ်ကြည့်ရာ ဝေဿန္တရာ

ဇာတ်တော်ထဲမှ စာသားများကို ရေးသားထားလေ၏။

ဝေဿန္တရာမင်းသား ပင်လယ်ထဲ၌ သင်္ဘောပျက်သဖြင့်

ငါးရုပ်ကို အတိတ်ပေးထားလေသလား မသိ။

မိမိ၌ ရှိသမျှငွေများကို ငါးရုပ်၌ ပုံအောထိုးလျှင် တရုတ်

ဒိုင်ကြီးတစ်ခုလုံး ထိတ်လန့်တုန်လှုပ်သွားနိုင်၏။ ထို့ကြောင့် ငွေ

၁၀ ကျပ်ကိုသာ ထိုးလိုက်လေ၏။

ဘိုးစံသည် ညနေစောင်းသောအခါ တရုတ်ဒိုင်ကြီးရှေ့သို့

သွား၍စောင့်လေ၏။ တရုတ်ဒိုင်၏ရှေ့၌ စိတ်လှုပ်ရှားစွာဖြင့် စောင့်





နေသော လူအုပ်ကြီးရှိ၏။

လူအုပ်ထဲရှိ ၃၆ ကောင်ထီဝါသနာအိုးများသည် သူ့အရုပ်

ထွက်မည်၊ ငါ့အရုပ်ထွက်မည်နှင့် ထင်ကြေးအမျိုးမျိုး ပေးကြလေ၏။

ညနေ ငါးနာရီထိုးသောအခါ တရုတ်လူမျိုးများ ဝတ်လေ့ရှိ

သော အင်္ကျီနှင့် ဘောင်းဘီပွကြီးကို ဝတ်ဆင်ထားသော တရုတ်ကြီး

ထွက်လာ၏။

ထိုတရုတ်ကြီးအနောက်၌ တရုတ်လူမျိုးလေးငါးယောက်

ခြံရံပြီး လိုက်ပါလာ၏။

စိတ်အားထက်သန်နေသော လူအုပ်ကြီးသည်

" ဖွင့်ပါတော့ဗျို့ "

ဟု အော်ဟစ်နေလေ၏။

တရုတ်ကြီးသည် ပြုံးရွှင်သော အမူအရာဖြင့် လူအုပ်ကြီးကို

လက်ကာပြလိုက်ပြီး

" ဖွင့်ပါမယ်ဗျာ၊ အားလုံး ကံကောင်းပါစေ "

ဟု ရေရွတ်ပြီး ဝါးလုံးတိုင်၌ ချိတ်ဆွဲထားသော ကတ္တီပါ



www.burmeseclassic.com

www.burmeseclassic.com



အိတ်ကို ချလေ၏။

တရုတ်ကြီးလက်သို့ ကတ္တီပါအိတ်ရောက်သောအခါ ထိုးသားများသည် အိတ်ကို မျက်တောင်မခတ်တန်း ကြည့်ရှုကြ၏

တရုတ်ကြီးသည် ကတ္တီပါအိတ်ရှုံကြီးကိုလျှော့၍ အိတ်ထဲ အရာကို ထုတ်လိုက်၏။

ထိုအခါ တရုတ်ကြီးလက်ထဲ၌ ငါးရုပ်ပါရှိသဖြင့် ထိပေါ သူများက ဝမ်းသာအားရ ဟေးခနဲ အော်ဟစ်ကြ၏။

ဘိုးစံသည် မိမိထင်ထားသည့်အတိုင်း ငါးရုပ်ဖြစ်နေသဖြ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေ၏။

မိမိ နှစ်ပေါင်းများစွာ အပင်ပန်းခံ၍ ကျင့်စဉ်ကို လေ့ကျ ရကျိုး နပ်လေပြီ။

ယနေ့မှစ၍ မိမိဘဝ၌ ရွှေလိုချင် ရွှေဖြစ်ရမည်။ ငွေလိုချ ငွေဖြစ်ရမည်။ မြန်မာပြည်အရပ်ရပ်ရှိ လောင်းကစားဝိုင်းရှိသော နေရာများသို့သွား၍ ပိုက်ဆံရှာရမည်။

မိမိ၌ရှိသော အစွမ်းအစနှင့်ဆိုလျှင် ပိုက်ဆံများကို ထားစ





ဝင် ရှိမည်မဟုတ်။ ဘိုးစံသည် မိမိဘဝနောင်ရေးကိုတွေးပြီး လွန်စွာ စိတ်အားတက်ကြွနေမိ၏။

ထိုနေ့က ၃၆ ကောင်ထီပေါက်သူများအနက် ဘိုးစံသည် ၁၀ ကျပ်တိတိ ထိုးထားသဖြင့် အများဆုံးဖြစ်၏။ ဘိုးစံသည် ၃၆ ကောင်ဒိုင်မှ ၂၄၀ ကျပ် အလျော်ရလေ၏။

တရုတ်ဒိုင်ကြီးမှ ဆိုင်ရှင်လူကြီးသည် ဘိုးစံအား စာအိတ် နှင့် ထည့်ထားသော ငွေ ၂၄၀ ကျပ်ကို ပေးအပ်၍

" အိပ်မက်အရထိုးတယ် ထင်တယ်၊ ဒီနေ့လျော်ရတာ အများဆုံးပဲ၊ နောင်လည်း ပေါက်ပါစေ "

ဟု ဆုတောင်းပေးလေ၏။

ဘိုးစံသည် ငွေ ၂၄၀ ကျပ်ကိုယူ၍ ပေါင်မုန့်ဆိုင်သို့ ပြန်ခဲ့ ၏။ မြို့ပေါ်ရှိ ၃၆ ကောင်ထီဝါသနာအိုးများ၏ စကားဝိုင်း၌ ဘိုးစံ တစ်ယောက် ၂၄၀ ကျပ်ပေါက်သောသတင်း ပြန့်နှံ့သွားလေ၏။

ထိုခေတ်က ငွေ ၂၄၀ ကျပ်သည် ရွှေတစ်ဆယ်သားဝယ်နိုင် သော ပမာဏဖြစ်သဖြင့် များပြားသည်ဟု ဆိုနိုင်၏။ ဘိုးစံသည်



www.burmeseclassic.com

www.burmeseclassic.com



ပေါင်မုန့်ဆိုင်သို့ရောက်သောအခါ ငွေစက္ကူများကို နမ်းရှုံ့၍ ဝမ်းသ

အားရ ရယ်မောလိုက်ပြီး

" ခုတော့လည်း ပိုက်ဆံရှာရတာ လွယ်လိုက်တာ၊ က

ပေါ်မှာ ဘယ်နေရာမဆို ငါ့အတွက် ပိုက်ဆံရှာရလွယ်သွားပြီ၊

သူဌေးကြီးဖြစ်တော့မယ်၊ ငါလိုလူ ဇမ္ဗူမှာရှိသေးလား "

ဟု ကြွေးကြော်လိုက်လေ၏။

ဘိုးစံသည် ငွေစက္ကူများကို နမ်းရှုံ့နေရင်း မိမိကို အား

စကားပြောခဲ့သော ၃၆ ကောင်ပိုင်ရှင် တရုတ်ကြီး၏စကားများ

ကြားယောင်နေလေ၏။

တရုတ်ကြီးက ဒီနေ့လျော့ရတာ အများဆုံးပဲ၊ နောင်လ

ပေါက်ပါစေ ဟု ဆုတောင်းပေးခဲ့၏။

◐ ◐ ◐





ဘိုးစံ နောက်တစ်နေ့ တရုတ်ဒိုင်ကြီးသို့သွားရောက်ပြီး အနိုင်

ရှိခဲ့လျှင် နှစ်ရက်ဆက်တိုက် အနိုင်ရရှိသော မိမိ၏ကံကြမ္မာကို

များက အံ့ဩကြမည်။

သုံးရက်ဆက်တိုက် အနိုင်ရလျှင်မူ မိမိကို မဟာကံထူးရှင်

ဟု ယူဆကြလိမ့်မည်။

မိမိထိုးသောအကောင်ကို မေးမြန်း၍ တစ်မြို့လုံး လိုက်လံ

ထိုးကြလိမ့်မည်။ ထိုအခါ တစ်မြို့လုံး ၃၆ ကောင်ထီပေါက်ပြီး

တရုတ်ဒိုင်ကြီးပင် လျော်နိုင်မည် မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဆိုလျှင် မိမိ၏ ထူးခြားသောအစွမ်းကို လူအများကြ
တွင် ထင်ပေါ်ကျော်ကြားလာလိမ့်မည်။ ထိုသို့ ထင်ပေါ်ကျော်ကြ
သွားလျှင် လောင်းကစားဒိုင်ကြီးများအားလုံး မိမိကို ရှောင်ရှာ
လိမ့်မည်။

မြန်မာပြည်အရပ်ရပ်ရှိ ၃၆ ကောင် ထီရုံကြီးမျ
လေးကောင်ဂျင်ဝိုင်းများအားလုံးသို့ သတင်းပျံ့နှံ့သွားလျှင် နှစ်ပေ
များစွာ ကျင့်ကြံအားထုတ်ခဲ့သော ကျင့်စဉ်သည် ရေစုန်မျောရပေတော့
ဘိုးစံသည် ထိုသို့တွေးတောရင်း အနာဂတ်၌ မိမိ၏ လော
ကစားမည့်ပုံစံကို သုံးသပ်ဆင်ခြင်နေမိ၏။

အတန်ကြာအောင် စဉ်းစားပြီးနောက် နည်းလမ်းတစ်ရ
ရရှိလေ၏။ ထိုနည်းလမ်းအရ လောင်းကစားပွဲများ၌ လူအ
သတိမပြုမိစေရန် ၆၀ ရာခိုင်နှုန်းသာ အနိုင်ယူကစားရန် ကြံစည်

သူသည် တစ်ရာဖိုး ကစားမည်ဟု ကြံရွယ်ထားလျှင်
ဖိုး အရှုံးခံပြီး ၆၀ ဖိုး အနိုင်ယူရန်ဖြစ်၏။

တစ်နည်းအားဖြင့် ပွတ်ကာသီကာဖြင့် အနိုင်ယူကစ





ကြံစည်၏။

သို့မှသာလျှင် မိမိ၏ထူးခြားသောအစွမ်းကို လူအများ မရိပ်မိနိုင်မှာဖြစ်၏။ ဘိုးစံသည် လောင်းကစားဝိုင်းများ၌ကစားရန် မိမိ၏ပုံစံကို ခိုင်မာစွာ ချမှတ်လိုက်၏။

◉ ◉ ◉



www.burmeseclassic.com

www.burmeseclassic.com



သူသော်ငြိ နောက်တစ်နေ့သို့ရောက်လျှင် ၃၆ ကောင်ထီပိုင်ရှ တရုတ်ပိုင်သို့သွားပြီး ကတ္တီပါအိတ်ကို လက်ဖြင့် စမ်းကိုင်ကြည့်လေ၏။

ထိုအခါ ကတ္တီပါအိတ်ထဲရှိ ပေါက်ကောင်မှာ ဝက်ဖြစ်နေကြောင်း သိရ၏။ မြို့ပေါ်ရှိ ၃၆ ကောင် ဝါသနာအိုးများသည် လွန်ခဲ့သောရက်ကက ဘိုးစံအနိုင်ရထားသဖြင့် များစွာ အထင်ကြီးကြ၏။

၄င်းတို့သည် ဘိုးစံထိုးသောအကောင်ကိုထိုးရန် အနီး၌ ရစ်ဝဲနေကြ၏။ အချို့ မျက်နှာချိုသွေး၍ မေးမြန်းကြ၏။





ဘိုးစံသည် တရုတ်များ၏ ပေါက်ကောင်အမှန်ကို သိရှိသော်လည်း လိပ်ရုပ်နှင့် ငါးရုပ်ကို တစ်ဆယ်ဘိုးစီ ထိုးလိုက်လေ၏။

မြို့သူမြို့သားများသည် လွန်ခဲ့သောနေ့က ဘိုးစံ၏ကံကြမ္မာ ဆိုယုံပြီး လိပ်နှင့်ငါးကို အများအပြား လိုက်ထိုးကြ၏။

ထိုနေ့ညနေ ၃၆ ကောင် ထီဖွင့်သောအခါ ဘိုးစံမြင်သကဲ့သို့ ဝက်ရုပ်ကိုသာ ပေါက်ကောင်ဖွင့်လေ၏။

မြို့သူမြို့သားအများစုသည် ဘိုးစံ၏အကောင်များကို လိုက်၍ ထိုးကြရာ အများဆုံး ဒုက္ခရောက်ကြလေ၏။

ဘိုးစံသည် နောက်တစ်နေ့၌လည်း ပေါက်ကောင်မှာ လိပ်ဖြစ်ကြောင်း သိသော်လည်း အကောင်ကိုလွှဲ၍ ထိုးလိုက်လေ၏။ မြို့သူမြို့သားများသည် ဘိုးစံကို အထင်ကြီးနေဆဲဖြစ်၍ အတုခိုးပြီး ထိုးပြန်၏။

ညနေစောင်းသောအခါ ပေါက်ကောင်လိပ်ကိုသာဖွင့်သဖြင့် ဘိုးစံနောက်ကိုလိုက်၍ ထိုးသူများ ရှုံးကြပြန်၏။

ဤသို့ဖြင့် ဘိုးစံသည် မိမိအနိုင်ရသော ငွေများ၏ [illegible]%



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော ငွေတစ်ရာနီးပါး အရှုံးခံ၍ ထိုးလိုက်ပြီးနောက် ဒုဖိကောင် လောင်းကစားဝိုင်းသို့ မသွားဘဲ နေလေ၏။

ဤမြို့ကလေး၌ မိမိ ဆက်၍နေထိုင်လျှင် သူတစ်ပါး ရိပ်မိ မှာ စိုး၏။

သူ၏ ပေါင်မုန့်ဆရာကြီး ဦးဂွတိုမှာလည်း အိမ်သို့ ပြန် မလာသေး။ ဦးဂွတို မြို့မှထွက်ခွာသည်မှာ သုံးနှစ်ကျော်အချိန်သို့ပင် ရောက်နေချေပြီ။

ဘိုးစံသည် နောက်ဆုံး၌ မြို့မှထွက်ခွာရန် ဆုံးဖြတ်လိုက် ပြီး ပေါင်မုန့်ရောင်းလို့ရသမျှ ငွေစက္ကူစများကို စု၍ ကပွိုယကြီး ထံသို့ သွ- ^အပ်နှံလိုက်

-ကြီးသည် ဘို မြို့မှထွက်ခွာရန်အကြောင်းကို ကြားသောအခါ

" ဘာလိုလို့နဲ့ မြို့ကလေးမှာ မင်းရောက်နေတာ သုံးနှစ် ကျော်ပြီ၊ သုံးနှစ်လုံးလုံး မင်း ငါ့ကို မကြာမကြာ ပေါင်မုန့်ပို့ပေး နေတာ ကျေးဇူးတင်တယ်၊ မင်းရဲ့ပေါင်မုန့်ဆရာကြီး ဦးဂွတိုတော့





ရောက်လာမက်လို့ ညစာခက်နေပြီထင်တယ်၊ ငါ့ကိုအပ်တဲ့ပိုက်ဆံတွေကို ဦးဂွတိုဆီမှာ ပြန်ပေးလိုက်ပါမယ် "

ဟု ပြောလေ၏။

ထို့နောက်တွင်မူ ဘိုးစံသည် ပေါင်မုန့်ဆိုင်ကလေးကိုပိတ်၍ မြို့မှ ထွက်ခွာခဲ့လေ၏။

သူသည် အထုပ်အပိုးများထမ်း၍ ထွက်ခွာလာခဲ့ပြီး ဒုဖိကောင်ထိဖွင့်သော တရုတ်ဒိုင်ကြီးရှေ့သို့ ရောက်လေ၏။

ထိုအခါ ဒုဖိ ကောင်ထိရောင်းသော တရုတ်လူငယ်များက ဘိုးစံကို နှုတ်ဆက်၍

" ပေါင်မုန့်သည်လေး ... ဖြ ကောင်ထိ... ဦး "

ဟု ဖိတ်ခေါ်လေ၏။ ဘိုးစံက လက်ကာပြ...

" ထိုးချင်စိတ်မရှိတော့ဘူးဗျာ "

ဟု ပြောလေ၏။

ဘိုးစံသည် ဒုဖိ ကောင် ထိဆိုင်ကြီးကို ကျော်ခိုင်းထွက်ရန် ပြီးကာမှ မိမိ နေ့စဉ်စားလေ့ရှိသော ထမင်းဆိုင်ကလေးမှ မုဆိုး



www.burmeseclassic.com

www.burmeseclassic.com



တင်တင်ဆိုသော မိန်းကလေးကို မြင်ရလေ၏။

မိန်းကလေးသည် အလွန်စိတ်သဘောထားကောင်းပြီး သူမ၏ယောကျ်ား ဓားပြသတ်၍ သေဆုံးရရှာသူဖြစ်၏။

တင်တင်သည် ဘိုးစံကိုမြင်သောအခါ ပြုံးရွှင်သော အမူ အရာဖြင့်

" ဘယ်အကောင်ထိုးရမှန်း မသိဘူး၊ ကိုဘိုးစံ အကြံပေး ပါဦး "

ဟု ပြောလေ၏။

ဘိုးစံသည် တင်တင်ဆိုသော မိန်းကလေးကို ကူညီချင်စိတ် ဖြစ်သွားပြီး ကတ္တီပါအိတ်ကြီးကို လက်ဖြင့် ထိကိုင်ကြည့်လိုက်၏။

ထိုအခါ လိပ်ရုပ်ကိုမြင်သဖြင့် တင်တင်၏အနီးသို့ကပ်ကာ လေသံတိုးတိုးဖြင့်

" တင်တင်မှာ ပါသမျှငွေတွေကို လိပ်မှာပဲ ပုံအောထိုး လိုက်ပေတော့၊ ကျုပ် စေတနာနဲ့ပြောတာ "

ဟု ပြောလိုက်၏။





တင်တင်သည် ဘိုးစံ၏ တည်ကြည်သော အမူအရာကြောင့်

" ရှင် တကယ်ပြောတာလား၊ ကျွန်မ ဈေးရင်းဖို့ငွေတွေ တော့ ပါတယ်၊ ရှင့်ကိုယုံပြီး အကုန်လုံးထိုးလိုက်ပြီ "

ဟု ပြောလေရာ ဘိုးစံက သက်ပြင်းချ၍

" တင်တင် ပေါက်မှာပါ၊ တင်တင်ရဲ့ ထမင်းဆိုင်မှာ သုံးနှစ် ဆိုးလုံး စိတ်ချမ်းချမ်းသာသာ စားသောက်ခွင့်ရတဲ့အတွက် ကျေးဇူး ဆပ်တယ်လို့ သဘောထားပါ "

ဟု ပြောရင်း တင်တင့်ကို ကျောခိုင်း၍ ထွက်ခွာလာခဲ့တော့၏။

◉ ◉ ◉



www.burmeseclassic.com

www.burmeseclassic.com

ဘိုးစံသည် လှေဆိပ်သို့သွားကာ ငှက်ပျောသီးများတင်ထားသော သမ္ဗာန်ကြီးဖြင့် လှေကြုံလိုက်ခွင့်တောင်းလေရာ လှေသူကြီးက အခကြေးငွေမဆိုသလောက် တောင်းလေ၏။

ဘိုးစံသည် သမ္ဗာန်ကြီးဖြင့်လိုက်ပါရင်း သူ၏အနာဂတ်ရေး ကို စဉ်းစားနေလေ၏။

ညသို့ရောက်သောအခါ ငှက်ပျောသီးသမ္ဗာန်ကြီးသည် ရွာတစ်ရွာ၏အနီးရှိ လှေဆိပ်၌ ဆိုက်ကပ်လေ၏။ ထိုလှေဆိပ်၌ ဆိုင်းသံ ဗုံသံများကို ကြားရသဖြင့် ပွဲခင်းရှိသည်ဆိုကာ လှေပေါ်မှ လူများ





သွားကြလေ၏။

လှေဆိပ်သို့ အနီးအနားရွာများမှ လှေများလည်း တဖွဲဖွဲ ရောက်ရှိလာ၏။ ဘိုးစံသည် ပွဲခင်းရှိလျှင် လောင်းကစားဝိုင်းရှိမည် ဟု တွေးကာ ထိုအရပ်သို့မှန်းဆ၍ လျှောက်ခဲ့လေ၏။

မကြာမီ ပွဲခင်းကြီးရှိရာ ကွင်းပြင်ကြီးသို့ ရောက်ရှိလေ၏။ ပွဲခင်းကြီး၌ လူများ စည်စည်ကားကားရှိနေ၏။ အနီးအနားရွာမှလာသော လှည်းဝိုင်းကြီးများကလည်း ပွဲကိုဝိုင်းရံထားလေ၏။

လှည်းအစီးပေါင်း နှစ်ရာခန့်ရှိသဖြင့် စည်ကားသော ပွဲဈေးကြီးပင် ဖြစ်၏။

ပွဲဈေးတန်းဘက်သို့ရောက်သောအခါ ဈေးဆိုင်တန်းများ၏ အဆုံး၌ ကစားဝိုင်းများကိုတွေ့ရ၏။

ဘိုးစံသည် ကစားဝိုင်းများကိုမြင်လျှင် အလွန်စိတ်လှုပ်ရှားသွားမိ၏။ ဘုရားပွဲ မပြီးမချင်း ဤအရပ်မှမခွဲဘဲ ငွေရှာရန် ဆုံးဖြတ်လိုက်၏။

ဤကစားဝိုင်းကြီးများသည် သူကြီးမင်း၏အမိန့်တော်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကျင်းပသော ကစားဝိုင်းများဖြစ်၏။ အနီးအနားရွာများမှ ကစားသမားများ စိတ်ဝင်တစား လာရောက်ကစားကြ၏။

ဘိုးစံသည် လူအများ ကြိတ်ကြိတ်တိုးစည်ကားနေသော ကစားဝိုင်းကြီးသို့ ချည်းကပ်လိုက်၏။ ကစားဝိုင်းမှာ အလွန်ရိုးရှင်းသော ကစားဝိုင်းဖြစ်၏။

မြေပေါ်ရှိ ကတ်ထူပြားပေါ်တွင် အနီရောင်ဆေးဖြင့် အကွက်များ ရေးဆွဲထားပြီး ထိုအကွက်ထဲ၌ ကြက်ရုပ်၊ ဝက်ရုပ်၊ နဂါးရုပ် စသည့် အရုပ်များရေးဆွဲထား၏။

လောင်းကစားဝိုင်းဒိုင်သည် မှောက်ထားသော တောင်းထဲတွင် အန်စာသုံးလုံးထည့်ထားပြီး တောင်းကို မြေပေါ်၌လှုပ်ရမ်းပြီး အန်စာများကို ခေါက်၏။

ထိုသားများသည် မြေပေါ်ရှိ ရေးဆွဲထားသော အကွက်များ၌ မိမိတို့စိတ်တိုင်းကျ ထိုးကြ၏။

ထိုသားများ စိတ်ကြိုက်ထိုးပြီးသောအခါ ဒိုင်က

" လက်ရှောင်၊ ပေါက်ကောင်ဖွင့်မယ် "





ဟု အော်ကာ တောင်းကို ဖွင့်လိုက်၏။

တောင်းထဲရှိ အန်စာများ၌ ကြက်၊ ဝက်၊ နဂါး စသည်ဖြင့် ပြလေ၏။ ထိုးသားများသည် မိမိတို့ထိုးသော အကောင်များနှင့် တိုက်ညီလျှင် ဒိုင်ထံမှ အလျော်ရ၏။

လွဲချော်သော အကောင်များကိုမူ ဒိုင်ကစားလေ၏။ လောင်းကစားဝိုင်းသို့ ဘိုးစံ ချည်းကပ်လိုက်သောအခါ ဒိုင်လုပ်သူ၏အဖွဲ့သားများက

" ကြိုက်ရာကိုထိုးနော်၊ ကံသက်သက်ကစားတာ၊ ညာဏ်မပါဘဲ၊ ကံသာအမိ ကံသာအဖပဲ၊ ဒီနေ့ သူဌေးလောင်းမဖြစ်ဘူးလို့ ဘယ်သူပြောနိုင်မလဲ "

ဟု အော်ဟစ်ပြီး ဖိတ်ခေါ်လေ၏။

ဘိုးစံသည် တောင်းကြီးအရှေ့၌ ဝင်ထိုင်လိုက်ပြီး တောင်းကို အာရုံပြုကြည့်လေ၏။

လူအများဆူညံပွက်နေ၍ အာရုံပြုရန် ခက်ခဲနေ၍ လွယ်ကူသော နည်းလမ်းကိုပင် အသုံးပြုလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးစံသည် မသိမသာ တောင်းကိုထိကိုင်ပြီး ပြန်ချလိုက်၏။ ဘိုးစံတောင်းကိုထိကိုင်လိုက်သည်နှင့် တောင်းထဲရှိ အန်စာတုံးများကို မြင်လိုက်၏။

ဘိုးစံသည် အံစာတုံးသုံးလုံးကို မြင်သော်လည်း ရှေ့ဆုံး... ဖြစ်သဖြင့် နှစ်လုံးအစားခံပြီး တစ်လုံးထိုးလိုက်၏။ ဒိုင်လုပ်သူသည် ထိုးသားများအားလုံးပြီးစီးအောင်စောင့်၍

" ဖွင့်မယ်၊ လာက်ရှောင် "

ဟု အော်ဟစ်ကာ တောင်းကြီးကို ဖွင့်လိုက်၏။ ထိုအခါ ဘိုးစံမြင်သကဲ့သို့ပင် ဖြစ်နေလေ၏။

ဒိုင်လုပ်သူက စိတ်အားတက်ကြွစွာဖြင့်

" ဟောဒီမှာ နဂါးကို တစ်မူးလျော်ပြီ၊ ကြက်နဲ့ဝက်ကို တော့ စားတယ်၊ လိပ်ကိုလည်း တစ်မတ်လျော်ပြီဗျာ "

ဟု အော်ဟစ်လိုက်လေ၏။

ဘိုးစံသည် ထိုဝိုင်း၌ တစ်လှည့်ပြီးတစ်လှည့် နိုင်တစ်လှည့် ရှုံးတစ်လှည့် ကစားရင်း မသိမသာ အနိုင်ယူခဲ့လေ၏။ အတန်ကြာ





အောင် ကစားပြီး ထိုင်ရာမှထ၍

" တော်ပြီဗျာ၊ ကျုပ် စိတ်မပါတော့ဘူး "

ဟု ဆိုကာ ထိုဝိုင်းမှထ၍ နောက်တစ်ဝိုင်းသို့ ကူးလေ၏။

ဘိုးစံသည် လောင်းကစားဝိုင်းများ တစ်ဝိုင်းပြီးတစ်ဝိုင်း ကူးသန်း၍ မသိမသာ အနိုင်ကစားခဲ့လေ၏။

ညဦးအတော်နက်မှသာ လောင်းကစားခြင်းကိုရပ်စဲ၍ သမ္မာန်ရှိရာသို့ ပြန်ခဲ့လေ၏။

ဘိုးစံသည် ထိုညတစ်ညတည်း ငွေလေးဆယ်မျှ အနိုင်ရ ဆိုက်ရာ ရွှေဒင်္ဂါး နှစ်ပြားစာပင်ဖြစ်၏။

ဘိုးစံသည် နောက်တစ်နေ့နံနက် လှေထွက်မည်ဆိုသောအခါ ဘုရားပွဲ၌ပျော်သဖြင့် မလိုက်လိုတော့ကြောင်း ပြောလေ၏။

ငှက်ပျောသီးသမ္မာန်ပေါ်ရှိ လှေသူကြီးက

" လူပျော်ပဲ၊ နေခဲ့ပေတော့ "

ဟု ဆိုကာ လှေကိုထွက်သွားလေ၏။

ဘိုးစံသည် ဘုရားဖူးများစုပြုံ၍ တည်းလေ့ရှိသော ဇရပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



၌ သွားတည်လေ၏။ ဘိုးစံသည် ဘုရားဖူးများစုပြုံ၍ တည်းလေ့ရှိသော ဇရပ်ကြီး၌ သွားတည်းလေ၏။

ဘိုးစံသည် မသိမသာဖြင့် ညစဉ် အနိုင်ယူကာ ကစားလေ၏။ လောင်းကစားဒိုင်များက ဘိုးစံကို သံသယမဖြစ်ဘဲ ကံထနေသူဟူ၍သာ မြင်ကြ၏။

ဘိုးစံသည် မိမိ၏ရည်မှန်းချက်များအောင်မြင်သဖြင့် လွန်စွာပျော်ရွှင်ပြီး စိတ်အားတက်ကြွနေမိ၏။ မိမိ၏လွယ်အိတ်ထဲ၌ ငွေများတစ်နေ့တခြား တိုးပွားလာလေပြီ။

ဘိုးစံသည် သုံးညကစားပြီးသောအခါ အနီးဆုံးမြို့သို့တက်၍ တောသားများဝယ်လေ့ရှိသော ရွှေဆိုင်မှ လက်ကောက်နှစ်ကွင်းနှင့် ဆွဲကြိုးတစ်ကုံးကို ဝယ်ယူလေ၏။

ထိုသို့ဝယ်ယူရခြင်းမှာ မိမိ၏ပိုက်ဆံထုပ်ကြီး ဖောင်းကားနေ၍ အများသံသယမဝင်အောင်ဖြစ်၏။ ဘိုးစံသည် ဘုရားပွဲကျင်းပရာအရပ်၌ (၈) ရက်လုံးနေ၍ လောင်းကစားဝိုင်းများ၌ အချိန်ကုန်လေ၏။

လောင်းကစားဝိုင်းထောင်သူများသည် ဘိုးစံကို လောင်း





ား ဝါသနာအိုးမှန်း သတိပြုမိသွားလေ၏။ ဘိုးစံသည် ထိုအခါ ၌ သတိကြီးစွာထား၍ ကစားရလေ၏။

အချို့သောညများ၌ အရှုံးခံပြီး စောစောဝိုင်းမှ ခွာရသည့် ားပင်ရှိလေ၏။

မည်သို့ပင်ဖြစ်စေ ဘိုးစံ၏လောဘကို ထိန်းသိမ်း၍ လောင်း းသော အလေ့အကျင့်ကြောင့် သူ၏အစွမ်းကို မည်သူမျှရိပ်စား င်း မရှိချေ။

◉ ◉ ◉



www.burmeseclassic.com

www.burmeseclassic.com



ဘိုးစံသည် ဘုရားပွဲကြီးပြီးသောအခါ ထိုအရပ်မှ ခွာခဲ့လေ

၏။ ထို့နောက် မိမိရွှေဝယ်ရာမြို့လေး၌ ၃၆ ကောင်ထိကို အပြ

အကျယ်လုပ်သော ဒိုင်ကြီးနှစ်ဒိုင်ရှိကြောင်း သိရ၏။

ဘိုးစံသည် ထိုမြို့ကလေး၌ ခေတ္တနေထိုင်၍ ၃၆ ကော

ထီဆိုင်ကြီးများ၌ ဝင်ရောက်လောင်းကစားရန် ကြံ၏။

ဘိုးစံသည် ဤနှုန်းအတိုင်း ဆက်၍ကစားနေလျှင် တစ်

အတွင်း မိမိ သူဌေးဖြစ်တော့မှာ သေချာနေလေ၏။





ထို့ကြောင့် လောဘကို အတတ်နိုင်ဆုံးထိန်း၍ ၃၆ ကောင်

ထီဆိုင်ကြီး နှစ်ဆိုင်လှည့်၍ ထိုးနေလေ၏။

ဘိုးစံသည် မြို့ပြင်ရှိ ဇရပ်ပျက်ကြီး၌ အိပ်စက်လေ၏။ မိမိ

ဝယ်ယူထားသော ရွှေတိုရွှေစများကို ဇရပ်ပျက်ကြီးအနောက်ရှိ

မြေကြီးထဲ၌ အိုးတစ်လုံးနှင့်ထည့်၍ မြှုပ်နှံထားခဲ့၏။

ဘိုးစံသည် ထိုမြို့မှထွက်ခွာပြီးနောက် နယ်စပ်မြို့များ၌

လောင်းကစားဝိုင်းများစွာရှိကြောင်း သိရ၏။

ထို့ကြောင့် လော်ရီကားကြီးတစ်စီးကို ကားကြုံလိုက်ခဲ့လေ

၏။ နယ်စပ်မြို့ကလေးသို့ရောက်လျှင် တိုင်းရင်းသားများသာမက

တရုတ်လူမျိုးများကိုလည်း မြင်တွေ့ရ၏။

ဘိုးစံသည် တရုတ်လူမျိုးများ ဦးစီး၍ဖွင့်လှစ်သော လေးကောင်

ဂျင်ဝိုင်းများ၌ လှည့်လည်၍ ကစားလေ၏။ ထိုသို့ ကစားရာ၌ လောဘ

စိတ်ကိုထိန်း၍ ကစားနိုင်သဖြင့် နယ်စပ်မြို့ကြီး၌ ဝိပိရိရိဖြင့် အနိုင်ယူ

ကစားနိုင်၏။

ဘိုးစံသည် နယ်စပ်မြို့ကြီး၌ လအနည်းငယ်ကြာအောင်



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ပြီး ပြည်မကြီးထဲသို့ ပြန်လည်ဝင်ရောက်ခဲ့၏။ ပြီးနော
ဇရပ်အနောက်၌မြေအိုးနှင့်သိမ်းထားသော ရွှေများကိုသွားရော
တူးဖော်လေ၏။ ထို့နောက် မြန်မာပြည်အနှံ့လှည့်လည်၍ လော
ကစား၍ ရရှိသော ငွေကြေးများဖြင့် ရန်ကုန်မြို့ကြီး၌ အိမ်ကြ
တစ်ဆောင်ကို ဝယ်ယူလေ၏။

ထို့နောက် ရရှိသောငွေကြေးများကို မဏ္ဍဇင်ဘဏ်ကြီး
အပ်နှံထားလေ၏။ ဘိုးစံသည် ချမ်းသာစွာ နေနိုင်သော်လည်
မိမိ၏အစွမ်းကို လျှို့ဝှက်ထားလိုသဖြင့် သူ၏အိမ်ကြီး၌ ထမင်းချ
မိန်းမကြီးတစ်ဦးနှင့် ထိုမိန်းမကြီး၏သမီးကိုပင် အိမ်သန့်ရှင်းရေ
အတွက် ငှားရမ်းထားလေ၏။

ထမင်းချက်သားအမိသည် အေးဆေးစွာ နေထိုင်ပြီး စပ်
တတ်သူများ မဟုတ်သဖြင့် ဘိုးစံအတွက် များစွာ အဆင်ပြေ
ဘိုးစံသည် သူ၏လျှို့ဝှက်သောကျင့်စဉ်များကို ပြန်လည
လေ့ကျင့်ခြင်း မရှိတော့ချေ။

မိန်းမလျာကြီး ညမွှေးပန်းထံမှရရှိသော စာအုပ်ကြီးကို





ထွန်းသေတ္တာထဲတွင် သေချာစွာ သိမ်းဆည်းထားလေ၏။

ထိုသို့နေထိုင်ရင်း တောင်ပြုန်းပွဲရာသီချိန်သို့ရောက်သောအခါ
ဘိုးစံသည် တောင်ပြုန်းနတ်ပွဲသို့ သွားရောက်လိုစိတ်များ ဖြစ်ပေါ်
လာ၏။

ဘိုးစံသည် တောင်ပြုန်းပွဲတော်သို့ ထွက်ခဲ့လေ၏။

သူသည် ချိတ်လုံချည်၊ ရင်ဖုံးအင်္ကျီ၊ ခေါင်းပေါင်း
ဖြင့် လူကုံထံတစ်ဦးကဲ့သို့ ဝတ်စားသွားလေ၏။

ထို့ကြောင့် တောင်ပြုန်းသို့ရောက်သောအ
သူ မရှိဘဲ ဖြစ်နေလေ၏။

ဘိုးစံသည် မိန်းမလျာကြီး ညမွှေးပန်း၏သတင်းကို
လေရာ ညမွှေးပန်းကြီး ဆင်းရဲနွမ်းပါးသွားပြီး တဲကလေးထိုး၍
ချို့ချို့ငဲ့ငဲ့ နတ်ကနေကြောင်း ကြားရ၏။ ညမွှေးပန်းကြီးသည် မိမိ
အပေါ် ကျေးဇူးရှိ၍ ကရုဏာဖြစ်မိ၏။

ဘိုးစံသည် ညမွှေးပန်းကြီး၏ဒုက္ခကို ကယ်မပေးလိုသော
ဆန္ဒ ဖြစ်ပေါ်လာ၏ ထို့ကြောင့် တောင်ပြုန်းပွဲတော်သို့လာ၍ ဖွင့်



www.burmeseclassic.com

www.burmeseclassic.com



လှစ်သော ၃၆ ကောင် ထီဆိုင်ကြီးများသို့သွားပြီး မိမိ၏အစွမ်းဖြင့် မှန်းဆပြီး ဝယ်ယူခဲ့လေ၏။

ဘိုးစံသည် ၃၆ ကောင်ထီဆိုင်ကြီး ငါးဆိုင်မှ ပေါက်ကောင်များကို ဝယ်ယူ၍ လက်မှတ်များကို ကလေးငယ်တစ်ဦးမှတစ်ဆင့် ညမွေးပန်းထံသို့ ပို့ဆောင်လိုက်လေ၏။

ညမွေးပန်းကြီးသည် မိမိထံသို့ အမည်မသိလူတစ်ဦး ပေး[illegible] ၃၆ကောင် ထီလက်မှတ်ငါးစောင်ကို အံ့ဩစွာဖြင့် [illegible]လေ၏။

[illegible]လက်မှတ်ငါးဆောင်သည် တစ်စောင်လျှင် ၁၀ ကျပ်ဖိုး[illegible]းသဖြင့် တန်ဖိုးကြီးသော လက်မှတ်များပင် ဖြစ်၏။

ညမွေးပန်းသည် ဤမျှတန်ဖိုးကြီးသော လက်မှတ်များ မိမိထံသို့ မည်သူက ပို့လိုက်သနည်းဟု တွေးတောနေလေ၏။

ညမွေးပန်းနှင့်အတူ ခိုကပ်နေထိုင်သော မိန်းမလျာတစ်စုကလည်း ထင်ကြေးအမျိုးမျိုးပေးကြလေ၏။ မိန်းမလျာများအနက်မှ လှလှမိုးဆိုသူက





" အမလေး… လက်မှတ်တစ်စောင်ကို တစ်ဆယ်ကြီးများတောင် ထိုးထားတယ်၊ တောင်ပြုံးပွဲတော်ကြီးမှာ တစ်ဆယ်တန်လက်မှတ်တွေ ဝယ်ထားတယ်၊ ပေါက်များပေါက်လိုက်ရင်တော့ ညမွေးပန်းကြီးချမ်းသာသမျှကို မတွေးဝံ့ဘူး၊ ဘာပဲဖြစ်ဖြစ် ညနေ ၃၆ ကောင်ထီမဖွင့်မီ ကိုယ်တော်တွေဆီမှာ ဆုတောင်းကြမယ် "

ဟု ပြောကာ ငှင်းတို့ကိုးကွယ်သော နတ်များအား ပူဇော်သကြကုန်၏။

ထို့နောက် ညမွေးပန်း၏နောက်လိုက် မိန်းမလျာများသည် ၃၆ ကောင် ထီဖွင့်မည့်နေရာများသို့သွား၍ စောင့်ကြလေ၏။

ညနေစောင်းအချိန် ၃၆ ကောင်ထီဖွင့်သောအခါ ဒိုင်အသီးသီး၌ ညမွေးပန်း၏ထီလက်မှတ်များ ပေါက်ကောင်ဖြစ်နေသဖြင့် မယုံနိုင်အောင်ဖြစ်ပြီး ညမွေးပန်းထံသို့ ဝမ်းသာအားရ ပြန်ပြေးကြကြ၏။

ညမွေးပန်းသည် သူ၏ ၃၆ ကောင် ထီလက်မှတ်များအားလုံးပေါက်နေကြောင်း ကြားရသောအခါ ဝမ်းသာအားရဖြင့်



www.burmeseclassic.com

www.burmeseclassic.com



“ တကယ်လား၊ တကယ်ကို ၃၆ ကောင်ထိတွေ အကုန်လုံး ပေါက်နေတာလား၊ အမလေး… ဒါဆိုရင် ညမွှေးပန်းတို့တော့ ချမ်းသာပြီပေါ့၊ ဝမ်းသာလိုက်တာ၊ ငါ့တစ်သက်မှာ ဒီနေ့ဟာ ဝမ်းအသာဆုံးပဲဟေ့ ”

ဟု အော်ဟစ်ပြီး ကခုန်လေ၏။

ညမွှေးပန်းသည် ထိုနေ့မှာပင် ၃၆ ကောင် ဒိုင်ကြီးများမှ ငွေများကို သွား၍ထုတ်လေ၏။ ညမွှေးပန်းတစ်ယောက် ဒိုင်များအားလုံး၌ ထီပေါက်သောသတင်းမှာလည်း တောင်ပြုန်းတစ်ရွာလုံး ပြန့်နှံ့သွားလေ၏။

ညမွှေးပန်း၏ ထူးခြားသော ကံကြမ္မာကို ၃၆ ကောင် ဒိုင်ကြီးများပင် အံ့သြကြ၏။

ဒိုင်အသီးသီး၌ ညမွှေးပန်း၏ထီလက်မှတ်များသာ ပေါက်ကောင်ဖြစ်နေခြင်းမှာ လွန်စွာထူးခြားသော ဖြစ်ရပ်ပင်ဖြစ်၏။

မည်သို့ပင်ဖြစ်စေ ညမွှေးပန်းကြီးကို ၄င်းကိုးကွယ်သော ကိုယ်စော်များက မစလိုက်ခြင်းဖြစ်သည်ဟု ပြောစမှတ်တွင်သွား





လေ၏။

ဤသို့ဖြင့် ညမွှေးပန်းကြီးသည် ဘိုးစံ၏ကျေးဇူးကြောင့် စီးပွားရေး ပြန်လည်ချောင်လည်သွားလေ၏။

နတ်ယုံကြည်သူများသည် ညမွှေးပန်းချမ်းသာလာခြင်းမှာ ကိုယ်တော်များ၏ မစမှုကြောင့် ချမ်းသာလာသည်ဟု ယုံကြည်ကြရာ ညမွှေးပန်းကို ပိုမို၍ ကိုးကွယ်ကြလေ၏။

ဘိုးစံသည် တောင်ပြုန်းရွာမှပြန်လာပြီးနောက် မန္တလေးမြို့ ပတ်ဝန်းကျင် လောင်းကစားဝိုင်းအမျိုးမျိုး၌ ကျင်လည်ခဲ့လေ၏။

သူ၏အစွမ်းကြောင့် ပိုက်ဆံရှာရသည်မှာ လွန်စွာလွယ်ကူလေ၏။

ဘိုးစံသည် မန္တလေးမြို့ပေါ်ရှိ လူကုံထံများ၏ ဖဲဝိုင်း၊ ကျင်ဝိုင်းများ၌ ကျင်လည်ခဲ့လေ၏။

မည်သို့ပင်ဖြစ်စေ ဘိုးစံသည် မိမိ၏လောဘကို သံမဏိစည်းကမ်းကဲ့သို့ ထိန်းသိမ်းလေရာ ဘိုးစံ၌ ထူးဆန်းသော အစွမ်းရှိကြောင်း မည်သူမျှ မသိမြင်ကြချေ။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးစံသည် လောင်းကစားဝိုင်းများ၌ လှည့်လည်သွားလာရင်း မိမိ၏အစွမ်းကြောင့် ငွေများ စုဆောင်းမိလေ၏။ ထိုငွေများကို မဏ္ဍပ်ဇင်ဘဏ်သို့ ထည့်၍စုဆောင်းထားလေ၏။

◉ ◉ ◉





တစ်နေ့သ၌ ဘိုးစံသည် နယ်မြို့လေးတစ်မြို့ရှိ ပွဲဈေးတန်း တစ်ခုကို ရောက်ရှိသွားလေ၏။ ပွဲဈေးတန်း၏အဆုံး၌ ဆက်ကပ်ရုံ ရှိ၏။

ထိုမြို့၌ ဆက်ကပ်ပွဲပြသည်မှာ နှစ်ညရှိပြီဟု သိရ၏။

ဘိုးစံသည် ဆက်ကပ်ကြည့်ရန် လက်မှတ်ဝယ်၍ ရုံထဲသို့ ဝင်ခဲ့၏။

ဆက်ကပ်နှင့် မျက်လှည့်ဆန်ဆန် ပူးပေါင်းပြသသော ရုံကြီး ထဲသို့ ဝင်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးစံသည် ထိုညက ဆက်ကပ်အဖွဲ့၏ ပြကွက်များကို ကြည့်ရှုရင်း ကောင်းကင်ဘားကစားသော ပြကွက်ကို ကြည့်ရှုရလေ၏။

ကောင်းကင်ဘား ပြသသူများသည် မောင်ဘတူနှင့် မောင်ဘသူ ဆိုသော အမြွှာညီအစ်ကိုနှစ်ယောက်ဖြစ်၏။ ဘိုးစံသည် ၎င်းတို့နှစ်ဦး၏ ပြကွက်များကို ကြည့်ရှုနေစဉ် ခေါင်းထဲတွင် မိုက်ခနဲ ဖြစ်သွားပြီး ညီအစ်ကိုနှစ်ဦးအနက် မောင်ဘတူသည် ကောင်းကင် ဘားကစားရာမှ အသံနက်ကြီးနှင့် မြေပေါ်သို့ ပြုတ်ကျသွားသည်ဟု မြင်ယောင်လိုက်လေ၏။

သို့သော် လက်တွေ့တွင်မူ မောင်ဘတူနှင့် မောင်ဘသူ ညီအစ်ကိုနှစ်ဦးသည် တွဲဘက်ညီညီဖြင့် ပြသနေဆဲဖြစ်၏။

ဘိုးစံသည် မိမိ၏အာရုံထဲ၌ ရှင်းလင်းပြတ်သားစွာ မြင်တွေ့လိုက်ရသောကြောင့် ကြောက်မက်ဖွယ်ပြကွက်ကို မျက်လုံးထဲက မထွက်တော့ချေ။

ထို့ကြောင့် ကောင်းကင်ဘားပြကွက်ကို ရင်တမမနှင့် ကြည့်ရှုနေလေ၏။ သို့သော် ကောင်းကင်ဘားပြကွက် ပြီးဆုံးသည် အထိ ၎င်းတို့ညီအစ်ကိုနှစ်ဦး ဘေးမသီ ရန်မခဘဲ ပြသသွားနိုင်၏။





ဘိုးစံသည် ညီအစ်ကိုနှစ်ဦး၏ ပြကွက်များ ပြီးဆုံးသောအခါ မှပင် သက်မကို ချနိုင်လေ၏။

ကောင်းကင်ဘားပြရင်း ထိုညီအစ်ကိုနှစ်ယောက် မည်သည့် အန္တရာယ်မျှ မကြုံတွေ့သော်လည်း မောင်ဘတူ မြေပေါ်သို့ပြုတ်ကျပြီး သွေးသံရဲရဲဖြစ်သွားသော ရှုခင်းကို မိမိ၏အာရုံထဲ၌ ရှင်းလင်း ပြတ်သားစွာ မြင်တွေ့လိုက်ရ၏။

◉ ◉ ◉



www.burmeseclassic.com

www.burmeseclassic.com



ဘိုးစံသည် ဆက်ကပ်အဖွဲ့ပြီးဆုံးသောအခါ လူအများပြန့် သွားသော်လည်း ဆက်ကပ်ရုံအနောက်သို့ ဝင်ခဲ့၏။

ဆက်ကပ်အဖွဲ့ရှိ တာဝန်ရှိသူတစ်ဦးက ဘိုးစံကို တားဆီး သောအခါ မောင်ဘတူတို့ ညီအစ်ကိုနှင့် တွေ့လိုကြောင်း ခွင့်တောင်း လေ၏။

ထိုသူသည် ဘိုးစံအား အနားယူနေသော ညီအစ်ကို နှစ်ယောက်ထံသို့ ခေါ်ဆောင်သွားလေ၏။





ဘိုးစံက ညီအစ်ကိုနှစ်ယောက်ကို မိတ်ဆက်ပြီးသောအခါ ဆောက်မာဟန်ရှိသော ညီအစ်ကိုနှစ်ယောက်အနက် မောင်ဘတူက

" ကျုပ်တို့ညီအစ်ကိုနဲ့ ဘာကြောင့်တွေ့ချင်တာလဲ "

ဟု လေသံမာမာဖြင့် ပြောလေ၏။ ဘိုးစံက ခေါင်းခါယမ်း၍

" ကျုပ် ခင်ဗျားတို့ ညီအစ်ကိုနဲ့ လာတွေ့တာက ကောင်းကင် ဘားကစားရင် အန္တရာယ်တွေ့နိုင်လို့ လာပြီး သတိပေးတာပါ "

ဟု ပြောလေရာ ဘိုးစံ၏စကားသည် မာန်တက်နေသော ညီအစ်ကိုနှစ်ယောက်ကို လှောင်ပြောင်သလိုဖြစ်သွားပြီး မောင်ဘတူက

" ဘာများလဲလို့၊ ခင်ဗျားက မိုးချောင်းမင်း ရေခွင်း ပြနေတာကိုး၊ ကောင်းကင်ဘား ကစားတယ်ဆိုတာ အသက် အန္တရာယ်နဲ့ ရင်းပြီးလုပ်ရတယ်ဆိုတာ လူတိုင်းသိတယ်၊ ခင်ဗျားပြောမှ မဟုတ်ဘူး၊ ဒါပေမဲ့ ကျုပ်တို့ညီအစ်ကိုက ကောင်းကင်ဘား ကစားဖို့ မွေးဖွားလာတဲ့သူတွေ၊ ဘယ်တော့မှ အန္တရာယ်မဖြစ်နိုင်ဘူး၊ နေပါဦး… ခင်ဗျားက မဆီမဆိုင် ကျုပ်တို့ညီအစ်ကိုကို အန္တရာယ် ဖြစ်နိုင်တယ်လို့ ဘာကြောင့်ပြောနိုင်တာလဲ၊ ခင်ဗျားက ကောင်းကင်



www.burmeseclassic.com

www.burmeseclassic.com

ဘား ပြကွက်နဲ့ ပတ်သက်လို့ ဘယ်လောက်ကျွမ်းလို့လဲ၊ ကျွ
ညီအစ်ကိုနှစ်ယောက်ကို ပညာစမ်းချင်လို့လား ”

ဟု ပြောလေ၏။ ဘိုးစံက သက်ပြင်းချ၍

“ ကျုပ် ပညာစမ်းဖို့လည်း မဟုတ်ပါဘူး၊ ကောင်းထေ
ဘားလည်း မကစားတတ်ပါဘူး၊ ဒါပေမဲ့ ဒီနေ့ည ကောင်းကင်ဘ
ကြည့်ရင်း ကျုပ်ရဲ့ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားပြီး မောင်ဘ
ကောင်းကင်ဘားပြရင်း မြေပေါ်ကို ပြုတ်ကျသွားတာ မြင်လိုက်
တယ်၊ ကျုပ်ရဲ့အာရုံထဲမှာ ထင်ထင်ရှားရှားကြီးကို မြင်နေတာ၊ ကျ
အရင်က ဒီလို တစ်ခါမှမဖြစ်ဖူးပါဘူး၊ မောင်ဘတူ မြေပေါ်
ပြုတ်ကျတာ ထင်ထင်ရှားရှား မြင်ရတယ် ”

ဟု ပြောလေရာ မောင်ဘသူဆိုသူက ဒေါသတကြီး ထ
ရောက်၍

“ ဟေ့လူ… တော်စမ်း၊ နိမိတ်မရှိတာတွေ လာပြောနေ
တယ်၊ မြန်မာပြည်မှာ ကျုပ်တို့ညီအစ်ကိုထက် ကောင်းကင်ဘား
ကျွမ်းတဲ့သူမရှိဘူး၊ ကျုပ်တို့က ဘာလို့ပြုတ်ကျရမှာလဲ၊ နေပါဦး





င်များက အကြားအမြင်လိုလို ဗေဒင်လိုလို ဘာလုပ်နေတယ်ဆိုတော့
လိမ်ပဲဖြစ်ရမယ်၊ ကျုပ်တို့ဆီက ဘာမှရဖို့မမျှော်လင့်နဲ့ ”

ဟု ရင့်သီးစွာ ပြောလေ၏။

ဘိုးစံသည် မိမိ၏အာရုံ၌မြင်ရသော အကြောင်းအရာကို
နို့ သားသော့ လာပြောပါလျက် ရိုင်းပြစွာ တုန့်ပြန်သော ညီအစ်ကို
ကို ရင်နာသွား၏။ ထို့ကြောင့် ခေါင်းခါယမ်းလိုက်ပြီး

“ ကျုပ်ရင်ထဲမှာ ရှင်းရှင်းလင်းလင်း မြင်ရတဲ့ အာရုံတစ်ခု
ကို စိုးရိမ်ပြီး ခင်ဗျားတို့ကို ပြောပြတာပါ၊ ကျုပ်ကိုယ်တိုင်လည်း
ဒီတိကျကျဖြစ်မယ်လို့ မပြောဝံ့ပါဘူး၊ ဒါပေမဲ့ ကျုပ်ရဲ့နှစ်ပေါင်း
များစွာ ကျင့်ကြံလာတဲ့ အကျင့်အကြံတစ်ခုကြောင့် ထူးခြားတဲ့
စွမ်းရည် တစ်ခုကို ပိုင်ဆိုင်ပါတယ် ”

ဘိုးစံ၏စကားမဆုံးမီ မောင်ဘတူက သေတ္တာကို လက်ဖြင့်
ပုတ်၍

“ ဘာစွမ်းရည်ပိုင်ပိုင် ကျုပ်တို့ကို လာလိမ်ဖို့မကြိုးစားနဲ့၊
ခင်ဗျား ကျုပ်တို့ရှေ့က ထွက်သွားစမ်း၊ အခုချက်ခြင်းထွက်သွား၊



www.burmeseclassic.com

www.burmeseclassic.com



မသွားရင် ဆွဲထိုးမိလိမ့်မယ် ”

ဟု မောင်းနှင်ထုတ်လေ၏။ ဘိုးစံသည် မိုက်ရူးရဲ ညီအစ်ကို နှစ်ယောက်နှင့် စကားတုံ့ပြန်ပြောဆိုလိုခြင်း မရှိတော့ချေ။ ထို့ကြောင့် ထိုင်ရာမှထရပ်၍

“ ကျုပ်မှာရှိတဲ့အစွမ်းဆိုတာ မျက်လုံးနဲ့မကြည့်ဘဲ မြင်နိုင် တဲ့ အစွမ်းသတ္တိတစ်ခုပါ၊ ဒါဟာ မင်းတို့ညီအစ်ကိုရဲ့ ကံကြမ္မာ ဘာမှမဆိုင်ပါဘူး၊ ကျုပ်သွားပါတော့မယ်၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည် မှုမလွန်ကဲဘဲ သတိနဲ့ကြိုးစားပြီး ကောင်းကင်ဘုံး ကစားကြ ဘာပဲဖြစ်ဖြစ် သတိဆိုတာ ပိုတယ်မရှိပါဘူး ”

ဟု ဆိုကာ မိုက်ရူးရဲညီအစ်ကိုနှစ်ယောက်၏ရှေ့မှ ထွက် လေ၏။

ဘိုးစံသည် ဆက်ကပ်ရုံအဖြစ်သို့ရောက်သောအခါ ဖဲဗေ ဟု ရေးထားပြီး ဖဲထုပ်ကလေးတစ်ထုပ်ရှေ့တွင်ထိုင်နေသော အဘိုးကြီးတစ်ယောက်ကို မြင်လိုက်ရ၏။

ဂျူးအဘိုးကြီးသည် ဘိုးစံကို ပြုံးရွှင်သော အမူအရာ





“ ကောင်းကင်ဘုံးကစားတဲ့ ညီအစ်ကိုနှစ်ယောက်က ထ်မိုက်ရိုင်းရိုင်းပြောပြီး မောင်းထုတ်လိုက်ပုံရတယ် ”

ဟု ပြောလေရာ ဘိုးစံသည် ဂျူးအဘိုးကြီးကို အံ့ဩသွားပြီး

“ ခင်ဗျားက ဘယ်လိုလုပ်ပြီး သိတာလဲ ”

ဟု မေးမြန်းလေ၏။ ဂျူးအဘိုးကြီးက ဘိုးစံကို မျက်မှောင် ကြုတ်၍ ကြည့်လိုက်ပြီး

“ ပညာမျက်စိနဲ့ကြည့်ရင် သိနိုင်တာပေါ့၊ ကောင်းကင်ဘုံး ညီအစ်ကိုနှစ်ယောက်ရဲ့ အနိဋ္ဌာရုံတွေကို ကျုပ်ရဲ့ဖဲချပ်လေးတွေက လည်း ပြောပြနေတယ် ”

ဟု ပြောလေရာ ဘိုးစံက မျက်မှောင်ကြုတ်၍

“ ဖဲတွေနဲ့ ဗေဒင်ကြည့်လို့ရလို့လား ”

ဟု မေးမြန်းလေ၏။ အဘိုးကြီးက ခေါင်းညိတ်၍

“ဖဲတွေနဲ့ ဗေဒင်ကြည့်လို့ရတာ နှစ်ပေါင်းထောင်ချီ ကြာ ပြီ၊ မောင်ရင်က အခုမှ အိပ်မက်မက်နေရသလား၊ လွန်ခဲ့တဲ့ရက်က ညီအစ်ကိုနှစ်ယောက်ထဲက မောင်ဘာတူဆိုတဲ့လူဟာ ကျုပ်ရဲ့ ဖဲဗေဒင်



www.burmeseclassic.com

www.burmeseclassic.com



ကို လှောင်ပြောင်သရော်ပြီး လာကြည့်ခဲ့တယ်၊ ကျုပ်က နှိမ်[illegible] သားသားပဲ သူ့ကို စကားတစ်ခွန်းပြောခဲ့တယ်၊ ကောင်းကင်[illegible] မြရင်း မြေပေါ်ကို ဓောက်ထိုးကျပြီး သေလိမ့်မယ်လို့ ”

“ ဟင်… ဖဲဗေဒင်ကလည်း ဒီလူတွေ ဒုက္ခရောက်မယ်[illegible] မြင်တယ်ပေါ့၊ သေချာရဲ့လားဗျာ ”

“ သိပ်ပြီးသေချာတာပေါ့၊ ဖဲချပ်လေးတွေက ဘယ်တော့[illegible] မှသားမပြောဘူး၊ ဒါပေမဲ့ အဓိက ကတော့ ဖဲချပ်ကို ပိုင်ဆိုင်တဲ့သူ[illegible] အရေးအကြီးဆုံးပါ၊ ပါရမီမရှိတဲ့သူတွေ ဖဲချပ်ကိုင်ရင်တော့ အမှ[illegible] တရားကို ဖဲချပ်တွေက ပြောမှာမဟုတ်ဘူး ”

“ ကျုပ်ကိုလည်း ဗေဒင်လုပ်ပေးပါလား၊ ခင်ဗျားရဲ့ ဖဲ[illegible] ဗေဒင်ကို ကျုပ် တော်တော်စိတ်ဝင်စားသွားပြီ ”

“ ဖဲဗေဒင်ကမြင်တာကိုပဲ ကွင်းခနဲ ကွက်ခနဲ ပြောတယ်၊ မလိုတာတွေကို ပြောလေ့မရှိဘူး၊ ထိုင်ပါ၊ မောင်ရှင့်ကို ကျုပ် ဗေဒင်ကြည့်ပေးပါ့မယ် ”

ဘိုးစံသည် ဂျူးအဘိုးကြီး၏ရှေ့တွင် ဝင်ထိုင်လိုက်ရာ





အဘိုးကြီးက ဖဲထုပ်ကို ချီးနှိုင်းလိုက်၏။

ဘိုးစံသည် ဖဲထုပ်ကို ချီးပေးလိုက်၏။ ဂျူးအဘိုးကြီးသည် ဖဲထုပ်အပေါ်ဆုံးမှ ဖဲချပ်ကိုကြည့်၍ သက်ပြင်းချလိုက်ပြီး

“ မောင်ရင်ဟာ တတိယမျက်လုံးပိုင်ရှင်တစ်ယောက်ပဲ၊ ဂန္ဓာရပညာကို ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုမဲ့ပုဂ္ဂိုလ်ပဲ့၊ ဒါပေမဲ့ တစ်ချိန်ချိန်မှာ ကိုယ်ကျိုးစီးပွားအတွက် အသုံးမပြုတော့ဘဲ အများအတွက် အသုံးပြုမဲ့ သူတော်ကောင်းတစ်ယောက်ဖြစ်မှာ သေချာတယ်၊ ဘာပဲဖြစ်ဖြစ် ဒီနေ့ကို ကျုပ် ဘယ်တော့မှမမေ့ပါဘူး၊ တတိယမျက်လုံးပိုင်ရှင်ကို ကျုပ် ဗေဒင်ကြည့်ခွင့်ရလို့လည်း ဂုဏ်ယူပါတယ် ”

ဟု ပြောလေရာ ဘိုးစံသည် ဂျူးအဘိုးကြီး၏ ဗေဒင် မှန်လွန်း၍ ပါးစပ်အဟောင်းသား ဖြစ်သွားလေ၏။

ဘိုးစံသည် သူ၏အရှေ့၌ မှောက်၍ချထားသော ဖဲချပ်ထလေးကို ထိကိုင်ကြည့်လိုက်ရာ သာမန်ဖဲချပ်များနှင့်မတူဘဲ အလွန်ထူးဆန်းသောပုံများကို တွေ့ရလေ၏။

ဂျူးအဘိုးကြီးက ဖဲထုပ်ကလေးကို ကုလားဖန်ထိုးလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



" ဖဲထုပ်တွေရဲ့ မူလအစက အနောက်တိုင်းက ...
ပညာရှင်တွေ အသုံးပြုခဲ့တဲ့ ကိရိယာတစ်ခုပါပဲ၊ ဂမ္ဘီရပညာရှင် ...
အသုံးပြုခဲ့တဲ့ မူလဖဲချပ်စုစုပေါင်းက (၇၈) ချပ်တောင်ရှိခဲ့ ...
ဂမ္ဘီရပညာရှင်ကြီးတွေဟာ လူတွေရဲ့စိတ်မှာ လောဘစိတ်၊ ယုံ ...
လိုစိတ်တွေ ကိန်းအောင်းနေတယ်လို့ ယူဆတယ်၊ ဒါကြောင့် ဒီ ...
တွေ တပြိုင်တည်း ဖြစ်ပေါ်နိုင်တဲ့ လောင်းကစားခြင်းမှာ ဂမ္ဘီရ ...
ကို ပေါင်းစပ်ခဲ့တယ်၊ ဟိုးအရင်က ဂမ္ဘီရဖဲချပ်တွေမှာ တုတ်အုပ် ...
ဓားအုပ်စု၊ ကြက်အုပ်စု၊ ခွက်အုပ်စုဆိုပြီး ရှိတယ်၊ နောက် ...
လောင်းကစားဖဲချပ်တွေအနေနဲ့ ဖန်တီးအခါမှာ တုတ်ဖဲချပ်တွေ ...
ညှင်းဖဲချပ်အဖြစ်ပြောင်းခဲ့တယ်၊ ခွက်ဖဲချပ်တွေကိုတော့ ဟတ်ဖဲ ...
တွေအနေနဲ့ ဖန်တီးခဲ့တယ်၊ ဓားဖဲချပ်တွေကိုတော့ စပိတ်ဖဲလုပ်ခဲ့တယ် ...
ကျွန်ဖဲချပ်တွေကိုလည်း ဒိုင်းမွန်းဖဲချပ်အဖြစ် ပြောင်းခဲ့ပြန်တယ် ...
ဒီလိုပြောင်းလဲခဲ့တဲ့ အထောက်အထားတွေကို ဖဲဗေဒင်ကိုကြည့်ခြင်း ...
သိနိုင်တယ်၊ ဖဲချပ်တွေနဲ့ ဂမ္ဘီရပညာဆက်စပ်နေပုံကို ပြောရရင်တော့ ...
အရှည်ကြီးပဲ "





ဟု ပြောလေရာ ဘိုးစံသည် ဂျူးအဘိုးကြီး၏စကားများကို စိတ်ဝင်စားစွာ နားထောင်လေ၏။

သူသည် ဂျူးအဘိုးကြီး၏ ဂမ္ဘီရဖဲချပ်ကလေးများကို အလွန် စိတ်ဝင်စားနေမိ၏။ ထို့ကြောင့် ဂျူးအဘိုးကြီးကိုကြည့်၍

" ဖဲဗေဒင်က သိပ်မှန်တာပဲဗျ၊ ဒီဗေဒင်ကို အလွယ်တကူ သင်လို့ရမလား "

" သင်လို့ လွယ်ပါတယ်၊ ဒါပေမဲ့ ဖဲဗေဒင်ကပြောတဲ့ ဟောချက်တွေ မှန်ကန်ဖို့ကတော့ ဖဲဗေဒင်ကို နှလုံးသားထဲက အလိုက် သည်းလိုက် ယုံကြည်ဖို့လိုတယ်၊ ဖဲဗေဒင်နဲ့ ဟောပြောသူက တသားတည်းဖြစ်နေဖို့လိုတယ်၊ တသားတည်းဖြစ်မှသာ ဟောချက် တွေ သေးထွက်အောင်မှန်လိမ့်မယ်၊ ဒီလိုဖြစ်ဖို့တော့ နှစ်ပေါင်းများစွာ အချိန်ကုန်ရလိမ့်မယ် "

ဟု ပြောလေရာ ဘိုးစံသည် ဖဲဗေဒင်ကို သင်ယူချင်စိတ်များ ပျောက်သွားလေ၏။

ဂျူးအဘိုးကြီး၏ ဖဲဗေဒင်မှန်ကန်စေရန် မိမိ၏ကျင့်စဉ်ကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



ခက်ခဲနက်နဲပေလိမ့်မည်။ မည်သည့်ပညာရပ်မျှ လွယ်လွယ်ကူကူ အောင်မြင်မှုရမည် မထင်ချေ။

ဘိုးစံသည် ထိုမြို့၌ ခေတ္တနေထိုင်၍ လောင်းကစားခြင်းအမှုကို ပြုလုပ်ရန် ကြံရွယ်၏။

● ● ●





နောက်တစ်နေ့သို့ရောက်သောအခါ ပွန်စွာထူးဆန်းသော သတင်းဆိုးတစ်ခုကို ကြားရလေ၏။

ထိုသတင်းမှာ ဆပ်ကပ်အဖွဲ့၌ ကောင်းကင်ဘား ကစားသော အမြွှာညီအစ်ကိုအနက် မောင်ဘတူဆိုသူသည် ကောင်းကင်ဘားကစားရင်း မြေပေါ်သို့ ဇောက်ထိုးပြုတ်ကျပြီး သေဆုံးခဲ့သည် ဆို၏။

မောင်ဘတူသည် ကောင်းကင်ဘားကစားရင်း ပိုက်ပေါ်သို့ ပြုတ်ကျရာမှ ပိုက်ပေါက်ပြီး မြေပေါ်သို့ ပြုတ်ကျသွားခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးစံသည် ထိုသတင်းကိုကြားသောအခါ မောင်ဘတူအတွက် စိတ်မကောင်းခြင်းများစွာဖြစ်မိ၏။ မိမိ၏ ထူးခြားဆန်းကြယ်သော အာရုံကိုလည်း လွန်စွာအံ့သြသွားလေ၏။

ထိုအာရုံမျိုးကို သူ၏တစ်သက်၌ ဤတစ်ကြိမ်သာ ကြုံတွေ့ခြင်းဖြစ်၏။

လူထူးလူဆန်း ရှန်ကာရ၏ကျင့်စဉ်များကို အောင်မြင်စွာ လေ့ကျင့်ပြီးနောက် ပထမဆုံး ကြုံတွေ့ရသော ကြောက်မက်ဖွယ် အာရုံပင်ဖြစ်၏။

မိမိ၏ ထူးခြားသော အမြင်အာရုံသည် မှန်ကန်မှုရှိသလို ဖဲဗေဒင်ပညာရှင် ဖျူးအဘိုးကြီး၏ဟောချက်မှာလည်း ကြောက်မက်ဖွယ် မှန်ကန်မှုရှိ၏။

လောက၌ ထူးခြားဆန်းကြယ်ပြီး သာမန်လူတို့၏ဉာဏ်ရည်ဖြင့် လိုက်မမီသောအကြောင်းအရာများစွာရှိကြောင်း ရိပ်စားမိသလိုရှိ၏။

ဤသို့ဖြင့် ဘိုးစံသည် မိမိ၏စွမ်းရည်ကို အသုံးချ၍ လောဘ





တကြီး ငွေရှာခဲ့၏။ မိမိရှာဖွေ၍ရသမျှ ငွေကြေးများကို မတ္တမင့်ဘဏ်၌ အပ်နှံထား၏။

ဘိုးစံသည် လောင်းကစားဝိုင်းများ၌ စွန့်စား၍ ငွေရှာသော်လည်း အသက်အန္တရာယ်များသောဖြစ်ရပ်များနှင့် ကြုံတွေ့ရ၏။

သူသည် နယ်စပ်ဒေသ၌ လောင်းကစားဝိုင်းပြုလုပ်စဉ် အသက်အန္တရာယ်နှင့်ပင် နီးကပ်သွားခဲ့၏။

ဘိုးစံသည် နယ်စပ်မြို့ကလေးတစ်မြို့၌ လောင်းကစားရန် ရောက်ရှိနေ၏။ သူသည် နယ်စပ်မြို့ကလေး၏ ထမင်းဆိုင်တစ်ဆိုင်၌ တည်းခိုပြီး လောင်းကစားနိုင်မည့် အခွင့်အရေးကို စောင့်နေ၏။

ထိုအခိုက်မှာပင် ဘိုးစံတည်းခိုနေသော ထမင်းဆိုင်ရှေ့သို့ မြင်းရထားတစ်စီး ရောက်ရှိလာပြီး ရထားပေါ်မှ တရုတ်လူမျိုးများ ဝတ်လေ့ရှိသော အင်္ကျီနှင့် ဘောင်းဘီပွကြီးကို ဝတ်ဆင်ထားသော လူတစ်ဦး ဆင်းလာ၏။

ထိုသူသည် ဘိုးစံထံသို့ ဖော်ရွေသော အမူအရာနှင့် ရောက်ရှိပြီး



www.burmeseclassic.com

www.burmeseclassic.com



" မိတ်ဆွေနာမည်က ကိုဘိုးစံ ထင်တယ်၊ ကျုပ်တို့ သခင်ကြီး လွှတ်လိုက်လို့ပါ၊ လောင်းကစားပွဲလုပ်ချင်ရင် ကျေးဇူးပြုပြီး ကျုပ်နောက်ကို လိုက်ခဲ့ပါ "

ဟု ဖိတ်ခေါ်လေ၏။

ဘိုးစံသည် ရေငှတ်တုန်း ရေတွင်းထဲကျဖြစ်သဖြင့် ထိုသူ၏ အနောက်သို့ လိုက်ခဲ့လေ၏။

မကြာမီ ဘိုးစံတို့စီးလာသော ရထားလုံးသည် မြို့တစ်နေရာရှိ လွန်စွာခမ်းနားကြီးကျယ်သော ခြံကြီးအတွင်းသို့ ဝင်ရောက်ခဲ့လေ၏။

ခြံကြီးထဲရှိ ကြီးမားသော အိမ်ကြီး၏ ဆင်ဝင်အောက်၌ တရုတ်လူငယ်များ စောင့်ကြိုနေပြီး ဘိုးစံကို အိမ်ကြီး၏အပေါ်ထပ်သို့ ခေါ်ဆောင်သွားလေ၏။

အပေါ်ထပ်ဧည့်ခန်းထဲတွင် လောင်းကစားပွဲပြုလုပ်ရန် စားပွဲရှည်ကြီးကို စီစဥ်ထားပြီး ထိုစားပွဲ၌ ပိုးဖဲကတ္တီပါဝတ်ဆင်ထားသော တရုတ်သူဌေးကြီးများကို တွေ့ရလေ၏။

ထိုတရုတ်သူဌေးများအနက် မုတ်ဆိတ်ဖြူကြီးများရှိသော





တရုတ်သူဌေးကြီးက ဘိုးစံကို လှိုက်လှဲသော အမူအရာဖြင့် ကြိုဆိုပြီး

" ပြည်မကြီးက လောင်းကစားဝါသနာအိုးကြီးတစ်ဦး ရောက်နေတယ်ဆိုတာသိရလို့ ဖိတ်ခေါ်လိုက်တာပါ "

ဟု ပြောလေရာ ဘိုးစံသည် တရုတ်သူဌေးများကို ဦးညွတ်၍

" ကျွန်တော့်ကို ခုလို တကူးတကဖိတ်ခေါ်ပြီး ကစားခွင့်ပြုတာ ကျေးဇူးတင်ပါတယ် "

ဟု ဆိုလိုက်ပြီး တရုတ်သူဌေးများနှင့်အတူ လောင်းကစားခြင်းအမှုကို ပြုလုပ်လေ၏။

ထိုနေ့က တစ်နေကုန် လောင်းကစားဝိုင်းပြုလုပ်ပြီးနောက် ဘိုးစံသည် မိမိ၏ထုံးစံအတိုင်း တရုတ်သူဌေးများကို မသိမသာပင် အနိုင်ယူ၍ ရှာစားလေ၏။

ညနေစောင်းသောအခါ ဘိုးစံသည် အနိုင်ရရှိထားသော ငွေထုပ်ကိုပိုက်၍ ပြန်ရင်ပြင်လေ၏။

ထိုအခိုက်မှာပင် မုတ်ဆိတ်ဖြူကြီးများရှိသော အိမ်ရှင် တရုတ်သူဌေးကြီးသည် ဘိုးစံကို ရင်းနှီးခင်မင်သော အမူအရာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်၍

" မိတ်ဆွေကို ကျုပ်တို့ တရုတ်မိတ်ဆွေတွေက တောင်းပန် စရာ ရှိပါတယ် "

ဟု ပြောလေရာ ဘိုးစံသည် အံ့သြပြီး တရုတ်သူဌေးကြီးကို ကြည့်လိုက်လေ၏။ ထိုအခါ တရုတ်သူဌေးကြီးက

" ဒီလိုပါ မိတ်ဆွေ၊ မိတ်ဆွေကို လောင်းကစားတဲ့နေရာ မှာ မရိုးမဖြောင့်လုပ်တတ်တယ်လို့ ကျုပ်တို့ ကြံပြီး သံသယဖြစ်မိ တယ်၊ ဒီလိုသံသယဖြစ်ရတာလည်း မိတ်ဆွေနဲ့အတူ လောင်းကစား ဖူးတဲ့ လူတစ်ယောက်က ကျုပ်တို့ရဲ့မိတ်ဆွေပါ၊ သူ့ရဲ့သတင်းပေး ချက်အရ မိတ်ဆွေရောက်တုန်း ဖိတ်ခေါ်ပြီး ရိုးဖြောင့်မှု ရှိမရှိ စောင့်ကြည့်ခဲ့ပါတယ်၊ ဒီနေ့ မိတ်ဆွေနဲ့အတူ လောင်းကစားတဲ့ ပုဂ္ဂိုလ်တွေက အလွန်ကျွမ်းကျင်တဲ့သူတွေပါ၊ သူတို့အားလုံး မိတ်ဆွေ ကို စောင့်ကြည့်တဲ့အခါ မိတ်ဆွေဟာ ရိုးသားစွာ ကစားခဲ့ကြောင်း သိရှိရပါတယ်၊ ဒီနေ့ လောင်းကစားတဲ့ပွဲမှာ မိတ်ဆွေ မရိုးမဖြောင့် ခဲ့ဘူးဆိုရင် မိတ်ဆွေရဲ့အသက်ကို ပေးရမှာ သေချာပါတယ်။





ဒါကြောင့် မိတ်ဆွေရဲ့ ရိုးဖြောင့်မှုကို ကျုပ်တို့ စော်ကားမိတဲ့အတွက် အခုလို တောင်းပန်ရခြင်းဖြစ်ပါတယ် "

ဟု ပြောလေရာ ဘိုးစံသည် ယနေ့လောင်းကစားပွဲသည် မိမိ၏အသက်အန္တရာယ်ကိုပင် ထိခိုက်နိုင်ကြောင်း ရိပ်စားမိပြီး ကျောထဲတွင် စိမ့်ခနဲ ဖြစ်သွားလေ၏။

တစ်ခါကလည်း ဘိုးစံသည် လောင်းကစားရန်လှည့်လည် ရင်း ဓားပြများ၏ ဖမ်းဆီးခြင်းကို ခံရလေ၏။

ဓားပြများသည် ဘိုးစံထံမှ ငွေကြေးများရရှိသဖြင့် စက်သူဌေး တစ်ဦးဟု ယူဆကာ ပြန်ပေးဆွဲခဲ့ခြင်းဖြစ်၏။ ဘိုးစံသည် ဓားပြများ နှင့်အတူ တောထဲသို့ လိုက်ပါခဲ့ရလေ၏။

တောတွင်းတစ်နေရာသို့ရောက်သောအခါ ဓားပြများ၏စခန်း သို့ ရောက်လေ၏။ ထိုစခန်းရှိ ဓားပြများ၏ ထူးခြားချက်မှာ ဓားပြ အားလုံး လောင်းကစားခြင်းကို ဝါသနာထုံကြ၏။

ဓားပြခေါင်းဆောင်သည် လောင်းကစားရာ၌ သိုကြီးမဲကြီး နိုင်ဆုံးဖြစ်၏။ ဓားပြများသည် ဘိုးစံအား အချုပ်ခန်းထဲ၌ ချုပ်



www.burmeseclassic.com

www.burmeseclassic.com



နှောင်ထားလေ၏။

ထိုညက ဓားပြများသည် မီးပုံကြီးဖို၍ ဖဲကစားကြလေ၏။ ဘိုးစံသည် လောင်းကစားသမားတစ်ဦးဖြစ်သဖြင့် ဖဲဝိုင်းကိုမြင်သော အခါ ဝင်ရောက်ပြီး ကစားလိုစိတ်များ တဖွဲဖွဲ ဖြစ်ပေါ်လာ၏။

ထို့ကြောင့် ဖဲရိုက်နေသော ဓားပြများကို အသံပြု၍

" ဟေ့လူတွေ… ကျုပ်က ဖဲသမားတစ်ယောက်လို့ ပြော တာ ခင်ဗျားတို့ မယုံခဲ့ဘူး၊ ကျုပ်ကို သူဌေးတစ်ယောက်လို့ ထင်နေတယ်၊ ကျုပ်က ဖဲသမားဆိုတာ ယုံကြည်အောင် ခင်ဗျားတို့ကို သက်သေပြမယ်၊ ကျုပ်ကို အချုပ်ထဲက လွှတ်ပေးပါ "

ဟု ပြောလေ၏။

ဓားပြများသည် ဘိုးစံ၏အမူအရာကို အကဲခတ်ပြီး အချုပ် ထဲမှ လွှတ်ပေးလေ၏။ ဘိုးစံသည် အချုပ်မှလွှတ်ပြီး ဖဲဝိုင်းသို့ ရောက်သောအခါ

" ကျုပ်က နယ်လှည့်ပြီး ဖဲလိမ်ရိုက်တဲ့ ဖဲသမားတစ် ယောက်ပါ၊ မယုံရင် ခင်ဗျားတို့ကို ဖဲလိမ်ရိုက်ပြမယ် "





ဟု ပြောလေရာ ဓားပြများအားလုံး ဖဲသမားများဖြစ်သဖြင့် ဓားပြခေါင်းဆောင်က

" ဟေ့လူ… ကျုပ်တို့အားလုံး ဖဲကျွမ်းတဲ့သူတွေချည်းပဲ၊ ကျုပ်တို့အားတဲ့အချိန်တိုင်း ဖဲရိုက်နေကြတယ်၊ ကျုပ်တို့လို ဖဲဝိဇ္ဇာ တွေကို ခင်ဗျား ဖဲလိမ်ရိုက်နိုင်တယ်ဆိုရင်တော့ ခင်ဗျားကို လေးစား တဲ့အနေနဲ့ တစ်ခါတည်း လွှတ်ပေးမယ်ဗျာ "

ဟု ပြောလေရာ ဘိုးစံသည် မိမိလွတ်မြောက်ရေးအတွက် ရင်အေးသွားရလေ၏။

ဓားပြများသည် အမှန်တကယ်ပင် ဖဲဝိဇ္ဇာများဖြစ်ကြ၏။ ၎င်းတို့သည် ယခင်က ရွာစဉ်လှည့်၍ ဖဲလိမ်ရိုက်နေသူများ ဖြစ်ကြ၏။ ဘိုးစံက မိမိကိုယ်မိမိ ဖဲသမားဟုဆိုလိုက်သောအခါ ဘိုးစံကို အထင် သေးဟန်ဖြင့် ရယ်မောပြီး စောင့်ကြည့်ကြလေ၏။

၎င်းတို့အား ဘိုးစံလိုလူက လှည့်စားရန်မဖြစ်နိုင်ဟု ယူဆ ကြ၏။ သို့သော် ဘိုးစံသည် ထူးခြားသော စိတ်တန်ခိုးစွမ်းအင်ကို ရရှိထားသူဖြစ်သဖြင့် ထိုအစွမ်းကို အသုံးပြုကာ ဓားပြများအား



www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာ ပညာပြနိုင်ခဲ့၏။

ဓားပြများသည် ဖဲကစားရင်း ဘိုးစံ၏အစွမ်းကို မယုံနိုင် အောင် ဖြစ်ကြပြီး နံနက်မိုးစင်စင်လင်းသောအခါ ဓားပြခေါင်းဆောင် က ဘိုးစံ၏ပခုံးကိုဖက်၍

" မင်းဟာ အလွန်တော်တဲ့ ဖဲဝိဇ္ဇာတစ်ယောက်ဆိုတာ ကျုပ်တို့ လက်ခံလိုက်ပါပြီ၊ ဒီလောက်တော်တဲ့ ဖဲဝိဇ္ဇာဟာ ဘယ်လို နည်းနဲ့မှ စက်သူဌေးတစ်ယောက် မဖြစ်နိုင်ဘူးဆိုတာ သေချာသွား ပါပြီ၊ မင်းဟာ မွေးကတည်းက ဖဲထုပ်ကိုကိုင်ပြီး မွေးလာခဲ့တာ ဖြစ်မယ် "

ဟု ချီးကျူးထောပနာပြုကာ ဘိုးစံအား တောထဲမှ ကားလမ်း ဆီသို့ ပြန်လည်ပို့ဆောင်ပေးလေ၏။

ဓားပြများသည် ဘိုးစံထံမှရယူထားသော ငွေကြေးများကို လည်း ပြန်လည်ပေးအပ်လိုက်လေ၏။

◉ ◉ ◉





ဤသို့ဖြင့် ဘိုးစံသည် အနယ်နယ် အရပ်ရပ်သို့လှည့်၍ လောင်းကစားသည့်အခါ အန္တရာယ်မျိုးစုံနှင့်ကြုံတွေ့ရပြီး ဘဝ အတွေ့ အကြုံ အမျိုးမျိုးကိုလည်း စုံလင်စွာ ရရှိခဲ့လေ၏။

ဘိုးစံသည် မိမိ၏အစွမ်းကို အသုံးပြု၍ ငွေရှာလာခဲ့ရာ နှစ်အနည်းငယ်အတွင်း ကျိုကျိုတက် ချမ်းသာလာခဲ့လေ၏။ ဘိုးစံ သည် ထိုအချိန်မှစ၍ မိမိ နှစ်ပေါင်းများစွာ လက်ရှောင်ခဲ့သော ရန်ကုန်မြို့ကြီးသို့ဝင်၍ လောင်းကစားခြင်းလုပ်ငန်း လုပ်ကိုင်ရန်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်လိုက်လေ၏။

ယခင်က ရန်ကုန်မြို့၌ မိမိ၏အစွမ်းကို အသုံးပြု၍ လောင်းကစားခြင်းပြုလုပ်လျှင် လူအများရိပ်မိပြီး အန္တရာယ်နှင့် ကြုံတွေ့နိုင်သဖြင့် ရန်ကုန်မြို့ကို ရှောင်ကွင်းနေခဲ့၏။

ထိုစဉ်က ရန်ကုန်မြို့ကြီးသည် အရှေ့တောင်အာရှ၌ အစည်ကားဆုံး၊ အလှပဆုံးမြို့တစ်မြို့ဖြစ်ပြီး တရုတ်တန်းရှိ ဟိုတယ်ကြီးများ၌ လောင်းကစားဝိုင်းအမျိုးမျိုး စုံလင်အောင်ရှိကြ၏။

ထိုခေတ်သည် ဗြိတိသျှကိုလိုနီခေတ်ဖြစ်သဖြင့် လူကုံထံတို့၏ လောင်းကစားခြင်းအလုပ်ကို အားပေးအားမြှောက်ပြုလေ၏။

ရန်ကုန်မြို့ကြီး၌ လောင်းကစားဝိုင်းများသာမက မြင်းပြိုင်ပွဲများလည်း ရှိ၏။ မြင်းပြိုင်ပွဲများ၌ ဗြိတိသျှကိုလိုနီနိုင်ငံများကဲ့သို့ လောင်းကစားဒိုင်များ အကြီးအကျယ် ပြုလုပ်၏။

ရန်ကုန်မြို့ကြီး၌ လောင်းကစားဝိုင်းများ စုံလင်လှသဖြင့် အာရှတိုက်မှ သူဌေးသူကြွယ်များပင် လာရောက်ပြီး လောင်းကစားလေ့ရှိ၏။





ဘိုးစံသည် မိမိ၏အတွေ့အကြုံအရ အချိန်တန်ပြီဟု ယူဆကာ ရန်ကုန်မြို့ လောင်းကစားဝိုင်းများသို့ ဝင်ရောက်ခဲ့လေ၏။

● ● ●



www.burmeseclassic.com

www.burmeseclassic.com



ဘိုးစံသည် တရုတ်တန်းရှိ အစမ်းနားဆုံး ဟိုတယ်ကြီး

လန်ချားငှားကာ သွားရောက်ခဲ့၏။ ထိုနေ့သည် စနေနေ့ဖြစ်သ

ဟိုတယ်ကြီးများ၌ ပိုမိုစည်ကားနေလေ၏။

တရုတ်ဟိုတယ်ကြီးများ၌ လေးကောင်ဂျင်၊ မာကျော

ပါတန်နှင့် လွန်စွာကြေးကြီး၍ သူဌေးသူကြွယ်များပင် ကစား

ရှိသော ကာစီနိုကစားဝိုင်းများရှိ၏။

ဘိုးစံ ဟိုတယ်အတွင်းသို့ ဝင်ရောက်သွားသောအခါ ညွှ

လှုငယ်အား လောင်းကစားချင်ကြောင်း ပြောလေ၏။





ထိုအခါ လှုငယ်က ရိုကျိုးသောအမူအရာဖြင့် ခါးကိုညွတ်

ကာ

" လူကြီးမင်း ကျွန်တော်နဲ့ အပေါ်ထပ်ကို လိုက်ခဲ့ပါ"

ဟု ခေါ်လေ၏။

အောက်ဆုံးထပ်၌ စားသောက်ဖွယ်ရာများကို ရောင်းချပြီး

စားသောက်သူများနှင့် စည်စည်ကားကားရှိနေ၏။

ဘိုးစံ အပေါ်ထပ်သို့ရောက်လျှင် ညွှန်ကြားလှုငယ်က ကစား

ဝိုင်းများကို ညွှန်ပြပေးလေ၏။

ညွှန်ကြားလှုငယ်သည် ဘိုးစံအား အလွန်ကြေးကြီးသော

ကာစီနိုကစားဝိုင်းများကို အပေါ်ဆုံးထပ်၌ ကျင်းပကြောင်း ကာစီနို

ဝိုင်းများ၏ စတင်ချိန်မှာ ည (၇) နာရီဖြစ်ကြောင်း ပြောလေ၏။

ဘိုးစံသည် ဘိလပ်ရည်တစ်ပုလင်းကို မှာယူ၍သောက်ရင်း

တရုတ်လှုငယ်အား

" ငါက ကာစီနိုကစားချင်တာကွ၊ ကာစီနိုက ညမှပဲရှိတယ်

ဆိုတော့ ညရောက်မှ ပြန်လာတော့မယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ တရုတ်လူငယ်သည် ကာစီနိုကစားမည် ဆိုသဖြင့် လွန်စွာ အထင်ကြီးသွားလေ၏။

ကာစီနိုဝိုင်းများသို့ တော်တန်ရုံငွေကြေးရှိသူများ မကပ်ရဲ ချေ။ ဘိုးစံသည် တရုတ်တန်းရှိ ထင်ရှားသော ဟိုတယ်ကြီးများ တစ်လုံးပြီးတစ်လုံးဆက်၍ကြည့်လေရာ လောင်းကစားဝိုင်းများ၌ မြန်မာလူမျိုးများသာမက တိုင်းရင်းသားများနှင့် နိုင်ငံခြားသားများ လာရောက်ကစားကြကြောင်း တွေ့ရ၏။

ဘိုးစံသည် ညသို့ရောက်သောအခါ ဟိုတယ်ကြီးသို့ ရောက် ခဲ့ပြီး မဟော်ဂနီရောင် တဖိတ်ဖိတ်တောက်ပနေသော လှေကားကြီး ကို နင်း၍ အပေါ်ဆုံးထပ်သို့ တက်ခဲ့လေ၏။

အပေါ်ထပ်သို့ရောက်သောအခါ ငွေကြေးလဲလှယ်သောနေရာ သို့သွားပြီ ရူပီတစ်ရာတန်တစ်ရွက်ကို ငွေကိုင်အားပေးလိုက်ရာ ငွေကိုင်သည် ဘိုးစံကို လွန်စွာအထင်ကြီးသော အမူအရာဖြင့် ဦးညွှတ်ကာ ဖန်ဖြင့်ပြုလုပ်ထားသော တိုကင်ပြားလေးများကို ပြန်လည်ပေးအပ်လေ၏။





ဘိုးစံသည် တိုကင်ပြားများကို ကုတ်အင်္ကျီပါအိတ်ထဲသို့ တချွင်ချွင် မြည်အောင် ထည့်လိုက်လေ၏။ ယနေ့ည မိမိ၏အလိုလောဘကို အတတ်နိုင်ဆုံး ထိန်းချုပ်မည်ဟု ဆုံးဖြတ်ထား၏။

သူ၏ရင်ထဲတွင် လောင်းကစားရန် စိတ်အားတက်ကြွလာ၏။ ဘိုးစံသည် တရုတ်ဟိုတယ်ကြီး၏ အပေါ်ဆုံးထပ်သို့ တက် ကြည့်လေရာ ထိုအထပ်၌ ရွှေရောင်၊ ငွေရောင် တဖိတ်ဖိတ်တောက် ပနေသော လူကုံထံ ယောက်ျား မိန်းမများကို တွေ့ရလေ၏။

အပေါ်ဆုံးထပ်၌ ကာစီနိုကစားဝိုင်းသာရှိပြီး မြန်မာလူမျိုး များထက် တရုတ်နှင့် နိုင်ငံခြားသားများ ပိုမိုများပြားလေ၏။ ဘိုးစံ သည် စိန်ရောင်၊ ရွှေရောင် တလက်လက်တောက်ပနေသော လူကုံထံ ယောက်ျား မိန်းမများကိုကြည့်၍ ရင်ထဲတွင် မနှစ်မြို့သလို ခံစား ရလေ၏။

သူသည် ယခင်က လူကုံထံများကို လွန်စွာအထင်ကြီးပြီး နိမ့်ကျိုးသောစိတ်ဓာတ်ပင်ရှိ၏။

ယခုနောက်ပိုင်း ထူးဆန်းသောကျင့်စဉ်များကို ကျင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် ယခင်ကကဲ့သို့ လှုကိုထံများကို အသားလွတ် အထင်ကြီး သော စိတ်ဓာတ်များ ပျောက်ကွယ်သွားလေ၏။

လှုကိုထံတိုင်း အထင်ကြီးစရာမဟုတ်ဟု ယူဆခဲ့လေ၏ အချို့သော လှုကိုထံများသည် အလွန်စိတ်ဓာတ်ညံ့ဖျင်းပြီး အောက် တန်းကျလှကြောင်း သတိပြုမိ၏။

ဘိုးစံသည် ကစားဝိုင်း၏အရှေ့၌ ရပ်၍ကြည့်နေမိ၏။ ရှည် လျားသော အစိမ်းရောင်စားပွဲပေါ်၌ လှုများသည် ဖန်ပြားကလေးများ ကို စုပြုံတင်ထား၏။

၄င်းတို့အားလုံး၏အာရုံသည် စားပွဲပေါ်ရှိ အဖြူရောင် ဘောလုံးလေး မည်သည့်ဂဏန်းခွက်ထဲသို့ ကျမည်နည်းဟု တွေးအ နေကြ၏။

ဘိုးစံသည် စားပွဲပေါ်ရှိ အဖြူရောင်ဘောလုံးလေးကို အာ စူးစိုက်သွားမိ၏။ သူသည် အာရုံစူးစိုက်၍ မြင်ယောင်အောင်ကြည့် သော အတတ်အား နှစ်ပေါင်းများစွာ လေ့ကျင့်ထားခဲ့၏။

ဘိုးစံသည် အနီးပတ်ဝန်းကျင်ရှိ လှုများ၏ဆုညီသံ





ငြင်းခုန်သံ၊ ဆေးလိပ်နံ့နှင့် မီးခိုးငွေ့များအားလုံးကို သူ၏အာရုံထဲ တွင် မရှိတော့ဘဲ အဖြူရောင်ဘောလုံးလေးကိုသာ အာရုံပြုနေမိ၏။

ခဏကြာလျှင် စားပွဲပေါ်ရှိ (၁)မှ (၃၆) ထိ နံပါတ်များ အားလုံး ဝေဝါးသွားပြီး အာရုံထဲတွင် (၈) ဂဏန်းတစ်လုံးကိုသာ ထင်ထင်ရှားရှား ကျန်ရစ်ခဲ့၏။

၈ ဂဏန်းကို မြင်တွေ့ရန် လွန်စွာရှိးရှင်းပြီး လွယ်ကူလှ၏။ ဘိုးစံသည် အာရုံစိုက်ခြင်းကို ရပ်တန့်၍ ၈ ဂဏန်းကိုသာထိုးရန် ဆုံးဖြတ်လိုက်၏။

ထိုအခါမှသာလျှင် ကစားဝိုင်းမှ လှုများ၏ ဆူညံသံများ၊ မီးခိုးငွေ့များအားလုံး သူ၏အာရုံထဲသို့ ပြန်လည်ဝင်ရောက်လာ၏။

ဘိုးစံသည် တိုကင်ပြားတစ်ပြားကိုထုတ်၍ အစိမ်းရောင် စားပွဲပေါ်ရှိ နံပါတ် ၈ နှင့် သက်ဆိုင်သောအကွက်၌ တင်ထားလိုက်၏။

ထိုညက နံပါတ် ၈ ဂဏန်းကို အထင်တကြီးထိုးသူမှာ ဘိုးစံတစ်ယောက်တည်း ဖြစ်၏။

ဒိုင်လုပ်သူက စားပွဲကိုလှည့်လိုက်ရာ အဖြူရောင်ဘောလုံး



www.burmeseclassic.com

www.burmeseclassic.com



လေးသည် ခုန်၍ပြေးလွှားသွားလေ၏ လူအများအားလုံး၏ အာရုံသည် ဘောလုံးလေးအပေါ်၌ စူးစိုက်ထားကြ၏။

ခဏကြာလျှင် စားပွဲလည်နေရာမှ ရပ်တန့်ပြီး အဖြူရောင်ဘောလုံးလေးသည် တဖြည်းဖြည်း နှေးလာပြီး နံပါတ် ၈ ရှိရာအပေါက်သို့ ထိုးကျသွားလေ၏။

လောင်းကစားဝိုင်းတစ်ဝိုင်းလုံး ဟာခနဲဖြစ်သွားပြီး ဘိုးစံက လွဲ၍ ဒိုင်ဖြစ်သူက စားသွားလေ၏။

ပရိသတ်များသည် ၄င်းတို့၏ထင်ကြေးမှာ မှားယွင်းသွားသဖြင့် သက်ပြင်းရှည်ကြီးကို ဟင်းခနဲ ချလိုက်ကြ၏။

ဒိုင်၏အကူ လူငယ်တစ်ယောက်က ရှည်လျားသောသစ်သားပြားဖြင့် ရှုံးသူများ၏ တိုကင်ဖန်ပြားများကို ယူလိုက်၏။ ဘိုးစံ၏ တိုကင်ဖန်ပြားကို ချန်ထားကာ ဘိုးစံထိုးသောငွေ၏ (၃၆)ဆကို လျော်ပေးလိုက်၏။

ဘိုးစံသည် မိမိ၏ ပထမဦးဆုံး ကစားပွဲ၌ ငွေများ အမြောက်အမြား ရရှိလိုက်လေ၏။

စေတနာစာပေ



ဤလောင်းကစားဝိုင်းကြီးတစ်ခုလုံး၏ ငွေများကို မိမိ သိမ်းပိုက်လိုက သိမ်းပိုက်နိုင်လေပြီ။

ရန်ကုန်မြို့တော်ကြီး၏ အကြီးဆုံးလောင်းကစားဒိုင်ကြီးကို မိမိ၏ပညာစွမ်းဖြင့် အနိုင်ယူနိုင်ခဲ့၏။ ကာစီနိုကစားဝိုင်း၌ မိမိအစွမ်းရှိသမျှ အသုံးချခဲ့လျှင် ဟိုတယ်ကြီးတစ်ခုလုံး ရုတ်ရုတ်သဲသဲဖြစ်သွားနိုင်၏။

ထိုအခါ သူ၏အမည်သတင်း ချက်ချင်းကျော်ကြားသွားပြီး မည်သည့်ဟိုတယ်ကိုမျှ ဝင်ခွင့်ရတော့မည် မဟုတ်ချေ။

ထို့ကြောင့် သူ၏လောဘစိတ်ကိုထိန်း၍ ကစားရန်သာ ဆုံးဖြတ်လိုက်လေ၏။ ဘိုးစံသည် ၃၆ ဂဏန်းထိုးသောနေရာမှ မသိမသာ ခွာခဲ့ပြီး ဘလက်ဂျက်ခေါ် ၂၁ ပေါက် ကစားသော စားပွဲသို့ ကူးခဲ့၏။

ထိုစားပွဲ၌ ချောမောလှပသော မျက်နှာဖြူမိန်းမများကိုပင်မြင်တွေ့၏။ ၂၁ ပေါက် ကစားရန် ဒိုင်ဖြစ်သည် စားပွဲထိပ်၌ထိုင်ပြီး ထိုးသားများက ဒိုင်ကို ဝိုင်းရံထား၏။

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



၂၁ ပေါက် ကစားနည်းမှာ အလွန်လွယ်ကူပြီး သည်းထိတ်ရင်ဖို ကစားနည်းဖြစ်၏။

ကစားသမားများသည် မိမိ၏ဖဲချပ်မှ ဂဏန်းများကို ၂၁ပေါက်နှင့် နီးနိုင်သမျှ နီးအောင် ပေါင်းရ၏။ ကစားသူရရှိသော ဂဏန်းသည် ၂၁ ပေါက်ကျော်ပါက ရှုံးနိမ့်ပြီး ဒိုင်စားသွားလေ၏။

၂၁ ပေါက် ကစားရာ၌ ကစားသမားများ ကြုံတွေ့ရသော ပြဿနာမှာ မိမိ၏ဂဏန်းများနှင့်ပင် ကျေနပ်နေမည်လော။ နောက်တစ်ကြိမ် ဖဲတစ်ချပ်ကိုဆွဲ၍ ဂဏန်းများပေါင်းဦးမည်လောဟူ၍ ဖြစ်၏။

သို့သော် ဘိုးစံသည် ထိုပြဿနာကို မိမိ၏အစွမ်းဖြင့် ကောင်းစွာကျော်ဖြတ်နိုင်၏။

သူသည် ဒိုင်ဖြစ်သူ မိမိထံဝေမည့်ဖဲချပ်ကို ငါးစက္ကန့်အတွင်း ဖတ်ရှုနိုင်သဖြင့် ထိုဖဲချပ်ကို ယူမည် မယူမည် ဆုံးဖြတ်၍ ဒိုင်ကို လျှင်မြန်စွာ အဖြေပေးနိုင်၏။

ဘိုးစံသည် ခဏကြာအောင် ကစားပြီးနောက် ၂၁ ပေါက်





ကစားနည်းမှ ရူပီ ၃၀ မျှ အနိုင်ရခဲ့၏။ ဘိုးစံသည် တရုတ်တန်းဟိုတယ်မှ ရူပီတစ်ရာ၊ တစ်ထောင်မျှ အနိုင်လိုချင်လျှင်ပင် လွယ်လွယ်ကူကူ ရရှိနိုင်၏။

ကမ္ဘာပေါ်တွင် မိမိလောက် ငွေရှာရလွယ်ကူသူမရှိဟု ထင်မြင်မိလေ၏။ ဘိုးစံသည် ငွေလဲလှယ်သောနေရာသို့သွားပြီး တိုကင်ဖန်ပြားများနှင့် အနိုင်ရသောငွေကို သွား၍လဲလေ၏။

ငွေကိုင်စာရေးသည် ဘိုးစံအနိုင်ရကြောင်း တွေ့ရသဖြင့် ရိုကျိုးသော အမူအရာဖြင့်

" ဒီနေ့ည ကံကောင်းတဲ့အတွက် ဂုဏ်ယူပါတယ် ခင်ဗျာ"

ဟု ပြောလေ၏။

ဘိုးစံသည် ငွေကိုင်စာရေးအတွက် ငွေတစ်မူးပေးလိုက်ရာ စာရေးသည် ဘိုးစံကို အလွန်ကျေးဇူးတင်ကြောင်း ပြောလေ၏။

တရုတ်တန်းရှိ လောင်းကစားဝိုင်းများ၏ စံနှုန်းနှင့်ဆိုလျှင် ယနေ့ည ဘိုးစံအနိုင်ရသောငွေသည် သာမန်မျှသာဖြစ်၏။ ကာစီနိုနိုင်ကြီးများ၌ မျက်နှာဖြူများ၊ တရုတ်သူဌေးကြီးများ၏ လောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြေးသည် အလွန်များပြား၏။

ဘိုးစံသည် အနိုင်ရရှိသောငွေများကိုယူ၍ ဟိုတယ်ကြီးထဲမှ ထွက်ခဲ့လေ၏။ ထို့နောက် ကားတစ်စီးကိုငှားရမ်းကာ ဘုံဘေ ရက်စတော့ရင့်ကို သွားရောက်စားသောက်လေ၏။

ဘိုးစံသည် ဘုံဘေရက်စတော့ရင့်၌ စားသောက်ရင်း သူ၏ အနာဂတ်အရေးကိုတွေးပြီး လွန်စွာ စိတ်အားတက်ကြွနေမိ၏။

ရန်ကုန်မြို့တော်ကြီး၌ ယနေ့သည် ပထမဦးဆုံး ငွေရှာခဲ့ခြင်း ဖြစ်၏။ မိမိအတွက် ငွေရှာရန် လွယ်လွန်းလှပါတကား။

● ● ●





ဘိုးစံသည် တစ်ကိုယ်တည်း ညစာစားသောက်ရင်း အထီးကျန်နိုင်လှသော ဘဝကို သတိပြုမိ၏။

မိမိသည် ချမ်းသာကြွယ်ဝသော်လည်း အခြွေအရံ အသင်းအပင်း နည်းပါးလှ၏။ မိမိ၏ လျှို့ဝှက်ကျင့်စဉ်နှင့် လောင်းကစားခြင်းတို့ကို လူသိမှာစိုးသဖြင့် အထီးကျန်နေထိုင်ရ၏။

လောင်းကစားခိုင်များ၌ ငွေရှာသည့်အလုပ်ကို မည်သူ့ကိုမျှ အသိပေး၍မဖြစ်ချေ။ ထိုကိစ္စပေါက်ကြားသွားလျှင် မိမိနှစ်ပေါင်းများ



www.burmeseclassic.com

www.burmeseclassic.com



ရွာ ကြိုးပမ်းလေ့လာခဲ့သမျှ ရေစုန်မျောရပေမည်။

ဘိုးစံသည် ညစာကို တစ်ကိုယ်တည်းစားသောက်၍ အိမ်သို့ ပြန်ခဲ့၏။ ဘိုးစံသည် ရန်ကုန်မြို့ကြီး၌ အတန်ကြာသည်အထိ လောင်းကစားခြင်းပြုလုပ်နေလေ၏။ ငွေများလည်း အဆမတန် ရရှိလိုက်လေ၏။

တစ်နေ့သ၌ သူ၏လောင်းကစားမိတ်ဆွေတစ်ယောက်မှ တစ်ဆင့် ကော့သောင်းဘက်၌ လောင်းကစားဝိုင်းများ အလွန်စည်ကားကြောင်း ကြားရ၏။

ဘိုးစံသည် ကော့သောင်းသို့ ရေလမ်းခရီးဖြင့် သွားရန် ဆုံးဖြတ်လိုက်၏။ သူသည် စက်လှေတစ်စီးကို အခကြေးငွေပေး၍ လိုက်ခဲ့၏။

ဘိုးစံသည် ကော့သောင်းသို့မရောက်မီ မုန်တိုင်းနှင့် ကြုံ တွေ့လိုက်ရ၏။ ပြင်းထန်သော မုန်တိုင်းကြောင့် ၎င်းတို့၏စက်လှေ ကလေး လှိုင်းထဲ၌ လိမ့်နေလေ၏။

ဘိုးစံသည် ပင်လယ်ပြင်၌ မုန်တိုင်းထန်ခြင်းကို မကြုံ





သဖြင့် တုန်လှုပ်ချောက်ချားသွားလေ၏။

သို့သော် စက်လှေပေါ်တွင် လိုက်ပါလာသော လူများနှင့် ယှဉ်လျှင် များစွာတည်ငြိမ်အေးချမ်းနေလေ၏။ မကြာမီ လေပြင်းများ တိုက်ခတ်ခြင်း ပိုမိုပြင်းထန်လာပြီး တစ်ချိန်တွင် သင်္ဘောသည် တစ်ဖက်သို့စောင်း၍ ပင်လယ်ထဲသို့ နစ်သွားလေ၏။

ဘိုးစံသည် သင်္ဘောနစ်ကြောင်း သိရှိသောအခါ သတိကြီးစွာ ထား၍ သင်္ဘောပေါ်ရှိ ပျဉ်ပြားကြီးတစ်ချပ်ကိုဖက်၍ ပင်လယ်ထဲသို့ မျောပါသွားလေ၏။

ဘိုးစံသည် ရေထဲ၌ ကြိုးစားကူးခတ်ရင်း ကြိုးတစ်ချောင်း ကို တွေ့၍ မိမိကိုယ်ခန္ဓာနှင့် ပျဉ်ပြားကို ချည်နှောင်လိုက်လေ၏။ ဘိုးစံသည် ပင်လယ်ထဲ၌ သုံးရက်ခန့် ကူးခတ်ပြီး မေ့မြောသွားလေ၏။

ဘိုးစံသည် ကံကောင်းထောက်မစွာဖြင့် မြိတ်ကျွန်းစုအတွင်း ရှိ ကျွန်းတစ်ကျွန်း၌ သွား၍တင်လေ၏။ ဘိုးစံသတိရလာသောအခါ အမည်မသိ ကျွန်းတစ်ခုပေါ်သို့ ရောက်ရှိနေကြောင်း သိရ၏။

ဘိုးစံသည် ကျွန်းအနှံ့ လိုက်လံကြည့်ရှုသောအခါ ဆက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ဆို၍ တစ်ဦးတစ်ယောက်မျှမရှိကြောင်း တွေ့ရ၏။

သူသည် ကျွန်းပေါ်၌ ဘဝရပ်တည်ရေးအတွက် ကြိုးပမ်းရလေတော့၏။ ကျွန်းပေါ်၌ ငှက်ပျောပင်များနှင့် အခြားသော သီးပင်စားပင် အနည်းငယ်ကို တွေ့ရှိလေ၏။

ဘိုးစံသည် စားဝတ်နေရေးအတွက် ကြိုးပမ်းရှာဖွေရင်း မိမိ၏ထူးခြားဆန်းကြယ်သောအစွမ်းကို ဆင်ခြင်မိလေ၏။ သူသည် လူထူးလူဆန်း ရှန်ကာရ၏မှတ်တမ်းကို ဖတ်ရှုပြီး ထိုအစွမ်းမျိုးကို ရလိုစောဖြင့် ပင်ပန်းကြီးစွာ ကြိုးစားလေ့ကျင့်ခဲ့၏။

သူ၏ခွဲ လုံ့လ ဝီရိယဖြင့် ကြိုးပမ်းအားထုတ်မှုကြောင့် ထူးခြားဆန်းကြယ်သောအစွမ်းကို ပိုင်ဆိုင်ခဲ့၏။ ထိုအစွမ်းကို အသုံးပြု၍ လောင်းကစားဝိုင်းများ၌ ငွေကြေးအမြောက်အမြား ရှာဖွေနိုင်ခဲ့၏။

မိမိကိုယ်မိမိ ကမ္ဘာပေါ်တွင် ငွေရှာရ အလွယ်ဆုံး လူတစ်ယောက်ဟူ၍ပင် ထင်မြင်ခဲ့၏။ ယခု လူသူမရှိသော ကျွန်းပေါ်၌ မိမိ လေ့ကျင့်ထားသော. ပညာရပ်သည် မည်သို့မျှ အသုံးမဝင်နိုင်တော့ချေ။

မိမိရှာဖွေထားသော မြောက်မြားသော ငွေများလည်း





အချည်းနှီး ဖြစ်သွားချေပြီ။ ယခု မိမိရောက်နေသော ကျွန်းပေါ်၌ ငွေစက္ကူတစ်ရွက်သည် သစ်သီးတစ်လုံးမျှပင် အသုံးမဝင်ချေ။

ဘိုးစံသည် ကျွန်း၌ တစ်ကိုယ်တည်း အထွေးနယ်ရှဲ့သည့်အခါတိုင်း ထိုအကြောင်းများကိုသာ တဖန်ဖန် တလဲလဲ ဆင်ခြင်နေမိ၏။

ထိုအချိန်မှစ၍ သူ၏ဘဝ၌ အတွေးသစ် အမြင်သစ်များကို ရရှိခဲ့လေ၏။ ဘဝဟူသည် ရေပွက်ပမာ တိုတောင်းလှ၏။ ယခင်က မိမိဘဝကိုသာ ဘဝဟု ထင်မြင်ခဲ့၏။

ဘဝဟူသည် အလွန်နိုင်မာသည်ဟုလည်း အထင်ရှိ၏။ ထိုသော် ပင်လယ်ပြင်တွင် မုန်တိုင်းထန်လိုက်သည်နှင့် မိမိ၏အိပ်မက်များ အရည်ပျော်ကျသွား၏။

မိမိ ပင်ပန်းကြီးစွာ လေ့ကျင့်ထားသမျှ အလကားဖြစ်သွားချေပြီ။ စည်းစိမ်ချမ်းသာများရရှိလျှင် ထိုအရာများကို ခံစားပြီး ပျော်ချင်တိုင်း ပျော်လိုက်မည်ဟု ရည်မှန်း၏။

ယခု မိမိ၏အပျော်များ ဘယ်ရောက်ကုန်သနည်း။ ကျွန်းပေါ်၌ ငွေကြေးချမ်းသာဟူသည် မည်သို့မျှ အသုံးမဝင်တော့။ မိမိ၏



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ချက် အိပ်မက်များအားလုံးကို မမျှော်လင့်သော မုန်တိုင်း တစ်ခုက ဖျက်ဆီးလိုက်၏။

ဘိုးစံသည် ဘဝဆိုတာ ရေပွက်ပမာဟူသော စကားကို ယခင်က အကြိမ်ကြိမ်ကြားနာဖူး၏။ သို့သော် ထိုစကားကို သူ၏ နှလုံးသားမှ နှစ်နှစ်ကာကာ လက်ခံခြင်းမရှိ။

ယခု ပင်လယ်ထဲ၌ လက်တွေ့ဒုက္ခရောက်သောအခါမှပင် လောကမှာ ဘယ်အရာမှမမြဲပါလားဟု ယူဆလိုက်၏။ သူသည် ဒုက္ခထဲမှ သုခကို ရှာတွေ့လိုက်သလို ဖြစ်သွား၏။

ထိုအချိန်မှစ၍ မိမိကိုယ်ကျိုးအတွက် လောဘဇောဖြင့် ရယူလိုစိတ်များ မရှိတော့။ စည်းစိမ်ချမ်းသာများရရှိ၍ ပျော်မည် ဆိုလျှင် မည်မျှပျော်နိုင်မည်နည်း။ ထိုအရာများ ရိုးအီသွားသောအခါ လောကမှာ နေချင်စိတ်ပျောက်သွားနိုင်၏။

တောင်မြင့်ကြီးတစ်လုံးပေါ်သို့တက်ကြည့်သော ကလေးငယ် တစ်ဦးသည် တောင်ပေါ်သို့ ပင်ပင်ပန်းပန်းတက်ပြီးကာမှ အပေါ်က ကြည့်တော့လည်း ဘာမှမဟုတ်ပါလား၊ အံ့ဩစရာမရှိပါလားဟု





တွေးတောမိသလို ဖြစ်လိမ့်မည်။

ဘိုးစံသည် ထိုအချိန်မှစ၍ ငွေကြေးဥစ္စာ ရယူချင်စိတ်များ ပျောက်သွားလေ၏။ သူသည် ကျွန်းပေါ်၌ ဘေးဒုက္ခအပေါင်းနှင့် သေဆုံးရမည်ကိုပင် မကြောက်ဘဲ အေးချမ်းစွာ နေထိုင်ခဲ့၏။

ဘိုးစံ ကျွန်း၌နေထိုင်ပြီး သုံးလခန့်အကြာ ကျွန်းအနီးသို့ ဖြတ်သွားသော တံငါသည်တစ်ဦး၏လှေကို မြင်ရ၏။

ဘိုးစံသည် ကုန်းမြင့်ပေါ်ရှိ မိမိအသင့်ပြင်ထားသော မီးဖိုကို မီးရှို့လိုက်လေ၏။ တံငါသည် အဘိုးအိုသည် လူမရှိသောကျွန်းမှ မီးရောင်ကို မြင်ရသဖြင့် ဘိုးစံကို လာရောက်ကယ်ဆယ်လေ၏။

ဘိုးစံသည် အဘိုးအိုကို ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် မိမိ၌ ပါသမျှငွေများကို ပေးအပ်လိုက်၏။

ဘိုးစံသည် လောဘစိတ်များမရှိတော့သဖြင့် လောင်းကစား ခြင်းအလုပ်ကို မလုပ်တော့ဘဲ ရန်ကုန်မြို့သို့ ပြန်လာခဲ့၏။သူ၏ အနာဂတ်အိပ်မက်များ ပြောင်းလဲသွားခဲ့၏။

သူသည် ကံကောင်းထောက်မလွန်း၍ သေကံမရောက်၊



www.burmeseclassic.com

www.burmeseclassic.com



သက်မပျောက်ခဲ့ခြင်း ဖြစ်၏။ သို့သော် ကျွန်းပေါ်၌ အနာဂတ်မဲ့ နေထိုင်ခဲ့သဖြင့် မိမိဘဝကို လေးနက်စွာ သုံးသပ်ခွင့်ရသွား၏။

ဘိုးစံသည် ပါရမီကောင်းသူတစ်ဦးဖြစ်သဖြင့် ဘဝ၏ မတည်မြဲသောသဘောကို ရိပ်စားမိသွား၏။ ထိုအချိန်မှစ၍ ငွေဆိုသည်မှာ သူ့အတွက်လိုအပ်သည်ထက်ပိုပြီး မလိုချင်တော့ချေ။

လူ့ဘဝ၌နေထိုင်လျှင် ထိုက်သင့်သလောက်သာ ငွေရှိဖို့လိုသည်ဟု ယူဆ၏။ လက်ထဲ၌ ငွေများများရှိလေ ပင်ပန်းလေဖြစ်၏။

ဘဝဟူသည် မည်မျှတည်မြဲသည် မတည်မြဲသည်ကို သူ အသိဆုံးဖြစ်ခဲ့၏။ မိမိ၌ရှိသော ငွေများအားလုံးကို အကျိုးရှိရာနေရာ၌ အသုံးချရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် လောင်းကစားခြင်းမှရရှိသောငွေများကို မတ္တစင် ဘဏ်မှ ထုတ်ယူ၍ မြန်မာပြည်အရပ်ရပ်ရှိ မိဘမဲ့ကျောင်းများ၊ ဆေးရုံများ၊ စာကြည့်တိုက်များနှင့် အခြားသော ပရဟိတလုပ်ငန်းများ၌ လှူဒါန်းလိုက်လေ၏။

ထိုသို့လှူဒါန်းပြီးနောက် ဘိုးစံ၏ရင်ထဲတွင် အလွန်ထူးခြား





သော ခံစားမှုတစ်ခု ဖြစ်ပေါ်လာလေ၏။ ထိုခံစားမှုမှာ ဘိုးစံ၏ တစ်သက်၌ တစ်ကြိမ်တစ်ခါမှ မကြုံတွေ့ဖူးသော ငြိမ်းအေးမှုပင် ဖြစ်၏။

● ● ●



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ဘိုးစံသည် အထက်မြန်မာပြည်ဘက်ရှိ ရွာကြီးတစ်ရွာ၏အနီးရှိ ဇရပ်၌ နားခိုနေလေ၏။

ဘိုးစံသည် ရွာစဉ်လှည့်၍ ရွာများအတွက် လိုအပ်သော ရေတွင်းများကို တူးဖော်ခြင်း၊ တံတားဆောက်ခြင်းတို့ကို ပြုလုပ်ပေးနေ၏။

ဘိုးစံသည် ဇရပ်၌ နားခိုနေစဉ် ဇရပ်နှင့် မလှမ်းမကမ်းရှိ လှည်းလမ်းမှဖြတ်သန်းသွားသော ချူသံတလွင်လွင်နှင့် ချစ်တီးလှည်းတစ်စီးကို မြင်ရ၏။

စေတနာစာပေ



လှည်းနှစ်စီးအနက် အနောက်ဘက်မှလိုက်ပါလာသော လှည်းပေါ်၌ ဝတ်ကောင်းစားလှများဝတ်ဆင်ပြီး ငိုယိုလိုက်ပါသွားသော မိန်းမလှလေးတစ်ယောက်ကို မြင်လေ၏။

ထိုမိန်းကလေးကို ချစ်တီးများ ကြွေးနှင့်သိမ်းလိုက်လေသလား။ ဘိုးစံသည် မိန်းကလေးကို ကယ်တင်လိုသောကြောင့် ရွာထဲသို့ သွားရောက်စုံစမ်းလေ၏။

ထိုအခါ မိမိထင်သည့်အတိုင်းပင် မိန်းမပျိုအား ချစ်တီးများက ကြွေးနှင့်သိမ်းယူသွားကြောင်း သိရ၏။

မိန်းကလေး၏မိဘများသည် အသက်အရွယ် ကြီးရင့်လှပြီဖြစ်၏။ ချစ်တီးသူဌေးသည် မိန်းကလေးအား အိမ်စေလုပ်ကိုင်ရန် ခေါ်ဆောင်သွားသည် ဆို၏။

ချစ်တီးသူဌေးသည် မိန်းကလေးအား မကြာမီ ခြေတော်တင်မှာ သေချာ၏။ ဘိုးစံသည် မိန်းကလေး၏ဘဝကို ကယ်တင်ပေးရန် ဆုံးဖြတ်လိုက်ပြီး အဘိုးအိုနှင့် အဘွားအိုကိုခေါ်ကာ မြို့ပေါ်ရှိ ချစ်တီးတိုက်သို့ ရောက်လေ၏။

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ချစ်တီးသူဌေးသည် မမျှော်လင့်ဘဲ ကယ်တင်ရှင်ပေါ်ပေါက်လာ၍ အံ့သြသွားလေ၏။ ဘိုးစံက မိန်းကလေးအတွက် ငွေများကို စိုက်ထုတ်ပေးမည်ဆိုသောအခါ ချစ်တီးက မတတ်သာဘဲ အလျှော့ပေးလိုက်ရလေ၏။

မိန်းကလေး၏မိဘများသည် ချစ်တီးလက်မှ သမီးပျိုလေး ပြန်လွတ်လာသဖြင့် အလွန်ပျော်ကြ၏။

ဘိုးစံကိုလည်း ကယ်တင်ရှင်ကြီးတစ်ယောက်နှယ် သဘောထား၏။ မိန်းကလေး၏အမည်မှာ မမြနှယ်ဟု သိရ၏။

ထိုအခါမှပင် ဘိုးစံသည် မမြနှယ်ကို အသေအချာ ကြည့်မိ၏။ မိန်းကလေး၏ အသားအရည်မှာ ဖြူစင်ဝင်းပနေပြီး သိမ်သောခါးနှင့် စွင့်ကားသောတင် ရှိ၏။

သူမ၏မျက်လုံးများ ဝိုင်းစက်ကြည်လင်နေပြီး ရှည်လျား သောဆံပင်များရှိ၏။ သူမ၏ကိုယ်လုံးသည် အလွန်ကြည့်ကောင်း ပြီး စွဲမက်ဖွယ်အတိ ဖြစ်၏။

ဘိုးစံသည် မမြနှယ်ကိုကြည့်ပြီး သူ၏တစ်သက်တွင် တစ်ကြိမ်မျှ မခံစားဖူးသော ခံစားမှုမျိုးကို ကြုံတွေ့ရ၏။ ထိုအရာသည် အချစ်ပင် ဖြစ်လေသလား မသိ။





ဘိုးစံသည် အရင်က လျှို့ဝှက်စွာနေထိုင်ပြီး လောဘစိတ်ဖြင့် ငွေများကို သိမ်းကြုံးရာခဲ့၏။

ထိုစဉ်က မိန်းမများကို မြင်တွေ့ရသော်လည်း ဘဝရည်မှန်းချက်ကို ပျက်မှာစိုး၍ မြိုသိပ်ထားရ၏။ ယခုတော့ မမြနှယ်ကို မြင်သည်နှင့် ရင်ထဲတွင် လှိုက်ဖိုလာ၏။

သူ၏ဘဝ တည်တည်ငြိမ်ငြိမ်ဖြင့် တစ်အိုးတစ်အိမ် ထူထောင်ဖို့ သင့်နေချေပြီ။ ဘိုးစံသည် မမြနှယ်တို့ ရွာကလေး၌ သောင်တင်ခဲ့၏။

အသက်အရွယ်ကြီးရင့်ရှာသော မမြနှယ်၏ မိဘနှစ်ပါးအတွက် ကူညီထောက်ပံ့ပေးခဲ့၏။

ဘိုးစံသည် မမြနှယ်ကို ချစ်ရေးဆိုလိုက်ရာ မမြနှယ်ကလည်း မငြင်းဘဲ မတွန့်တိုပြန်၏။ ဘိုးစံသည် မမြနှယ်၏မိဘများကို တောင်းရမ်း၍ သူမကို လက်ထပ်ယူခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မမြနွယ်သည် ဘိုးစံနှင့်အတူ သျှောင်နောက် ဆံထုံးပါခဲ့လေ၏။ ဘိုးစံသည် မမြနွယ်နှင့်ပေါင်းရင်း မိမိပိုင်ငွေများကို ပရဟိတလုပ်ငန်းများသို့ တဖွဲဖွဲလှူဒါန်းနေလေ၏။

● ● ●





တစ်နေ့သည့် ဘိုးစံ၏အိမ်၌ လွန်စွာထူးဆန်းသော မီးလောင်မှုတစ်မှု ဖြစ်ပွားခဲ့၏။ မီးလောင်မှုကို ထူးဆန်းသည်ဆိုရခြင်းမှာ ဘိုးစံ ရှိသေစွာ သိမ်းဆည်းထားသော ရှန်ကာရ၏မှတ်တမ်းသည် အလိုအလျောက် မီးလောင်ပြာကျသွားလေ၏။

ဘိုးစံသည် ရှန်ကာရ၏မှတ်တမ်းကို ယွန်းသေတ္တာထဲတွင် ထည့်၍ ရှိသေစွာ သိမ်းဆည်းထား၏။

မှတ်တမ်းတင်ထားသော ယွန်းသေတ္တာသည် အလိုအလျောက် မီးလောင်ကျွမ်းသွားလေ၏။ ဘိုးစံသည် မီးလောင်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ကို အချိန်မီသိရှိ၍ ငြိမ်းသတ်လိုက်ရာ အိမ်သို့ကူးစက်လောင်ကျွမ်းခြင်း မရှိချေ။

ဘိုးစံသည် ရှန်ကာရ၏မှတ်တမ်း မီးလောင်ခြင်းကို စဉ်းစားမရဘဲ ရှိနေ၏။ ရှန်ကာရ၏မှတ်တမ်းကို မမျှော်လင့်ဘဲ မိန်းမလျာကြီး ညမွှေးပန်းထံမှ ရရှိခဲ့၏။

ယခု ထိုမှတ်တမ်းကြီးသည် ထူးဆန်းစွာပင် မီးလောင်ပျက်စီးသွားချေပြီ။ ထို့နောက် ညမွှေးပန်းနှင့်ပတ်သက်သော သတင်းကို သိချင်စိတ်ကြောင့် တောင်ပြုန်းသို့ ထွက်ခဲ့၏။

● ● ●



မမြနွယ်သည် တောင်ပြုံးပွဲတော်သို့ ရောက်မှုးချင်သည်ဆိုကာ
နှင့်အတူ လိုက်လာ၏။ ဘိုးစံသည် တောင်ပြုန်းသို့ရောက်သော
ညမွှေးပန်း၏သတင်းကို စုံစမ်းလေရာ လွန်ခဲ့သောရက်
ယ်ကပင် ညမွှေးပန်း ကွယ်လွန်ခဲ့ကြောင်း သိရ၏။

ဘိုးစံသည် ဝိုမိုစိတ်ဝင်စားပြီး ညမွှေးပန်းသေဆုံးသည့်
အချိန်ကိုပါ စုံစမ်းလေရာ လွန်စွာထူးဆန်းသော တိုက်ဆိုင်
ကို ကြုံတွေ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုတိုက်ဆိုင်မှုမှာ ညမွှေးပန်း သေဆုံးသော နေ့ရက်၊ အချိန် တို့သည် ဘိုးစံ၏လက်ဝယ်ရှိသော ရှန်ကာရ၏မှတ်တမ်း မီးလောင် သော နေ့ရက်၊ အချိန်နှင့် တိတိကျကျ တူညီနေလေ၏။

ဘိုးစံသည် သာမန်လူတို့ ဖြေရှင်းနိုင်ခဲလှသော တိုက်ဆိုင်မှု ကြီးကို မိမိ၏ကိုယ်ပိုင်ဉာဏ်ဖြင့် မဆင်ခြင်နိုင်၍ လက်လျှော့လိုက် ရလေ၏။

ဘိုးစံသည် ရှန်ကာရ၏မှတ်တမ်းကြီး မီးလောင်ပျက်စီးသွား ပြီးနောက် ထူးဆန်းလျှို့ဝှက်သော ကျင့်စဉ်များ ကမ္ဘာ့ပေါ်တွင် ကွယ်ပျောက်သွားမှာ စိုးရိမ်သဖြင့် မိမိဘဝမှတ်တမ်းကြီး ရေးသား ဆုံးဖြတ်လိုက်၏။

ထိုအချိန်မှစ၍ သားရေဖုံးစာအုပ်ကြီးတစ်အုပ်ကို ဝယ်ယူ မိမိဘဝမှတ်တမ်းကို စီကာပတ်ကုံး ရေးသားခဲ့၏။

သူသည် မှတ်တမ်းကြီးကို တစ်နေ့ပြီးတစ်နေ့ သတိ သလောက် ကြိုးပမ်း၍ ရေးသားခဲ့၏။ ဘိုးစံသည် မဏ္ဍပ်ဘဏ် ရှိသော ငွေများကို တဖြည်းဖြည်းထုတ်၍ ရက်ရက်ရောရော လှူဒါ





နေလေ၏။

ထိုသို့ မြန်မာပြည်အနှံ့လှည့်လည်လှူဒါန်းသောအခါ မမြနွယ် သည် အစပိုင်း၌ ဘိုးစံအနောက်သို့လိုက်ခဲ့သော်လည်း နောက်ပိုင်း၌ ခရီးပန်းသည်ဆိုကာ မလိုက်တော့ချေ။

ဘိုးစံသည် မမြနွယ်ကို မြတ်နိုးသူဖြစ်သဖြင့် မလိုက်ခြင်း ကို အပြစ်မမြင်ခဲ့ချေ။ မမြနွယ်သည် ဘိုးစံ မြန်မာပြည်အနှံ့လှည့်လည် ၍ အလှူဒါနလုပ်နေချိန်၌ အားလပ်၍နေလေ၏။

ထိုသို့အားလပ်နေရာ၌ မကောင်းသော အပေါင်းအဖော်များ နှင့် တွေ့ပြီး ဖဲရိုက်တတ်စပြုလေ၏။ ဖဲဝိုင်းကို အငြိမ်မင်းသမီး ဟောင်း တစ်ယောက်၏ နေအိမ်၌ ပြုလုပ်လေ၏။

မမြနွယ်သည် ထိုအိမ်သို့ မကြာခဏသွား၍ ဖဲကစားနေလေ့ ရှိ၏။ ထိုသို့ဖဲကစားသောအခါ ဖဲဝိုင်းကို ပုလိပ်များ ဝင်ဖမ်းသဖြင့် ဘိုးစံသည် မမြနွယ်အတွက် အရှက်ရခဲ့၏။

ဘိုးစံသည် ထိုအချိန်မှစ၍ မမြနွယ်ကို အိမ်ပြင်သို့မထွက်ရန် တစ်ချက်လွှတ် အမိန့်ထုတ်ခဲ့လေ၏။ ၊



www.burmeseclassic.com

www.burmeseclassic.com



ဘိုးစံသည် မြန်မာပြည်အနှံ့လှည့်လည်လှူဒါန်းရင်း ဟသ်ာတနယ်ဘက်ရှိ ဆင်းရဲနွမ်းပါးသော မိသားစုမှ မောင်ဘတင့် ဆိုသော လူငယ်တစ်ယောက်အား ကောလိပ်ကျောင်းထားပေးရန် ရန်ကုန်မြို့သို့ ခေါ်ဆောင်ခဲ့လေ၏။

မမြနွယ်သည် မောင်ဘတင့်ကို အိမ်သို့ခေါ်ဆောင်လာခြင်းအား မနှစ်မြို့ဟန်ဖြင့်

" အိမ်မှာ လူပိုတစ်ယောက်ရှိတာ မကောင်းဘူး၊ နွယ်တော့ မောင်ဘတင့်ကို သိပ်မုန်းတာပဲ "

ဟု ပြောလေ၏။ ဘိုးစံက သက်ပြင်းချ၍

" မောင်ဘတင့်က အတော်ရိုးတဲ့ နွယ်ရဲ့၊ သူ့ကို လော ...ဘဆယ် အိမ်မှာပဲထားတာကောင်းမယ် "

ဟု ပြောလေ၏။ မမြနွယ်သည် ဘိုးစံ၏စကားကြောင့် ...က်နှာရှုံ့မဲ့၍

" နွယ်တော့ မောင်ဘတင့်ရုပ်ကိုမြင်ကတည်းက သဘော မကျဘူး၊ သူ့ရုပ်က အတော်အကျည်းတန်တယ် "





ဟု ပြောလေ၏။ ဘိုးစံက ရယ်မော၍

" အကျည်းတန်တာ အရေးမကြီးပါဘူး နွယ်၊ လူတစ်ယောက်မှာ ရိုးဖြောင့်တဲ့စိတ်ဓာတ်ရှိဖို့ အဓိကပါ၊ မောင်ဘတင့်ဟာ ဆင်းရဲနွမ်းပါးပြီး ပညာကြိုးစားချင်တဲ့စိတ် ရှိတယ်၊ ရိုးသားဖြောင့် မတ်မှုလည်း ရှိတယ်၊ ဒါကြောင့် သူ့ကိုကူညီချင်လို့ ရန်ကုန်ကို ခေါ်လာခဲ့တာပါ "

ဟု ပြောလေ၏။

မမြနွယ်သည် မောင်ဘတင့်ကို သဘောကျဟန်မရှိဘဲ အဆင့်အတန်းခွဲခြားပြီး ဆက်ဆံလေ၏။

မမြနွယ်သည် ရန်ကုန်မြို့ လူကုံထံလောက၌ ဝင်ဆံ့ပြီး မိမိ၏ ဆင်းရဲနွမ်းပါးသောဘဝကို မေ့လျော့နေလေပြီ။ ဘိုးစံသည် မမြနွယ်ကို ချစ်လွန်းလှ၍ ရွှေပေါ်မြှောက်တင်ထား၏။

ဘိုးစံသည် မတ္တာစေ့ဘဏ်မှ ငွေများကိုထုတ်၍ လှူဒါန်းနေလေ၏။ ထိုသို့လှူဒါန်းရာ၌ ပကာသနမဖြစ်စေရန် မိမိ၏အမည်ကို အတတ်နိုင်ဆုံး လျှို့ဝှက်ပြီး လှူဒါန်းခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဘိုးစံသည် မြန်မာပြည်ရှိ အလှူတန်းဆုံး ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သော်လည်း လူသိရှင်ကြား မဖြစ်ခဲ့ချေ။ ဘိုးစံသည် မောင်ဘတင့်ကို ကောလိပ်ကျောင်း၌ ပညာသင်ကြားစေခဲ့၏။

မောင်ဘတင့်သည် မမြနွယ်၏ လူတန်းစားခွဲခြားသော ဆက်ဆံရေးကို ခံနိုင်ဟန်မရှိတော့ချေ။ ထို့ကြောင့် မောင်ဘတင့် အဆောင်မှာနေချင်သည်ဆိုသဖြင့် ကောလိပ်ကျောင်းအဆောင်သို့ ပြောင်းရွှေ့ပြီး နေထိုင်စေ၏။

ဘိုးစံသည် လောင်းကစားခြင်းပြုလုပ်ပြီး မိမိရှာဖွေထားသော ငွေကြေးဥစ္စာများကို အများအကျိုးအတွက် လှူဒါန်းခွင့်ရသဖြင့် သွန်စွာ ကျေနပ်ပီတိဖြစ်နေမိ၏။

မဏ္ဍလေးဘဏ်၌ အပ်နှံထားသော ငွေများကို အကျိုးရှိရှိ ခွဲဝေလှူဒါန်းခဲ့ရာ တဖြည်းဖြည်း ငွေများ နည်းပါးလာ၏။

ဘိုးစံသည် မြန်မာပြည်အနှံ့သို့ မိမိကိုယ်တိုင်ခရီးထွက်၍ ဒုက္ခအပ်သည့်ဒေသ၌ ခွဲဝေလှူဒါန်းခဲ့သည်။ ထိုသို့လှူဒါန်းရာ၌ မိမိ၏ အလှူသည် ရေများရာ မိုးရွာသော အလှူမျိုးမဖြစ်စေရန် အထူး





သတိထားလေ၏။

ဘိုးစံသည် နှစ်စဉ် အညာဒေသရှိရွာများသို့ ရေတွင်းများ လှည့်လည်တူးပေး၏။ မရှိဆင်းရဲသားများအတွက် ဆေးဝါးများ လှူဒါန်း၏။

သို့သော် ထိုသို့လှူဒါန်းရာတွင် အမည်မသိ လူတစ်ဦး အနေဖြင့်သာ လှူဒါန်းလေ၏။ မိမိသည် ရန်ကုန်မြို့ရှိ သူဌေးကြီး တစ်ဦး၏ကိုယ်စား လာရောက်လှူဒါန်းပေးခြင်းဖြစ်ကြောင်း လူအများကို ပြောလေ၏။

◉ ◉ ◉



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ဘိုးစံသည် အလှူဒါနများပြုလုပ်ပြီး မိုးရာသီသို့ ဝင်ရောက်လာသဖြင့် ရန်ကုန်မြို့သို့ ပြန်ခဲ့၏။

သူ၏ခမ်းနားကြီးကျယ်သော အိမ်ကြီးသို့ရောက်သောအခါ ခြံစောင့်မရှိဘဲ တံခါးကို စေ့ရုံသာစေ့ထားကြောင်း တွေ့ရ၏။

ခြံစောင့်ကုလား ဘယ်အရပ်သို့ ရောက်ရှိနေသည် မသိ။ ဘိုးစံ အိမ်ထဲသို့ဝင်ရောက်သောအခါ ထမင်းချက်မိန်းမကြီးကိုလည်း မမြင်ရဘဲ ခတ်စက်သီချင်းသံသဲ့သဲ့ ကြား၏။





ဘိုးစံသည် မမြနွယ် ဝမ်းသာသွားစေရန် အသံမပြုဘဲ အခန်းထဲဝင်ရန်ကြံ၏။ ဘိုးစံသည် အခန်းတံခါးဖွင့်လိုက်သောအခါ ခုတင်ပေါ်၌ ကပိုကရို လဲလျောင်းနေသော မမြနွယ်ကို မြင်ရ၏။

မမြနွယ်သည် အခန်းတံခါးကို ကျောပေး၍ ဘေးတစောင်း အိပ်နေ၏။ ဘိုးစံသည် မမြနွယ်ဟု အသံပြုရန် ကြံလိုက်၏။

ထိုအခိုက်မှာပင် အိပ်ခန်းနှင့်တွဲလျက်ရှိသော ရေချိုးခန်းမှ ယောက်ျားတစ်ယောက်၏ သီချင်းသံကို ကြားလိုက်ရသဖြင့် ဘိုးစံသည် နွေခေါင်ခေါင် မိုးကြိုးပစ်သကဲ့သို့ ခံစားလိုက်ရ၏။

ထိုယောက်ျား၏အသံကို မိမိ ကောင်းစွာသိ၏။ ထိုအသံသည် မိမိ ကျွေးမွေးပြုစုထားသော မောင်ဘတင့်၏အသံဖြစ်၏။

မမြနွယ်သည် ကပိုကရိုလဲလျောင်းနေရာမှ

" မောင်လေး ရေမြန်မြန်ချိုးလေကွယ်၊ မမ စောင့်နေတာကြာလှပြီ "

ဟု အော်ဟစ်ခေါ်ဝေါ်လေ၏။

ထိုအချိန်၌ ဘိုးစံ၏ရင်ထဲတွင် နွေတစ်ရာနှယ် ပူပြင်း...



www.burmeseclassic.com

ရုပ်ဆိုးအကျည်းတန်လွန်းသော မောင်ဘတင့်ကို အမုန်းကြီး မုန်းသည်ဆိုသော မမြနွယ်သည် အဘယ်ကြောင့် အပြောင်းလဲကြီး ပြောင်းလဲသွားလေသနည်း။

မိမိ၌ ကာမပိုင်ယောက်ျားရှိနေသည်ကို မေ့နေပြီလော့။

မောင်ဘတင့်လိုလူကလည်း ကျေးဇူးရှင်၏မျက်နှာကိုမှ မထောက် စော်ကားရက်လေ၏။ မောင်ဘတင့်၏ ရိုးဖြောင့်မှုများ ဘယ်ရောက်သွားလေသနည်း။

ထိုအခိုက်မှာပင် မမြနွယ်သည် စောင်ကိုပတ်၍ ခုတင်ပေါ်မှ ဆင်းကာ ရေချိုးခန်းထဲသို့ ဝင်သွားလေ၏။ ရေချိုးခန်းထဲမှ ကလူကျီစယ်သံများကို ကြားရ၏။

ဘိုးစံသည် ရေချိုးခန်းကို အကြည့်ရောက်သွားပြီး ယောင် ယမ်း၍ မျက်လုံးများကို စုံမှိတ်လိုက်၏။ သူသည် မျက်စိဖြင့် မကြည့်ဘဲ မြင်နိုင်စွမ်းရှိသူ မဟုတ်ပါလား။

ရေချိုးခန်းထဲက အဖြစ်အပျက်များကို မြင်နေရ၏။ မောင် ဘတင့်နှင့် မမြနွယ်တို့သည် အဝတ်အစားဗလာကျင်း၍ ရေချိုးစိမ်





ကန်ကြီးထဲ၌ ရှိနေ၏။ မောင်ဘတင့်သည် မမြနွယ်၏ တစ်ကိုယ်လုံး နေရာလပ်မကျန် နမ်းရှုံ၍ ရေချိုးကန်ထဲသို့ တွန်းလှဲလိုက်၏။

ဘိုးစံသည် သစ္စာမဲ့သော လူနှစ်ယောက်ကြောင့် သွေးများ ဆူပွက်လာ၏။ ထိုသူနှစ်ယောက်ကို အပြစ်ဒဏ်ခတ်ရမည်လော။

ဘိုးစံသည် ခဏကြာအောင် မင်သက်နေပြီးမှ ခေါင်းကိုခါ ယမ်း၍

" သူတို့ကို တိရစ္ဆာန်စိတ်မျိုး ငါ မထားသင့်ပါဘူး၊ ငါ့ဘဝရဲ့ ပြည်ဖုံးကားအဟောင်းကိုပိတ်ပြီး ပြည်ဖုံးကားအသစ်ဖွင့်ဖို့ အချိန်တန်ပြီ၊ တကယ်တော့ ဘာတစ်ခုမှ အမြဲမရှိ၊ မသေချာ၊ မရေရာခြင်း သဘောတွေပါပဲ၊ မမြနွယ်ဟာ မောင်ဘတင့်ကို အကျည်းတန်လို့ အမုန်းကြီးမုန်းတယ်ဆိုပေမဲ့ အမြဲတမ်း မမုန်းနိုင်ပါဘူး၊ အမြဲတမ်း လည်း မချစ်နိုင်ပါဘူး၊ အရာအားလုံးဟာ ရေပွက်ပမာ ပြောင်းလဲနေ တာပဲ၊ ဒီသဘောတရားတွေကို ငါ သေသေချာချာ သိပြီးပါပြီ၊ ဒီတော့ ငါ ဘာလုပ်ရမှာလဲ "

ဘိုးစံသည် မိမိလုပ်ကိုင်ရမည့်အရာကို တွေးတောသွားပြီး

www.burmeseclassic.com



အိမ်ခန်းထဲသို့ဝင်၍ မတ္တရင့်ဘဏ်၏ဘဏ်စာအုပ်ကို ယူလိုက်၏။ ပြီးနောက် အိမ်ပေါ်မှ မည်သူမျှမသိအောင် တိတ်တဆိတ် ပြန်ထွက်ခဲ့လေ၏။

ဘိုးစံသည် ခြံအပြင်သို့ရောက်သောအခါ ကြီးကျယ်ခမ်းနားသော အိမ်ကြီးကို တစ်ချက်ငဲ့စောင်းကြည့်လိုက်ပြီး

" ဘာကိုမှ မက်မောစရာမရှိတော့ပါဘူး၊ ရေပွက်ပမာ"

ဟု တီးတိုးရေရွတ်ရင်း ကျောခိုင်းထွက်ခွာလာခဲ့လေတော့၏။

◉ ◉ ◉





ဘိုးစံသည် မတ္တရင့်ဘဏ်မှ ငွေများအားလုံးကိုထုတ်၍ မြန်မာပြည်အရပ်ရပ်သို့ လှည့်လည်လှူဒါန်းခဲ့လေ၏။

ထိုသို့လှူဒါန်းပြီး သူ၏လက်ထဲ တစ်ပြားတစ်ချပ်မှ မကျန်တော့သောအခါ မွန်ပြည်နယ် ကေလာသတောင်၌ တောကျောင်းလေး ဆောက်၍ ရဟန်းပြုကာ တစ်ပါးတည်း သီတင်းသုံးနေလေ၏။

ဘိုးစံသည် ထိုအချိန်မှစ၍ ပြီးပြည့်စုံဆုံး ငြိမ်းချမ်းမှုကို ရရှိခဲ့လေ၏။

ဘိုးစံ ရဟန်းပြုသောအချိန်၌ ရန်ကုန်မြို့၊ ဗဟန်း ကြားတောရလမ်းရှိ ဘိုးစံ၏အိမ်ကြီး၌ ကြောက်မက်ဖွယ် အဖြစ်ဆိုးကြီး ဖြစ်ခဲ



www.burmeseclassic.com

www.burmeseclassic.com



ကြုံတွေ့ရလေ၏။

ထိုအဖြစ်ဆိုးကြီးသည် အံ့သြဖွယ်အလွန်ကောင်းသော တိုက်ဆိုင်မှုကြီးလည်း ဖြစ်၏။ ဘိုးစံတစ်ယောက် မှန်ပြည်နယ်၊ ကေလာသတောင်၌ ရဟန်း ပြုလိုက်သောအချိန်မှာပင် တိုက်တိုက်ဆိုင်ဆိုင် ဘိုးစံ၏ ဘဝမှတ်တမ်းများရေးသားပြီး ထည့်သွင်းထားသော ထင်းရှူးသေတ္တာကြီးသည် အလိုအလျောက် မီးတောက်လောင်လေ၏။

ထိုမီးလောင်မှုကြီးသည် အလွန်ပြင်းထန်လွန်းသဖြင့် အိပ်ခန်းထဲ၌ အချစ်နလန်ထနေသော မောင်ဘတင်နှင့် မမြနွယ်လည်း လွတ်မြောက်ခြင်း မရှိခဲ့ချေ။

ပြည်ဖုံးကားအဟောင်းကိုပိတ်ပြီး ပြည်ဖုံးကားအသစ်ကို ဖွင့်လိုက်သော ဘိုးစံသည် ထိုအဖြစ်ဆိုးများကို မသိရှာပေ။

သိရန်လည်း မကြိုးစားတော့ချေ။

အရာအားလုံးပြီးဆုံးသွားချေပြီ

ဘာကိုမှမသိသော

မင်းမြတ်သူရ



BURMESE CLASSIC .com

www.burmeseclassic.com